www.burmeseclassic.com

# ဂျူး

# မြောက်လေပြည် မသွေးခင်က



GRAPHIC DESIGN
THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖျူး စာပေ)
အမှတ်-၅၂၀(က)၊ အင်း၀(၄)လမ်း။
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဦးကျင်ရင် (မြ-၁၀၀၉၈) (ရွှေခြေသေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၉၊ ၃၁လမ်း။ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း
၂၀၁၅ ခုနှစ်၊ ဇွန်လ။
အုပ်ရေ
၅၀၀ အုပ်
တန်ဖိုး
၁၀၀ ကျပ်
ဖြန့်ချိရေး
ပိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း။
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၇၊ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃
သျှိ
မြောက်လေပြည် မသွေးခင်က
ဖျူးစာပေ၊ ၂၀၁၅။
၂၀၈ - စာ၊ ၁၂ × ၁၈ စင်တီ။
(၁) မြောက်လေပြည် မသွေးခင်က

အခန်း (၁)

<u>တော်ဝင်ပန်းအမျိုးသမီးအဆောင်</u>

"မမဖြူ အခန်းထဲမှာလား"

"မေလား ... "

"ဟုတ်တယ် ... မမဖြူ"

"ဝင်လာလေကွယ် ... ဘာလုပ်နေတာလဲ"

"ဟင့်အင်း ... ဒီမှာ လက်ဖက်သုပ်ဝယ်လာလို့ ထည့်နေတယ် ... "

"အင်း ... "

မေက လက်ဖက်သုပ် ပန်းကန်လေးကိုင်ကာ ဝင်လာပြီး သူ့ ခုတင်ပေါ်ထိုင်လိုက်သည်။ အခန်းတစ်ခန်းထဲ နှစ်ယောက်သာ နေခွင့်ရှိသဖြင့် ဒီအဆောင်ကို မေ သဘောကျသည်။ တနယ်



www.burmeseclassic.com

www.burmeseclassic.com



တကျေးမှ ကျောင်းလာတတ်ခြင်းတော့ မဟုတ်ပါ။ ဒီမြို့မှာမွေး ဒီမြို့မှာ ကြီးပြင်းလာပြီး ကိုယ့်အိမ်ကိုယ့်ရာကနေ ကျောင်းမတက်တာကတော့ တခြားကြောင့် မဟုတ်ပါ … First year ရောက်မှ မေမေက နောက်အိမ်ထောင်ပြုလိုက်သဖြင့် မေ တစ်ယောက် ကြေကွဲခဲ့ရသည်။ မေမေနဲ့ မေတို့နှစ်ယောက်ဘဝထဲ ဝင်လာသော ဦးသန့်ခင်ကိုလည်း ကြည့်မရ … အခန်းထဲ အတူနေ စံပယ်ဖြူလို့ခေါ်တဲ့ မမဖြူတစ်ယောက်က သဘောကောင်းသည်။ ခင်ဖို့လည်း ကောင်းသည်။ မြစ်ကြီးနားမှ ရန်ကုန်သို့ ကျောင်းလာတတ်ခြင်းဖြစ်ပြီး မေ့ထက်အရင် ကြိုရောက်နှင့်သူဖြစ်သည်။ မမဖြူက နောက်ဆုံးနှစ် သချာ်အဓိက ယူထားသူဖြစ်ပြီး မေကတော့ အင်္ဂလိပ်စာအဓိက ယူထားပြီး ဒုတိယနှစ် တက်နေခြင်းဖြစ်သည်။ တခါတလေ ကျောင်းကိုတူတူ သွားသည့်အခါ ရှိသလို မမဖြူက အရင်သွားနှင့်တာလည်းရှိသည်။ များသောအားဖြင့်တော့ မေနှင့်အတူ မသွားဖြစ်ခဲ့။ မေက အိပ်ပုတ်ကြီးသည်။ ညဘက်ဆိုလည်း စာလုပ်စရာမရှိလျှင်တောင် မအိပ်သေးဘဲ မမဖြူနှင့် စကားပြော မုန့်စားနှင့်လည်းနေတတ်သေးသည်။ အခုလည်း မေတစ်ယောက် ကျောင်းက အပြန် လက်ဖက်သုပ်ဝယ်လာပြန်သည်။

"စောလှချည်လား မေ … "





"အင်း … ဒီနေ့ ကျူတိုရီရယ် မရှိဘူးလေ"

"လက်ဖက်တွေချည်း လိမ့်စားနေတယ် ဗိုက်နာမယ်နော်"

"နာလည်း စားမှာပဲ မေက လက်ဖက်သုပ်သိပ်ကြိုက်"

"ထမင်းနဲ့ စားပါလား … မေရယ်"

"ဟင့်အင်း … ညနေကျမှ မမဖြူနဲ့ အပြင်မှာ သွားစားမယ်လေ … "

"သဘောပါ … သဘောပါ"

စံပယ်ဖြူက စားပွဲပေါ်မှ တွက်လက်စ သချာ်စာအုပ်ကို ပိတ်လိုက်ပြီး မေ လှမ်းပေးသော လက်ဖက်သုပ် ပန်းကန်ကိုယူကာ တစ်ဇွန်းစားလိုက်သည်။

"မမဖြူ မနေ့က အကြောင်းဆက်ပြောဦးလေ"

"ဘာအကြောင်းလဲ မေရဲ့ … "

"မမဖြူရဲ့ အချစ်တုံးကြီး တိုးတိုး အကြောင်းလေ"

"အယ် … မေကလည်း မိုးမိုးပါ မျက်မှန်နဲ့ မိုးမိုးလို့ ဒီက ခေါ်တာ … ဘာမှန်းလည်း မသိဘူး … ဘာတိုးတိုးလဲ … "

"ဟာဟ … ရည်းစားဟောင်းကြီးကိုများ … အထိမခံ ရွှေပန်းကန်လုပ်သေး … မမဖြူပြောသလိုဆို အဲဒီ ကိုမိုးမိုးက စိတ်ခတ်ပျော့ညံ့လို့ မိတ်ကပ်တိုးတိုးလို့ တမင်ရွဲ့ပြောတာ … "



www.burmeseclassic.com

www.burmeseclassic.com



"ဟဟ ... သူများကိုတော့ ပြောတယ် ... သူ့ မာနအိုးလေး ကျတော့ ... ဟွန်း ... "

"အံ့မယ် ... မေ့ရဲ့ ချစ်သူလေးက မာနကြီးတာက ကြီးတာပဲ ... မမဖြူရဲ့ မိုးမိုးလို စိတ်ဓာတ်မပျော့ဘူးနော် ... နော်"

"ကဲပါ ... ထားပါတော့ ဖြူပဲ အရှုံးပေးပါတယ်"

"ဟဲ ဟဲ ... အဲလိုမှပေါ့ ... မနေ့က အကြောင်းဆက်ပြောပါဆို ... "

"ဘယ်ထိရောက်သွားပြီလဲ ... "

"အမ်း ... ဘယ်ထိရောက်သွားပြီလဲဆိုတော့ ... ဟိုဟာလေ မမဖြူနဲ့ သူနဲ့ တစ်ခန်းထဲဆိုတာလေ ... "

"သြော် ... သိပြီ ... ဒီလိုမေရေ ... ဖြူနဲ့ မိုးမိုးနဲ့က ဖြစ်ချင်တော့ ဒီတက္ကသိုလ်မှာ တစ်ခန်းထဲ သွားကျရော ... "

"အင်း ... "

"သူက ဖြူကို ရည်းစားစကား ပြောတယ်ဆိုပါတော့ကွယ်"

"ဟာ ... မမဖြူက ကျော်တယ်"

"အသေးစိတ်တော့ မမှတ်မိတော့ဘူးလေ မေရယ် ... "

"ကဲ ... ထားပါ ... ဆက်ပြောပါဦး"

"ဖြူနဲ့ သူနဲ့ ရည်းစားဖြစ်ရော ဆိုပါတော့"





"အင်း ... မြန်ပ့ါ"

စံပယ်ဖြူက ခပ်ပါးပါးလေးရယ်လျှက် ...

"First Year ပြီးလို့ မြစ်ကြီးနားကို ဖြူက ခဏပြန်သွားတယ်လေ ... သူ့ကို ဆက်သွယ်လို့ရအောင် ဖုန်းနံပါတ်ပေးခဲ့တယ်"

"ခဏ ... ခဏ ဆက်ရောလား"

"အစကတော့ ဆက်တယ် ... နောက်ပိုင်းတော့ မဆက်တော့ဘူး ... "

"ဟင် ... ဘာလို့လဲ ... "

"အဲဒါတော့ ဖြူလည်း မသိဘူး ... Second Year တက်တော့ သူနဲ့ စကားအပြောအဆို စိမ်းသွားတယ် ... "

"ဘာကြောင့်လဲ ... "

"ဖြူလည်း မသိဘူးလေ ... သူ့ဘက်က ဖြစ်နေတာ ... ဖြူက အရင်တိုင်းပဲ ... "

"အင်း ... အဲဒါနဲ့ ... "

"နောက်တော့ နှစ်ဦးသဘောတူ လမ်းခွဲလိုက်ကြရော"

"ဟင် ... မမဖြူတို့ ဇာတ်လမ်းကြီးကလည်း မမဖြူစိတ်ထဲ ဘယ်လိုခံစားရသလဲဟင် ... အခုရော အရင်လိုပဲ အနာပေါ်တုတ်ကျသလို ခံစားနေရလား ... "



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့က ဆိုင်မှ မဆိုင်တော့ပဲ မေရယ် … "

"ဒါပေမဲ့ … မြင်နေတွေ့နေရမှာပေါ့ … "

"အင်း … မြင်လည်း မြင်နေရတယ် … တွေ့လည်းတွေ့နေရတယ် … "

"မမဖြူ သူ့ကို စိတ်နာလား … "

"နည်းနည်းပေါ့ … "

"ခု သူ့အကြောင်းပြောနေရင်ကော စိတ်ထဲက ဘယ်လိုခံစားရလဲ … "

"သူ့အကြောင်းပြောရရင် စိတ်နာတယ် … မပြောချင်ပေမဲ့ဘာလို့ ပြောနေမိလဲ မသိဘူး မေရယ် … ဖြူတော့ တကယ်ပဲစိတ်လေပါတယ် … ဖြစ်နိုင်ရင် နှလုံးသားတစ်ခုလုံး ဖောက်ပြီးသူ့ကို ပေးပစ်လိုက်ချင်ရဲ့ မခံစားချင်တော့ဘူး … "

"ဟာဟ … မမဖြူ ခံစားချက်က Rap သီချင်းတွေ ထက်တောင် လန်းနေတယ် … "

"လန်းမှပဲ မေရေ … ယောကျ်ားဆို ဘယ်ယောကျ်ားကမှ သစ္စာမရှိကြဘူး … သူတို့ကပဲ သစ္စာမရှိတာလား … ဖြူကပဲ အချစ်ကံမကောင်းတာလား … မပြောတတ်တော့ဘူး … ယောကျ်ားတွေက မိန်းမတစ်ယောက်နဲ့ တစ်ယောက်အပေါ် ထပ်တူညီတဲ့





စိတ်နဲ့ ဆက်ဆံတာ မဟုတ်ဘူး … မေရဲ့ … ဖြူတို့ မိန်းကလေးတွေကသာ ယောကျ်ားအားလုံးကို တူညီတယ်ထင်နေကြတာ … မယုံရင် ဖြူချစ်သူနဲ့ မေ ကြိုက်ကြည့်ပါလား … ဖြူ့အပေါ် နိုင်ခဲ့သလောက် မေ့အပေါ်မှာ အရှုံးပေးမှာ … ယောကျ်ားဆိုတာ ဒီလိုပါပဲ … သူတို့က မိန်းမတွေကို မုန့်တစ်ထုပ်လို … မရမက ဝယ်ဟော ရလည်းရရော … အိတ်ခွံလို သဘောထား အတွင်းက အချစ်ကိုစားပြီး လွှင့်ပစ်ကြတာပဲ … မဟုတ်လား ဖြူလည်း အိတ်ခွံလေးတစ်ခုပဲ … "

"မမဖြူကလည်း ယောကျ်ားတိုင်းတော့လည်း မဟုတ်ပါဘူး မေ့ရဲ့ ချစ်သူလေးဆို မေ့ကို ချစ်တာမှ တုန်လို့ ဒီမှာတွေ့လား … ဒီပန်းစည်းတွေ ဒီအရုပ်တွေက မေ့ရဲ့ ချစ်သူလေးပေးတာပေါ့"

မေက စံပယ်ဖြူကို အရုပ်နှင့် ပန်းစည်းများထုတ်ကာ ပြပြီးကြွားသည်။ စံပယ်ဖြူက ခုတင်ပေါ်လဲလိုက်ကာ …

"အင်း … ဒါဆို မေက ကံကောင်းတာပေါ့ … "

"အင်းပေါ့ … အဲလိုပဲ ပြောရမယ်ထင်တယ် … "

"မာနကြီးတဲ့ သူတစ်ယောက်ရဲ့ ချစ်သူလုပ်နေရတာ မကြောက်ဘူးလား … "

"ဟင် … မမဖြူကလဲ ဘာကြောက်စရာရှိလို့လဲ … အစွယ်



www.burmeseclassic.com

www.burmeseclassic.com



ပါတာမှ မဟုတ်တာ ... ”

“အစွယ်ပါရင်တောင် ... ရှောင်လို့ ရတယ် မေရဲ့ ... မာနကြီး တဲ့လူကို အချစ်ကြီးတဲ့ လူတို့ဆိုတာ ကြောက်ဖို့ကောင်းတယ်”

“ကြောက်ဖို့ မကောင်းပါဘူး ... ချောပြီး ချစ်စရာကောင်းတာ ... ”

“မေ့မှာ ဓာတ်ပုံရှိရင် ပြပါလား ကြည့်ချင်လို့ ... ”

“အင်း ... ”

မေက ပိုက်ဆံအိတ်ထဲမှ ဓာတ်ပုံတစ်ပုံကို ထုတ်ကာ စံပယ်ဖြူကို လှမ်းပေးသည်။ စံပယ်ဖြူက ကြည့်ရင်းပြုံးကာ ...

“အင်း ... မေပြောသလို မာနကြီးမဲ့ ရုပ်လေးပဲ ... အမြင်မှာတော့ မမြင်ဘူးသေးဘူး ... ဘယ်မေဂျာကလည်း မေနဲ့အသက်တူတူပဲလား ... ”

“အသက်ကတူတူပဲ ... သူလည်း Second year လေ Physic က ... ”

“သြော် ... မျက်ရည်ခံမဲ့လဲ ပါတယ်နော်”

“အင်း ... ”





“သတိသာထားတော့ ... ”

“ဟင် ... ဘာဖြစ်လို့လဲ”

“မျက်ရည်ခံမဲ့ပါတဲ့ လူတွေဆို သူတို့ယူလိုက်တဲ့ လူက သေတတ်တယ် ... ”

“အာ ... မမဖြူပြောမှပဲ မေက သူ့ကိုဖြတ်ရမလိုဖြစ်နေပြီ”

“ဖြူက မဖြတ်ခိုင်းပါဘူး ... မေရယ် သတိထားနေဖို့ ပြောတာပါ ... ဘာလဲ မေက သူနဲ့ယူမှာမို့လို့လား ... ”

“အင်းပေါ့ ... မမဖြူရဲ့ မိုးမိုးပုံကိုလဲ ပြလေ ... ”

“ဓာတ်ပုံမှ မရှိတာ ... ”

“ဟာ ... ကိုယ့်ချစ်သူပုံတောင် ကိုယ်မသိမ်းထားဘူးလား”

“ဓာတ်ပုံကို မရိုက်တတ်တာတဲ့လေ ... ”

“ဟင် ... မမဖြူ ဘဲကြီးကလည်း ရိုးလိုက်တာ”

“ရိုးတာတော့ ပြောမနေနဲ့ ... လက်ထိုးထည့်ရင်တောင် ကိုက်ဖို့ မပြောနဲ့ ... ”

“အဲဒါ ဘာကြီးလဲလို့ ... ပြန်မေးမဲ့လူ ... ”

“ဒါဆိုရင်တော့ ရိုးတာမဖြစ်နိုင်ဘူး ‘အ’ တာနေမှာ”

“အမလေး ... လူကြည့်တော့သာ မထင်ရတာ စိတ်ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဖြူလိုလူတောင် လိုက်မမီဘူး ... မေ တွေးသာကြည့်တော့ လူနေချုကြား စိတ်နေဘုံဖျားပေ့ါ ... အဟင်း အဲလိုလူစား သူက ... ”

“မမဖြူကလဲ သမီးရည်းစားနဲ့ အချစ်ဆိုတာကလေ ဂေါ်လီတစ်လုံးနဲ့ တစ်လုံးထိပြီး ကျင်းထဲဝင်သလိုမျိုးပဲ ... တစ်ယောက်နဲ့ တစ်ယောက်ထိမှ အချစ်ဖြစ်မှာပေ့ါ ... မမဖြူတို့ စုံတွဲကလည်း မမဖြူကလည်း တေမိကို ဘဲတော်ထားတယ် ... ဟိုတစ်ယောက်ကလည်း ကျောက်ရုပ်ကို ချစ်သူအဖြစ်တော်ထားတယ် ... တကယ်လည်း ရယ်စရာကောင်းတယ် ... ဟ ဟ ... ”

“အေးပါ ... ရယ်နေ ရယ်နေ ... သူတို့က လက်ရှိချစ်နေကြတဲ့ ချစ်သူတွေဆိုတော့လည်း ရယ်ပါ ... ”

“မမဖြူရယ် ... စတာပါ ... မေနဲ့ သူနဲ့က အဆင်ပြေပေမဲ့ သူ့ သူငယ်ချင်းနဲ့က မတည့်ဘူး ... ”

“သူ့ သူငယ်ချင်းနဲ့ မတည့်တာပဲ သူနဲ့မတည့်တာမှ မဟုတ်တာ ... ”

“မမဖြူ မသိလို့ ... မိုးထက်က သူ့ သူငယ်ချင်းကို သိပ်ချစ်တာ ... ဟို အသားမဲကောင်ကလည်း သူ့ကိုယ်သူထက်တောင် မိုးထက်ကို ချစ်သေး ... ”





“အဲဒါ ဘာဖြစ်လို့လဲ မေရဲ့ ... မေနဲ့ မိုးထက် အဆင်ပြေရင်ပြီးတာပဲဟာ ... ”

“အဆင်ကပြေလည်း အဲဒီကောင်က မေမရှိတဲ့အချိန်ဆို မိုးထက်ကို သွေးထိုးနေတာ ... ”

“အင်း ... အဲဒါဆိုရင်တော့ ကြောက်စရာကောင်းတယ် သူနဲ့ မေနဲ့က ဘာလို့ မတည့်ရတာလဲ ... ”

“မသိဘူး ... မေနဲ့ မိုးထက်ကို သူက သဘောမတူလို့တဲ့”

“ဖြစ်မှ ဖြစ်ရလေ ... သူ့မှာ ရည်းစားမရှိဘူးလား”

“သူ့လိုကောင်ကို ဘယ်သူကကြိုက်မှာလဲ ... လမ်းမကြုံလို့ လမ်းကြုံရင် မမဖြူကိုတောင် လက်ညှိုးထိုးပြီး ပြလိုက်ချင်သေး အသားကမဲမဲ နှာခေါင်းက ကောက်ကောက်ချွန်ချွန် ကြက်တူရွေးနဲ့တူတယ် ... မေက သူ့ကို nickname တောင် ပေးထားသေး ... ရွှေခဲလို့ ... ”

“အဟင်း ... ဟင်း”

မေ့စကားကို စံပယ်ဖြူက သဘောကျစွာ ရယ်လိုက်သည်။ မေက စံပယ်ဖြူရယ်မှ ပြောနေတဲ့စကားကို အားတက်သရော ဆက်ပြောသည်။

“ပြီးတော့ ... သူက မိုးထက်ကို ပြောလိုက်သေးတယ် ...



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဆိုတာ ကလိစရာတဲ့လေ ... ”

“ဟယ် ... ”

“အဲဒါတွေပြောတာပေါ့ ... မမဖြူပဲ စဉ်းစားကြည့် မေနဲ့ တည့်စရာလမ်းရော ရှိရဲ့လားလို့ ... ”

“အင်းပေါ့ ... အင်းပေါ့ ... သူကရော ဘယ်မေဂျာကလဲ”

“မိုးထက်နဲ့ အတူတူပဲ ... ”

“မိုးထက်ကို ပြောကြည့်ပါ ... ”

“ဘာပြောရမှာလဲ ... ”

“အဲဒီ ရွှေခဲနဲ့ သိပ်မတွဲနဲ့လို့ ... ”

“အမလေး မပြောရဲပါဘူး ... သူ့မယား ရွှေခဲကိုထိရင် မေ့ကို တောင်ထုလိုက်ဦးမယ် သူတို့နှစ်ယောက်က မယားညီအစ်ကို နှမ ပေးယောက်ဖ လင်မယားလိုနေတဲ့သူတွေ ... ”

“တော်ပါတော့ ... မေရယ် ရယ်ရလွန်းလို့ ဗိုက်တောင်နာ နေပြီ ... ”

“ဟုတ်တယ် ... ဒီက သူ့ကိုချစ်နေလို့သာ သည်းခံနေရတာ”

“ကဲ ... ကဲ အဲဒါတွေထားဦး ထမင်းသွားဝယ်မယ် ... ”

“အင်း ... ”





မေက ခုတင်ပေါ်မှ လူးလိမ့်ထကာ စံပယ်ဖြူလက်ကို ကိုင်ပြီး ထွက်လာတော့သည်။

မေတွေ့သွားမှ ချစ်စရာစကားဆိုတာ ဖြစ်တည်လာမှာ မဟုတ်လား ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

**အရှေ့ကန်တင်း**

"မေ ... ဘယ်တွေ လျှောက်ကြည့်နေတာလဲ စားလေ"

"စားချင်ဘူး ... ကိုရာ"

"ဟင် ... မှာတုန်းကတော့ မှာပြီးတော့ ... "

"ခုနကတော့ စားချင်တယ် ... ခု စားချင်စိတ် မရှိတော့ဘူး"

"ဘာလို့လဲ မေရဲ့ ... "

"မသိဘူး ... စိတ်ယဲ အော်ဂလီဆန်တယ် ... အတန်းသွား တက်လိုက်ဦးမယ်"

မေက ကန်တင်းထဲမှ လွယ်အိတ်လွယ်ပြီး ထလာခဲ့သည်။ နေမင်းဦးရှိလို့ တမင်တကာ ပြောခဲ့ခြင်းဖြစ်သည်။ ဆတ်ဆတ်ထိ မခံ မိန်းမစိတ်ရှိတဲ့ နေမင်းဦးက ကန်တင်းမှ လိုက်ထွက်ကာ





မေ့လက်ကို လှမ်းဆွဲပြီး လက်ကို လွှတ်ချလိုက်သည်။

"ခဏနေဦး ... မင်း ဘယ်သူ့ကို ပြောသွားတာလဲ မေ ... ငါ့ကို စောင်းပြောတာလား ... "

"စောင်းပြောနေတာ မဟုတ်ဘူး ... ဒဲ့တိုးပြောနေတာလေ"

"နေစမ်းပါဦး ... ငါ့ကို ဒဲ့တိုးပြောရအောင် ငါက မင်းကို ဘာလုပ်နေလို့လဲ ... အော်ဂလီဆန်နေတယ်ဆိုတာ မင်းကိုယ်မင်း ဖြစ်မှာပေါ့ ... "

"သူငယ်ချင်းစုံတွဲကြား အုတ်တံတိုင်းလုပ်ပြီး ခြံခတ်ချင်နေတဲ့ နင့်ရဲ့စိတ်ဓာတ်ကမှ ရွံ့စရာကောင်းတာ နေမင်းဦး ... "

"အဟ ... သူကပဲ ပြောရတယ်ရှိသေး ... "

မေ 'တောက်' ခေါက်ပြီး ထွက်သွားသဖြင့် မိုးထက်နှင့် နေမင်းဦးတို့ ကျန်ခဲ့ပြီး နေမင်းဦးက ...

"တွေ့တယ်နော် ... မိုးထက် မင်းဆော် ချိုးသွားတဲ့ အချိုးက ဘာအထာလဲ ... သူ့ကိုယ်သူ Queen ဆိုပြီး မာန်တက်နေတယ် ငါ့အကြောင်းသိဦးမယ် ... နေတတ်သလို နေထားပေတော့"

"ဒါတော့ ... မင်းတဖက်သတ် အမြင်စောင်းနေပြီကွာ ... နေမင်းဦး သူငယ်ချင်း မင်းရဲ့အမြင်လေး နည်းနည်းပြင်ပေးပါလား၊ ဒါမှ ငါနဲ့ ထပ်တူကျမှာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ထပ်တူမကျရင်လဲနေ ... နေမင်းဦးဆိုတဲ့ ကောင်က ဘယ်သူလာဖောင်းဖောင်း ယောကျ်ားမိန်းမ မရွေးဘူး မင်းဆော်ဖြစ်နေလို့ ... ဒီခဲလုံးသာ မေ ဖြစ်ရင် သိပ်ကောင်းမယ် မင်းအနားကနေ အခုလိုပဲ ခပ်ဝေးဝေးကို ကန်ထည့်လိုက်မယ် သွားစမ်းကွာ ... "

နေမင်းဦးက ပြောပြောဆိုဆိုနှင့် ရှေ့မှ ခဲလေးကို ကန်ထည့်လိုက်သည်။ မိုးထက် လေပူတစ်ချက်ထုတ်ကာ နေမင်းဦးပခုံးကို ဖက်ရင်း အတန်းသွားတက်ရန် ထွက်လာခဲ့သည်။

မေတစ်ယောက် ဒေါသတွေက ခြေထောက်ကိုပဲ စုသွားလား မပြောတတ် ... ခြေလှမ်းတို့က ပြင်းထန်လာသည်။ ဘူမိအဆောင်မှ သူငယ်ချင်း သစ်သစ်ဆီသွားရန် ဆုံးဖြတ်လိုက်သည်။

ပါးစပ်မှလည်း ပွစိပွစိ ရွတ်ရင်း ရုတ်တရက် နောက်မှ လွယ်အိတ်ကို ဆွဲလိုက်သဖြင့် နောက်သို့ ယိုင်သွားသည်။ ထိုတော့မှ ရှေ့ကိုကြည့်မိသည်။ ဖယ်ရီကားနှင့် ကံသီလို့ တဲတဲလေး လွတ်သွားသည်။ နောက်ကို လှည့်ကြည့်တော့ ...

"ကားလာတာ မင်း ... မမြင်ဘူးလား"

"ရှင် ... "

မေ့လွယ်အိတ်ထဲကို လှမ်းဆွဲလိုက်သူက အသားညိုညို





အရပ်ရှည်ရှည် မျက်မှန်နက်တစ်လက်နှင့် ခပ်တည်တည် မျက်နှာပိုင်ရှင် တစ်ယောက်ဖြစ်သည်။

"ဟို ... မေ ... စဉ်းစားပြီးလာလို့ပါ ... "

"ကိစ္စရှိရင်လဲ ထိုင်စဉ်းစားပေါ့ ... အန္တရာယ်များတယ်"

သူကပြောပြီး ဘူမိဆောင်ထဲသို့ ဝင်သွားသည်။ မေ ကြည့်ရင်း သစ်သစ်ဆီသွားရန် သူ့နောက်မှ လိုက်လာခဲ့သည်။

"ဟို ... "

သူက လှည့်ကြည့်သည်။ မျက်မှန်ကိုပင့်ကာ ...

"ဘာပြောမလို့လဲ ... "

"ကျေးဇူးပါလို့ ... "

"အင်း ... ရပါတယ် ... အာလူးကြော်တစ်ထုပ်နဲ့ လူ့အသက်တချောင်းလဲရတာ တန်ပါတယ် ... "

မေက အပြင်ကိုလှမ်းကြည့်တော့ ခုနက နေရာမှာ ပြန့်ကျဲနေသော အာလူးကြော်တစ်ထုပ် ...

"ဟို ... အားနာစရာကြီး မေပြန်ဝယ်ပေးပါရစေ ... "

"ရပါတယ်ဆို ... "

"ဒါပေမဲ့ ... "

"သိပ်ကျေးချင်သပဲ့ဆိုလဲ ... အချိုတစ်ထုပ်ဝယ်လာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... "

မေက ချက်ချင်းဆိုသလို မျက်နှာလေးဝင်းသွားကာ အာလူးကြော်တစ်ထုပ်ကို ပြေးဝယ်လာခဲ့သည်။

"ဒီမှာ ... ရော့"

သူက မေပေးသော အာလူးကြော်ကို ယူလိုက်ပြီး ချက်ချင်းဆိုသလို ဖောက်လိုက်သည်။ ပြီးနောက် သူ့ဘေးမှ တစ်ယောက်ကို ကျွေးသည်။ သူ့ဘေးက တစ်ယောက်က ...

"ထိုင်လေ ... ညီမလေး Second year ကထင်တယ်"

မေဆွဲထားသော ကျောင်းသားကဒ်ကိုတွေ့ပြီး ပြောလိုက်သည်ထင်သည်။ မေက ခေါင်းညိတ်ကာ ...

"ဟုတ် ... ဒါ ဘူမိ Third Year ထင်တယ်"

"အင်း ... သူငယ်ချင်းရှိလို့လား"

"ဟင့်အင်း ... မေ့ သူငယ်ချင်းက Second Year က ... "

"သြော် ... "

"ဟို ... မေ လို့ခေါ်ပါတယ် ... "

"အင်း ... အစ်ကိုက ဇော်သီဟလို့ခေါ်တယ် ... သူက"

"ရှိန်း ... "

မေ သူ့ကို ကြည့်ရင်း ပြုံးပြကာ ...





"ဟုတ် ... သွားခွင့်ပြုပါဦးနော်"

"အင်း ... "

မေ ယောင်တောင်တောင်နှင့် လှည့်ထွက်လာခဲ့သည်။ အပြန် စပယ်ဖြူနှင့်တွေ့သဖြင့် အတူတူပြန်လာခဲ့သည်။ လမ်းတွင်

"ဟာ ... မမဖြူရေ သွားပြီ ... "

"ဘာဖြစ်လို့လဲ ... မေ"

"မေ့ ... စာအုပ် အတန်းထဲကျန်ခဲ့ပြီ"

"နက်ဖြန်မှ ယူပေါ့ မေရဲ့ ... "

"နက်ဖြန် အဲဒီဘာသာ ကျူတိုရီရယ်ရှိတယ် ... သွားယူလိုက်ဦးမယ်"

"ဒါဖြင့် ... ဖြူပါ လိုက်ခဲ့ရမလား ... "

"ရတယ် မမဖြူ ခုမှ ၂ နာရီခွဲရှိသေးတယ် ... မေ့လွယ်အိတ် ယူသွားပေးနော် ... "

"ဖြစ်ရဲ့လား မေ ... "

"ဖြစ်တယ် မမဖြူ"

"မြန်မြန်ပြန်လာနော် ... "

"ဟုတ် ... "

မေ တစ်ယောက် အဆောင်နားရောက်ခါနီးမှ ကျောင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြေးရပြန်သည်။ တော်သေးတာပေါ့ ... အဆောင်နဲ့အိမ်ကနီးလို့ အတန်းထဲမှာ စာအုပ်ကိုယူပြီးမှ သက်ပြင်းချရတော့သည်။ ၂ နာရီ ခွဲပြီဖြစ်သဖြင့် ကျောင်းထဲ၌ ကျောင်းသား သိပ်မရှိတော့ ... ခပ်သွက်သွက်လျှောက်ရင်း ရှေ့မှလူ၏ ဖိနပ်ကို တက်နင်းမိသည်။ ဖိနပ်က မပြတ်ပါ ... သို့သော်

"ဟ ... "

"အဲ ... ဆော ... ဆောရီးနော်"

"မင်းပဲလား ... ဘာတွေ စဉ်းစားပြန်ပြီလဲ ... "

ရှိန်းဆိုသည့် လူနှင့်ထပ်ဆုံပြန်သည်။ မေတစ်ယောက် ခေါင်းကုတ်ကာ ...

"ဟို ... စာအုပ်ကျန်ခဲ့လို့ လာပြန်ယူတာ နောက်ကျနေမှာစိုးလို့ မြန်မြန်လျှောက်ရင်း ... "

"လောလော ... လောလောမို့ တက်နင်းမိတာဆိုပါတော့"

"ဟုတ် ... "

"မင်းက ရှုပ်ပြာ ရှုပ်ပြာနဲ့နော်"

"မရှုပ်ပြာပါဘူး ... "

"မင်း ... ဘယ်လောက်ရှုပ်ပြာလဲဆိုတာ အခုပဲကြည့်လေ ဒီလောက်လမ်းအကျယ်ကြီးကိုမှ ... "





"မတော်လို့ပဲဟာ ... "

"အင်း ... မပြောပါဘူး ... အာလူးကြော်အတွက်ကျေးဇူးပဲ"

"အလကား ကျွေးတာမှ မဟုတ်ဘဲ ... မေ့ကို လှမ်းဆွဲလိုက်လို့ မေက ကံကောင်းသွားတာ အဲဒီအတွက် ... "

"ဟုတ်ပါပြီဗျာ ... ဟုတ်ပါပြီ ... "

"ရှိန်းနော် ... "

"ဟုတ်ပါတယ် ... ရှိန်းပါ"

"တစ်လုံးထဲလား နာမည်လား ... "

"ကိစ္စရှိလို့လား ... "

"ရှင် ... "

"သြော် ... ကိစ္စမရှိရင်တော့ တစ်လုံးပဲ မှတ်ထားလို့ ပြောမလို့ ... "

"အသက်က ... "

"၂၃"

"အမ်"

"ဘာဖြစ်တာလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"၂၃ ကို ခုမှ Final ဟုတ်လား"

"ဖော်သီဟာဆို ၂၅ နှစ်ရှိပြီ ... "

"အားပါး ... ဘယ်မှာနေတာလဲဟင်"

"ဒီနားတဝိုက်ပဲ ... မင်း တစ်ယောက်တည်းပြန်ရမှာ ဖြစ်ရဲ့လား ... လိုက်ပို့ပေးရမလား"

"ရတယ် မေက ... ဒီနားက အဆောင်မှာနေတာ"

"ဪ ... "

"ရှိန်းက မေ့ကို မေးလဲ မမေးဘူးနော်"

"ဘာမေးရမှာလဲ ... "

"ဘယ်မှာနေလဲ ... ဘာမေဂျာလဲ ... အသက်ဘယ်လောက်လဲ ... စသဖြင့်ပေါ့ ... "

"ကိုယ်က မစပ်စုတတ်ဘူး ... အတန်းထဲမှာတောင် စကားသိပ်မပြောဘူး ... မေ ပြောပြချင်လည်း ပြောပြလေ နားထောင်ပါတယ် ... "

"မေ့ အသက်က ၁၉ မေဂျာက အင်္ဂလိပ်စာ နေတာကတော့ ရန်ကုန်ထဲမှာပဲ ... "

"မှတ်ထားပါ့မယ်ဗျာ ... "





"နောက်နေ့မှ တွေ့မယ် ... သွားပြီနော် ... "

"အင်း ... "

"ဒါနဲ့ ... လမ်းမှာတွေ့ရင် မေ့ကိုခေါ်နော် ... ရှိန်း"

"အင်း ... "

မေက အဆောင်လမ်းထဲ ပြေးဝင်သွားသဖြင့် သူ ကြည့်မကြည့် မတွေ့ရပါ ... အဆောင်ရောက်သည်နှင့် စံပယ်ဖြူက ...

"ကြာလို့ စိတ်ပူနေတာ ... "

မေက ရှိန်းနဲ့တွေ့ခဲ့ပုံ အစအဆုံးကို ပြောပြသည်။ ရှိန်းနာမည်ကိုတော့ မပြောဖြစ်ခဲ့ပါ ... သေသေချာချာ သိမှ ပြောမည်ဟု စိတ်ထဲထားလိုက်သည်။ စံပယ်ဖြူက ...

"နာမည်က ဘယ်လိုခေါ်လဲ ... မေ ... "

"နာမည် မသိဘူး ... သေချာ မပြောခဲ့ဘူး ... "

"သိပ်မစပ်စုခဲ့ရဘူးဆိုတော့ ... "

"အင်း ... စကားပြောတာကြီးက တစ်မျိုးပဲ ... "

"ဟာ ဟ ... "

"ပြောချင်သလို မပြောချင်သလိုနဲ့လေ မင်းတစ်ယောက်ထဲ ပြန်ရမှာ ဖြစ်ရဲ့လားလိုက်ပို့ပေးရမလား ... "



www.burmeseclassic.com

www.burmeseclassic.com



မေက ရှိန်းပြောသလို အသံသြသြဖြင့် ပြောလိုက်သဖြင့် စံပယ်ဖြူ တစ်ယောက် သဘောကျစွာ ရယ်တော့သည်။

တစ်ခါတစ်ခါ အမှတ်တမဲ့ ဆိုတာမျိုးကနေ အမှတ်တရ လည်း ဖြစ်သွားတာမျိုး ... ။

အခန်း (၃)

အဆောင်(၁)

"မေ ... စိတ်မဆိုးပါနဲ့တော့ကွာ ... နော် ... နေမင်းဦး ကိုယ်စား ကိုယ်ကပဲ တောင်းပန်တယ်နော်"

မိုးထက်က မေ့ အခန်းထိလိုက်ကာ မေ့ကို လိုက်ချော့သည်။ မေက ...

"အေးပါ ... နေမင်းဦးဆိုတဲ့ အကောင်ကို မုန်းလိုက်တာ နင်နဲ့ငါကြား အဲလိုမျိုးတွေသာ ခဏခဏကြုံနေမယ်ဆို ... ကြာရင် ငါ ခေါင်းရှောင်မိလိမ့်မယ် ... နည်းနည်းတော့ သတိထား ... "

မေက "မိုးထက်"ကို နင်နဲ့ ငါ သုံးနှုန်းလိုက်သဖြင့် မေ စိတ်ဆိုးမပြေသေးမှန်း မိုးထက် သိသည်။

"စိတ်မဆိုးနဲ့တော့နော် ... နောက်တစ်ခါ မပြောရစေဘူး



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီလား ... ”

“သေချာလား ... ”

“သေချာတယ် ... ”

“ပြီးတာပဲ ... ဟွန့် ... ”

“အတန်းပြီးပြီလား ... ”

“မတက်ချင်တော့ဘူး ... လာ ကဲန်တင်းသွားမယ်”

“အင်း ... ”

“ဩော် ... ကဲန်တင်းမှာတော့ ဟိုအသားမဲ ရှိမနေပါဘူး နော် ... ”

“မရှိပါဘူး ... မေရယ်”

“ဒါဆို ပြီးတာပဲ ... အဲဒါမှ ပတ်ဝန်းကျင် သာယာမှာ”

“မမဖြူ ... ပျင်းလိုက်တာ အဆက်ပေါင်းအကြောင်း တစ်ကဲ ပြန်စပြီး ပြောပါဦးလား ... ”

“တော်ပါတော့ မေရယ် ... အဲဒီအကြောင်း ပြောပြနေတာ ဘယ်နှစ်ခါရှိနေပြီလဲ ... ”





“ဒါဖြင့် မေ ... မေးမယ် ဖြေမလား”

“ပြောကြည့်လေ ... ”

“အချစ်ဆိုတာ မမဖြူအတွက် ဘယ်လိုမျိုးလဲ နည်းနည်းလောက် ပြောပြပါလား ... ”

“မေ့အတွက်ရော ... ”

“စွန့်လွှတ်ခြင်းလို့ ထင်တယ် ... မမဖြူရော ... ”

“အချစ်ဆိုတာကို ဘယ်လိုအဓိပ္ပါယ်ဖွင့်ရမှန်းတောင် မသိတော့ဘူး ... အချစ်ဆိုတာ ရယူခြင်းလို့ပဲ ပြောရမှာပေါ့ ... ချစ်တယ်ဆိုပြီး တဖက်လူရဲ့ အချစ်ကိုယူတယ် ... ဟော ပြီးလည်းပြီးရော စွန့်ပစ်သွားကြပြန်ရော ... ကဲ အဲဒါ ဘာသဘောလဲ ... စွန့်လွှတ်တာပဲလား ... အဲဒါ မေပြောတဲ့ အချစ်လား ... ”

“မမဖြူကလည်း လူတွေအားလုံးကတော့ မမဖြူလိုတွေးမှာ မဟုတ်ဘူး ... လူတွေနဲ့ ကိုက်ညီအောင် တွေးပါလား ... ”

“အားလုံးတွေးသလို တွေးလို့ ဘယ်ဖြစ်မလဲ ... ညီမလေးရယ် ... ဖြူ့အတွေးတွေကလည်း သူ့လိုပဲ တစ်ယောက်ထဲ ထွင်တဲ့ အတွေးမျိုးပဲ ဖြစ်ချင်တယ် ... ”

“သူဆိုတာ ကိုမိုးမိုးကို ပြောတာလား ... ”

“အင်းပေါ့ ... ”



www.burmeseclassic.com

www.burmeseclassic.com



"အဲလူက ဂေါက်နေတာလား မမဖြူ … လူတွေ မတွေးတဲ့ အတွေးတွေ သူပဲ ကြံကြံဖန်ဖန်တွေးတယ် … "

"သူက အဲဒီတိုင်းပဲ … မာနတော့ မကြီးဘူး … စကားပြော ရင် ဘုဂလန့် … "

"ပွစာကြီးပေါ့ … ဟဟ … မေ့ရဲ့ချစ်သူလေးက သိပ်ပြီး မာနကြီးတာ … မိန်းမတစ်ယောက်ကို မတူသလို မတန်သလို ဆက်ဆံတာ … အဲ သူအတည်ဆက်ဆံရင်လည်း အဲဒီမိန်းကလေးက ရုပ်လှနေဖို့မလိုဘူး … အဟင်း မေက အဲဒီမိန်းကလေးတွေထဲမှာ အလှဆုံးပေါ့ … "

"ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြန်ပြီ … "

"ဟင် … မေက မလှလို့လား … "

"လှပါ့ရှင် … လှပါ့ … လှလို့လည်း Queen ပဲဟာ သူက ဘာလို့ မကြိုက်တော့တာလဲဟင် … "

"အချစ်ဆိုတာ ရုပ်လှတိုင်း ဖန်တီးပုံသွင်းလို့ရတဲ့ ဖယောင်းမှ မဟုတ်ဘဲ မေရယ် … ဖြူက မီးစာ သူက ဖယောင်း ဖြူနဲ့သူ တွေ့တော့ … သူ အရည်ပျော်ကျတယ် … ဒါပေမယ့် မီးစာကုန်သွားရင် ဖယောင်းက ဖယောင်းအဖြစ် ပြန်ကျန်ခဲ့တာလေ … အဲတော့ ပုံပြန်သွင်းပေါ့ … "





"ဟင် … တစ်မျိုးကြီးပဲ မေတော့ နားမလည်တော့ဘူး"

"တစ်နေ့တော့ နားလည်လာမှာပေါ့ မေရယ် … "

"အဲလိုနေ့မျိုးကော မေက ရောက်မှာမို့လို့လား … "

"အဟင်း … ဖြူတို့တုန်းကလည်း သူမှသူ သူကမှ ကိုယ့်ဘဝလို့ ထင်နေခဲ့တာ … တကယ်လဲ မဟုတ်ဘူး … စိတ်ကူးတယ် ဆိုတာ အတွေးတွေဖြန့်ကြည့်တာပဲလေ … တစ်ခါတစ်ခါ စိတ်ကူးနဲ့ တိုက်ဆိုင်ရင်တော့ ဖြစ်လာတတ်တာပဲ မဟုတ်လား … ချစ်သူဆိုတာ လင်မယားမှ မဟုတ်ဘဲ … လင်မယားကလည်း ချစ်သူဘဝက တက်လာဆိုပေမဲ့ ချစ်သူဖြစ်တိုင်း လင်မယားဖြစ်သွားကြတာမှ မဟုတ်ဘဲ … တသမတ်ထဲ သဘောထားရအောင် ဘဝက ထာဝရ ချောမွေ့နေတာမှ မဟုတ်တာ … "

"မသိဘူး … မေတို့ကတော့ ခရောင်းလမ်းလည်း လျှောက်မှာပဲ ဖယောင်းလမ်းလည်း လျှောက်မှာပဲ … ခုနေ မမဖြူကသာ သူ့အကြောင်းပြောပြီး တွေးနေတာနော် … သူကရော တွေးနေပါ့ မလား … "

"အဟင်း … သူ့ကိုယ်သူတောင် စိတ်ထဲထည့်မထားတတ်တာ … ဖြူကိုဆို စိတ်ထဲထည့်ဖို့က ဝေလာဝေးဖြစ်မှာ … "

"ဒါဆို မမဖြူနဲ့ သူနဲ့က သမီးရည်းစားဘဝထဲက အေးစက်



www.burmeseclassic.com

www.burmeseclassic.com



စက်ကြီးပေါ့နော် ... ”

“တစ်ခါတလေ ... သူက စိတ်ကို ဟိုးအဝေးကြီးလွှင့်ထားပုံ ရတယ် ... တစ်ခါခေါ်လည်းမကြား နှစ်ခါခေါ်လည်း မကြားနဲ့”

“အဲဒါနဲ့ ... ဘယ်လိုကြားအောင် လုပ်လိုက်လဲ ... ”

“ဆွဲဆိတ်လိုက်တာပေါ့ ... ”

“ဟာဟ ... စိတ်ဆိုးသွားလား ... ”

“သူ့ဟာသူ အားနားပါးနားနဲ့ စပ်ဖြီးဖြီးလုပ်ပြီး လူကို လာ နမ်းတယ်လေ ... ”

“နမ်းတယ် ... ဟာဟ ... ဘယ်နှစ်ခါနမ်းလဲ ... ”

“တစ်ခါပေါ့ ... မေရဲ့”

“ဒါဆို မမဖြူက ချစ်စရာကောင်းလို့ဖြစ်ရမယ်”

“ဟင် ... ဘာဆိုင်လို့လဲ”

“တစ်ခါနမ်းရင် ချစ်စရာကောင်းလို့ နမ်းတာ နှစ်ခါနမ်းရင် အဲဒါ ချစ်လို့ ... ဆယ်ခါလောက် နမ်းရင် ... တန်ဖိုးထားတာတဲ့ ဆယ်ခါမက နမ်းရင်တော့ တစ်ဘဝလုံးအတွက် နမ်းတာတဲ့ ... ”

“ဘယ်သူက ပြောလဲ ... ”

“မိုးထက် ပြောတာလေ ... ”

“မေ့ကိုရော ဘယ်နှစ်ခါ နမ်းလို့လဲ ... ”





“ဆယ်ခါ ... ”

“အမလေး ... ”

အနမ်းသံသရာ ရှည်သွားခဲ့ရင်ကော ဘဝကပို၍ ... ပို၍ ပျော် စရာကောင်းမှာလား ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

**ကျောင်းသား ဘူတာ**

"ဒီနေ့ ရထားနဲ့ပြန်မယ်ကွာနော် ... နေမင်းဦး"

"ပြန်ပေါ့ ... အဲဒါ ချောတာရေးပဲ ... "

"ရေလျှံချင်လည်း ဖြစ်တယ်နော် ... "

"ဘာလဲ ... ရေတွင်းထဲ ခုန်ချရမှာလား ... "

"ဘယ်ကလာ ... အပြန်ကဲန်တင်းမှာ မျိုးထူးထက်တို့ ဖဲရိုက်နေတယ် ... "

"အဲဒါ ဘာဖြစ်လဲ ... "

"မင်းကလဲ ... နည်းနည်းလောက် ဖြစ်ဖြစ်ပေါ့ကွာ ... ဝင်နိုင်လိုက်ရင် လျှံလာမှာပေါ့ ... "

"အေး ... သွားရအောင်ကွာ ... ပြန်ဖို့စောသေးတယ်"





"အိုကေ ... "

နေမင်းဦးနဲ့ မိုးထက်တို့ ပခုံးဖက်ကာ ဘူတာလမ်းမှ အပြင်ကန်တင်းသို့ ပြန်လျှောက်လာကြသည်။ နေမင်းဦးက ...

"ဘယ်ကန်တင်းမှာလဲ ... "

"ငါလည်း မသိဘူးလေ ... သွားရှာရမှာပေါ့ကွ ... "

"ဟေ့ကောင်တွေ ... "

"ဟာ ... မျိုးထူး ... မင်းတို့ မဝိုင်းဘူးလား ဒီနေ့ ... "

"ဝိုင်းတော့ ဝိုင်းမှာ ... ဒါပေမဲ့ အပြင်မှာဝိုင်းရင် ဆရာဖမ်းမှာစိုးလို့ ခေါင်ရှည်ဆိုင်မှာ သွားဝိုင်းကြမယ်လို့ ... "

"ကြိုက်တယ်ဟေ့ ... သောက်လိုက် ဆော့လိုက်နဲ့ဇိမ်ပဲ"

"ဒီနေ့ဝိုင်းက အစ်ကိုကြီးတွေနဲ့ကွ ... "

"လူသစ်တွေလား ... ဖြစ်ပါ့မလား ... လူလည်ကျဦးမယ်"

"သဘောကောင်းတယ်ကွ ... မနေ့ကထဲက ငါတို့ဝိုင်းပြီးသွားပြီ ... ဒီနေ့ ထပ်ဝိုင်းမှာ ... "

"အေးလေ ... ဒါဖြင့် သွားကြမယ် ... "

"မိုးထက် မင်းမှာ Money ပါလို့လား ... "

"၅ထောင်ပါတယ် ... မင်းရော ... "

"ငါ့မှာ ၃ ထောင်ပဲရှိတော့တယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"မျိုးထူး ... ငါ ၅ ထောင်ထုတ်မယ် ... အဆင်ပြေလား"

"အေးဆေးပါကွာ ... လာ ... "

မျိုးထူးထက်က ခေါင်ရည်ဆိုင်ခေါ်သွားသဖြင့် မိုးထက်နှင့် နေမင်းဦး လိုက်သွားသည်။ ဆိုင်ထဲတွင် လူစိမ်း သုံးယောက်နှင့် အတန်းထဲမှ EC လည်းရှိသည်။

"ဟော့ကောင်တွေ ထိုင် ... "

"ဒီမှာ ဝိုင်းလို့ဖြစ်ပါ့မလား ... "

"အေးဆေး ... ဆိုင်ရှင်ကို ငါချုပ်ပြီးပြီ ... မိတ်ဆက်ပေးမယ် ဒါ ကျွန်တော်တို့ မေဂျာက King မိုးထက် ... ဟိုဘက်က နေမင်းဦး"

"ဟော့ကောင်တွေ ... ဒီအစ်ကိုတွေ မနေ့က ငါတို့နဲ့ဝိုင်းပြီးပြီ ... သူက ကိုဇော်သီဟ ဘူမိက ... ဒီအစ်ကိုက ကိုနိုင်လင်း သူတို့နှစ်ယောက်ပဲ ပါမှာ ... ဟိုအစ်ကိုက အဖော်လိုက်လာတာ ကိုရှိန်းတဲ့ ... "

"ဟုတ် ... ကျွန်တော်တို့ ရှုံးရင်လည်း ပိုက်ဆံချေးနော်"

"ညီကလည်း အစ်ကိုတို့လည်း မဆော့တတ်ပါဘူးကွ"

"ဟို ... ကိုရှိန်းကရော ဝင်ဆော့ပါလား ... "

"နေပါစေ ... ကိုယ် မဆော့တတ်ဘူး ... ဒီကောင်တွေ ခေါ်လို့ ပါလာတာ ... "





"ကဲ ... ဒါဖြင့် စမယ်ဗျာ ... "

"အေး ... "

"မိုးထက် ... ဘယ်လောက်နိုင်လဲ ... "

"ခြောက်ထောင် ... မင်းရော"

"ပြောင်ပြီ ... မင်း ထန်းရည်ဝယ်တိုက်ရမယ် ... "

"သောက်ပါ ... စပွန်ဆာ လုပ်မယ် ... အစ်ကိုတို့လည်း သောက်ရမယ်နော် ... "

"သောက်မှာပေါ့ ... ရှုံးထားတာပဲ ... ငါးမရ ရေချိုးပြန်မှာ ဟား ဟား ... "

"ငါ မသောက်တော့ဘူး ... "

"ဘာဖြစ်လို့ ကိုရှိန်းရ ... မေမေဆူမှာ စိုးလို့လား ... ချစ်ချစ် တွေ့မှာ စိုးလို့လား ... "

"မဟုတ်ပါဘူး ... "

"မဟုတ်ရင် သောက်ရမယ် ... "

"အေးလေ ... မင်း ဝင်လဲ မဆော့ပဲနဲ့ ... ဒါတော့ သောက်



www.burmeseclassic.com

www.burmeseclassic.com



ရမယ် ... EC နဲ့ မျိုးထူးရော ... "

"ပြန်သွားကြပြီ ... "

"ဟုတ်လား ... အစ်ကိုတို့ ဘော်ဒါတစ်ယောက်ရော"

"နိုင်လင်းက ပွဲမပြီးခင်ထဲက ပြန်သွားတာ ... "

မိုးထက်က ထန်းရည်အိုးကြီးတစ်အိုးနှင့် အမြည်းကိုမှာလိုက်သည်။

"အားရပါးရ သောက်နော် ... "

အားနာပါးနာနှင့် ဝိုင်းသောက်ပေးကြရတော့သည်။ နေမင်းဦးကတော့ ဖျာပေါ်ကွေးနေအောင် မူးသွားသည်။ မမူးတာက ဇော်သီဟ၊ ရှိန်းနဲ့ မိုးထက်ပါ ... သိပ်မကြာလိုက် ဇော်သီဟလည်း မှောက်သွားသည်။

"အစ်ကို ဘယ်လိုပြန်ကြမလဲ ... "

"သူတို့ နိုးမှပဲ ပြန်ကြမယ်လေ ... ညီ အချိန်ရတယ် မဟုတ်လား ... "

"ကျွန်တော်က ရတယ် ... ဟဲ ဟဲ ကျွန်တော်ချစ်သူက အဓောကြီးပြန်သွားလို့ လွတ်လပ်နေတာ ... နို့မို့ဆို မရဘူး"

"ကောင်မလေးက ဆိုးလို့လား ... "

"ဆေးလိပ်တောင် သောက်ခွင့်မရှိဘူး ... "





"ဟုတ်လှချည်လားဟ ... "

"အစ်ကို့ ဆော်ကရော ... "

"ကိုယ်နဲ့ ပြတ်သွားတာ တစ်နှစ်လောက်ရှိပြီ ... "

"ကောင်းတာပေါ့ လွတ်လပ်သွားတာပေါ့ ... "

"ညီလည်း လွတ်လပ်ချင်ရင် ကိုယ့်လိုလုပ်လိုက်ပေါ့ ... "

"အာ ... ကျွန်တော့် ကောင်မလေးကို အရမ်းချစ်တာ သေချာကြည့်လေလေ မြတ်နိုးလာလေလေပဲ ... "

"အဲလောက်ပဲ ချစ်သလား ... "

"အစကတော့ ရိုးရိုးလေးပဲ နောက်ပိုင်းကျမှ ... အား ... တအားပဲ ကျောက်တုံးတွေတောင်မှ ရေတိုက်စားရင် ပဲ့ထွက်သေးတာပဲ အသည်းက ကျောက်တုံးမှ မဟုတ်တာ ... တွေ့တိုင်းဖက်ဖက်ပြီး နမ်းပစ်လိုက်ချင်တယ် ... ချစ်လွန်းလို့ ... ဟဲ ဟဲ"

"ဟ ... ဟ ညီကတော့ တကယ်ပဲ ... "

"တကယ်ပေါ့ အစ်ကိုရ ... အစ်ကိုလည်း ချစ်တဲ့လူ မတွေ့သေးလို့ပါ ... တွေ့ရင် ကျွန်တော် ပြောတာကမှ နည်းဦးမယ်"

"အင်း ... ဟုတ်ပါပြီ ... ဟုတ်ပါပြီ"

"ဒါပေမဲ့ ... ကျွန်တော့် ကောင်မလေးမှာ ဖွတ်တရွတ်နိုင်တဲ့ စိတ်လေးတစ်ခု ရှိတယ် ... ဒေါသလည်းကြီးတယ်ဗျာ ... ဒီကလူက



www.burmeseclassic.com

www.burmeseclassic.com



သူ့အလိုကျ ဒိုက်ထိုးခံရလွန်းလို့ ရင်ဘတ်လည်း စုတ်ပြတ်သတ်နေပြီ … အိုးကြီးတစ်အိုးပေးပါဦးဗျို့ … ”

“ညီ … သောက်နိုင်သေးလို့လား”

“အာ … အေးဆေး အစ်ကိုကလဲ … ”

“သောက်နိုင်ရင်တော့ သောက်ပေါ့ကွာ … ”

“ကျောင်းမှာတွေ့ရင် ကျွန်တော့်ကိုခေါ်နော် အစ်ကို … ကျွန်တော့် ခံစားချက်တွေကို ဘယ်သူ့ကိုမှ ဖွင့်ပြလို့ မဖြစ်ဘူး … အစ်ကို့ကိုပဲ ပြောပြရမယ် … နော် အစ်ကို … ”

“အင်း … ညီက အခု စိတ်ညစ်စရာတွေ ရှိလို့လား”

“နည်းနည်းတော့ ရှိတယ် အစ်ကို … ”

“ဘာလဲ … ”

“သူ့မှာ … ကျွန်တော့်ကောင်မလေးမှာပေါ့ … နည်းနည်း အရှုပ်လုပ်ခဲ့တဲ့ ဇာတ်ရှုပ်လေးတွေတော့ ရှိတယ် … ”

“ဩော် … အခုရော ရှုပ်နေသေးလို့လား … ”

“သတင်းတော့ မကြားတာ ကြာပြီ … ဒါပေမဲ့ ကျွန်တော့် သူငယ်ချင်းက အဲဒီအမှားကို ပစ်မှတ်လုပ်ပြီး ကျွန်တော်နဲ့သဘော မတူဘူးလေ … ”

“ဩော် … ”





“ကျွန်တော် သူနဲ့မပြတ်ချင်ဘူး … ကျွန်တော် သူ့ကို တကယ်ချစ်တာ … သူလည်း ကျွန်တော့်ကိုချစ်ပါရဲ့ … ဒါပေမဲ့ ကျွန်တော့်ကို ချစ်ရတာ ပင်ပန်းမှာပဲ … သနားတယ် သူ့ကို … ”

အရှေ့ကန်တင်း

“မိုးထက်”

“ဟေ … ”

“အဲဒါ ဘယ်သွားဦးမလို့လဲ … လာ ငါနဲ့လိုက်ခဲ့”

“ဘယ်လဲ … မလိုက်ပါဘူး … ”

“ဘာ မလိုက်ပါဘူးလဲ … ဟို စပ်စလူးကို စောင့်နေတာ မဟုတ်လား … စောင့်မနေနဲ့ လာ … ငါနဲ့လိုက်ခဲ့”

“ဘယ်ကိုလဲကွာ … ”

“ငါ့ သူငယ်ချင်းတစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့”

နေမင်းဦးက မိုးထက်လက်ကိုဆွဲကာ အနောက်ဘက် ကန်တင်းသို့ ခေါ်လာလိုက်သည်။

“လာ … ထိုင် … မိုမို ဒါ ငါ့ဘော်ဒါ မိုးထက်လို့ခေါ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဒါ Chenistry Queen မိုမိချိုတဲ့ ... "

"ဟုတ် ... ကိုမိုးထက်အကြောင်း ကိုနေပြောပြလို့ သိပြီးပြီ ... "

"ဪ ... အင်း"

"မိုမိုက အခုမှ First year ဆိုတော့ သူငယ်ချင်းက သိပ်မရှိဘူး ... ကိုနေနဲ့က မိုမို့ သူငယ်ချင်းတစ်ယောက်က မိတ်ဆက်ပေးလို့ သိရတာ ... "

"ဟုတ်လား ... "

"လမ်းမှာတွေ့ရင် ခေါ်မှာနော် ... "

"အင်း ... "

"မိုမို ... မိုးထက်က Phy King လေ ... "

"ဟုတ်လား ... အဲဒါဆို ကောင်မလေးတွေတော့ ဝိုင်းဝိုင်းလည်နေမှာပဲနော် ... "

"အဲလောက်လည်း မဟုတ်ပါဘူး ... "

"ကိုမိုးထက်က ချောသားပဲ ရည်းစားမရှိဘူးဆိုတာ မယုံပါဘူး ... "

မိုးထက် နေမင်းဦးကို လှည့်ကြည့်လိုက်သည်။ နေမင်းဦးက မျက်စိတဖက်မှိတ်ပြလိုက်သည်။ နေမင်းဦးက မိုးထက်မှာ ရည်းစား





မရှိဘူးဟု ပြောထားပုံရသည်။

"အဲဒါ ပြောတာပေါ့ ... မိုမိုရ ... ငါ့ဘော်ဒါက သိပ်အေးတာ"

"ဟာ ဟ ... "

"နေမင်းဦး ငါ ကျူတိုရီရယ် သွားဖြေလိုက်ဦးမယ် ... "

မိုးထက် ထလာသဖြင့် နေမင်းဦးက မိုမိချိုကို နှုတ်ဆက်ကာ လိုက်လာခဲ့သည်။

"မိုးထက် မင်းကလေ ... ဘာ ကျူတိုရီရယ်လဲ ... "

"ငါ မတွေ့ချင်ဘူးဆိုတာ မင်းခေါ်လာတာပဲ ... "

"ဘာလဲ ဟိုစပ်စလူး စောင့်နေမှာစိုးလို့ မဟုတ်လား"

"နေမင်းဦးရာ ... တိုးတိုး နေစမ်းပါ"

"လုပ်မနေနဲ့ ... ခုနကဘဲ စပ်စလူး အနောက်ကန်တင်းက နေ ဖြတ်သွားပြီ ... "

"ဟင် ... တွေ့သွားလား ... "

"ဒါတော့ ဘယ်သိမလဲ ... "

မိုးထက် နေမင်းဦးကိုထားခဲ့ကာ မေနှင့်ချိန်းထားသည့် အရှေ့ကန်တင်းသို့ ပြေးလာခဲ့သည်။ အရှေ့ကန်တင်းတွင် မေ့သူငယ်ချင်း သစ်သစ် ထိုင်နေသဖြင့် ...

"သစ်သစ် မေရော ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘူတာဘက်မှာ စောင့်နေမယ်တဲ့ ..."

"အခုလား ..."

"အင်း ..."

မိုးထက် လွယ်အိတ်ကို တစောင်းလွယ်လိုက်ပြီး ဘူတာဘက်သို့ ပြေးလာခဲ့သည်။ ဘူတာတွင် မေတစ်ယောက်ထဲ ထိုင်နေသဖြင့် ဝင်ထိုင်လိုက်သည်။

"မေ ..."

"အဲဒါက ဘယ်သူလဲ ... နေမင်းဦး ရှာပေးတဲ့ Spare Part လား ..."

"မေ ... အဲဒါ နေမင်းဦး သူငယ်ချင်းပါ မေရဲ့ ..."

"ဪ ... သူငယ်ချင်းလား မသိပါဘူး ... ချိတ်ပေးမလို့ထင်နေတာ ... အဲဒီ့ မိန်းမကလည်း စပ်စုတယ်နော် ... ရည်းစားရှိရဲ့ မရှိရှိပေါ့ ... အေးပေါ့လေ ... ရည်းစားမရှိပါဘူးလို့ ပြောထားတော့လဲ ... အင်းပေါ့ ..."

"မဟုတ်ဘူး ... မေ"

"တော်ပါတော့ ... မိုးထက်ရယ် နင် ငါ့ကို နေမင်းဦးလောက်မှ အရေးမပေးတာ ... အေးလေ ငါကလည်း နေမင်းဦးလောက်မှ နင့်ကို မဆွဲဆောင်နိုင်တာ ..."





"မေ ... စိတ်မဆိုးပါနဲ့ကွာ ..."

"စိတ်မဆိုးပါဘူး ... မေတို့ စိတ်ဆိုးတယ်ဆိုတာ ဒီလိုအဖြစ်မရှိတဲ့ဟာလောက်နဲ့ စိတ်ရှုပ်မခံဘူး ..."

"မေ ..."

"လေသံက မာလှချည်လား ... အပြစ်လုပ်ထားတာ ဘယ်သူလဲ ... ဘာလဲ နေမင်းဦး ဘက်ကနာလို့လား ... ဟိုဟာမ ဘက်က နာလို့လား ..."

"မေ ... ရာ ... ကိုယ် ဘာအပြစ်လုပ်ထားလို့လဲ"

"မသိလို့ မေးတာလား ... မသိချင်ယောင်ဆောင်နေတာလား ... မသိလို့ မေးတာဆိုရင်တော့ ပြန်ကိုမပြောချင်တော့ဘူး ပါးစပ်သနတယ် ..."

"မင်းက ပါးစပ်သနတယ်လို့ပြောရအောင် ကိစ္စက တော်တော်ပဲ ဆန်းနေလို့လား ... တစ်ယောက်မကောင်းရင် နောက်တစ်ယောက် ပြောင်းတာ ဒီခေတ်မှာ မဆန်းဘူး ..."

"နေမင်းဦး ..."

"မိုးထက် မင်းက ဘာမှားလို့ ငြိမ်ခံနေရတာလဲ"

"နေမင်းဦး ငါ မိုးထက်နဲ့ စာရင်းရှင်းနေတာ ဒါ နင်ပါရမဲ့ ကိစ္စ မဟုတ်ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"ပါတယ် ဘာဖြစ်လဲ ... ဒါ ငါ့သူငယ်ချင်း"

"ရှုံ့ဖို့ကောင်းလိုက်တာ ယောက်ျားဖြစ်ပြီး စိတ်ခတ်က အခြောက်လိုပဲ အဲဒီလောက်ဖြစ်နေရအောင် သူ့ကိုများ နင်ကြိတ်ခိုက်နေတာလား ... "

"မင်း ... "

"မေ ... တော်တော့"

"ဘာလဲ ... နေမင်းဦး ခံနေရလို့လား"

"ဟာ ... မေကလဲကွာ ... ပြောလေဆိုးလေပဲ"

"ဒီမှာ နေမင်းဦး ငါ့ဘဲကို နင့်လိုအဆင့်မရှိတဲ့ဟာတွေနဲ့ လာ Join ဗွိုင်း(န်)မပေးနဲ့ ... နင့်ကိုယ်နင့်ပဲ အဖြစ်ရှိအောင်လုပ်ဦး"

"ဟ ... ငါက အဆင့်မရှိဘူးဆို နင်လည်းပဲ ဒီအဆင့်ပဲ အဲဒါသိလား ငါ့လိုအဆင့်မရှိတဲ့ကောင်ကို ပေါင်းသင်းနေတဲ့ ငါ့သူငယ်ချင်းကို နင်လက်ခံနိုင် ကတည်းက နင့်အဆင့်ကဘာဆိုတာ ငါတို့ကသိပြီးသား ... ရုပ်ကြည့်တော့ sexy ရုပ် ... ဘာအထာနဲ့ လာချုပ်နေလဲ မသိဘူး ... ပြောစမ်းပါဦး တော်ကီလန်းရင်တော့ ငါပါစဉ်းစားပေးမယ်လေ ... "

"နေမင်းဦး ... တော်ပါတော့ကွာ ... ငါတောင်းပန်ပါတယ်"

"မထင်ရဘူးနော် ... နေမင်းဦး သေချာစကား ပြောကြည့်





မှ နင်က ဘယ်လောက်စားစား မဝတဲ့ စားဖားကြီးပဲ ... အေး ငါ့လို အဆင့်ကိုတော့ လာမမှန်းနဲ့ ... သူက နင့်လို အဆင့်မဟုတ်ဘူး ... ကိုယ်ပေါင်း စိတ်ခွာဆိုတာ နင် မသိဘူးလား ... နေရာတကာ ဝင်ပါချင်ရင်လည်း ငါတို့နှစ်ယောက်ကြားထဲတော့ မပါနဲ့ သိမ်ကြီးဈေးအောက်ကိုသွား ... မိုးထက် ငါသွားပြီ နင်သူနဲ့ အပေါင်းအသင်း မဖြစ် ပြတ်စဲမှ ငါ့ဆီလာခဲ့ ... "

"ဟာ ဟ ... သူကပဲ ပြောရတယ်ရှိသေး"

မေက လွယ်အိတ်ကိုဆွဲကာ ဘူတာမှ ထွက်လာခဲ့သည်။ ဒေါသဖြစ်ဖြစ်နှင့် ပြောသာပြောခဲ့ရသည် ယောက်ျားဖြစ်ပြီး မိန်းကလေးတစ်ယောက်ကို မစာမနာပြောသည့် နေမင်းဦးစကားကြောင့် မေတစ်ယောက် မျက်ရည်ပါကျမိသည်။ ရှက်ရှက်နှင့် ပြန်ပြောမိသည့် စကားများကို နားထဲကြားယောင်နေမိသည်။

မိုးက ရုတ်တရက်ရွာချလိုက်သဖြင့် မေ ဘူတာလမ်းတွင် မတ်တပ်ရပ်ရင်း ငိုချလိုက်သည်။

"ဟိတ်ကောင်မလေး မိုးရေချိုးနေတာလား"

မေ့ကို ထီးလာမိုးပေးသူက ရှိန်းဖြစ်နေသည်။ ရှိန်းက မေ့ကို ကြည့်ကာ ...

"ဟင် ... ငိုနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



" ... "

"လာ ... မိုးအရမ်းရွာနေပြီ ... "

"မေ့ကို ... "

"အင်း ... ပြော ... "

"ဘယ်သူမှ မရှိတဲ့နေရာ ခေါ်သွားပေးပါလား ... မေ ငိုချင်တယ် ... "

ရှိန်းက ခေါင်းကို အားရပါးရ ကုတ်လိုက်ပြီး ခေါင်းညိတ်ကာ အနောက်ဘက် ဘောလုံးကွင်းထဲသို့ ခေါ်လာခဲ့သည်။

"ကဲ ... ငိုလို့ ရပြီဗျာ ... "

မေ အားရပါးရ ငိုချလိုက်သည်။ ရှိန်းကတော့ ဘောလုံးကွင်း အလယ်ကိုပဲ ငေးကြည့်နေလိုက်သည်။ ခဏကြာမှ ရှိန်းက ...

"ဒီနေ့ ဘူတာဘက်ကို လာလိုက်မိတာ ကံဆိုးသွားတယ်"

" ... "

"ဇော်သီဟများ ရှိမလားလို့ လာရှာတာ ... ကံဆိုးတယ်"

"ဘာလဲ ... မေနဲ့ တွေ့လို့လား ... "

"မဟုတ်ဘူး ... မိုးရွာလို့လေ ဒီမှာ ဘောင်းဘီအောက်နားတွေ အကုန်ရွှဲကုန်ပြီ ... "

ရှိန်းစကားကြောင့် မေ ရယ်လိုက်သည်။ ထိုတော့မှ ရှိန်းက





"ကိုယ် ဘယ်သူ့ကိုမှ မစပ်စုခဲ့ဖူးဘူး ... ဒီတစ်ခါတော့ ကိုယ်ကပဲ အရင်စမေးမယ်နော် ... ဘာဖြစ်တာလဲ မေ ... "

" ... "

"ချစ်သူနဲ့ ပြတ်သွားလို့လား"

"မေ အချစ်ကို အဲလောက်တန်ဖိုးမထားတတ်ဘူး ရှိန်း"

မေ့စကားကြောင့် ရှိန်းက မျက်လုံးပြူးခေါင်းညိတ်သည်။

"ဒါဆို ... "

"မေ့ကို သူတို့ မိန်းမကောင်းတစ်ယောက်လို သဘောမထားဘူး ... "

"ဘယ်သူတို့လဲ ... "

" ... "

"သြော် ... မေ့ချစ်သူကလား"

"မဟုတ်ဘူး ... "

"အင်း ... ပြောလေ"

"သူ့ သူငယ်ချင်းက ... "

"သူတို့က ဘာလို့ အဲလိုပြောရတာလဲ"

"ရှိန်း ... "

"ဗျာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ရှိန်း မျက်စိထဲမှာရော မေက အဲလိုပုံပေါက်နေလား"

"ဟင့်အင်း … ကိုယ့်မျက်စိထဲ မေက သာမာန်မိန်းကလေး တစ်ယောက်ပါပဲ … "

"ဟင်း … စိတ်ညစ်တယ် ရှိန်းရယ် … "

"ငိုချလိုက်လေ … အားရအောင် ငိုပြီးရင် ဒီနေ့ကိစ္စကို ဒီနေ့ ဒီနေရာမှာ ထားခဲ့လိုက် … ဘဝမှာ တစ်ခါပဲ အကြီးအကျယ်ငိုသင့် တယ် … နောက်နေ့တွေမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ ဖြတ်သန်းပေါ့"

"ရှိန်းရော … စိတ်ညစ်ဖူးလား … "

"အင်း … အကြိမ်များစွာ ညစ်ဖူးတာပေါ့ … "

"ဘယ်လို လုပ်လဲဟင်"

"ကိုယ်က စိတ်ညစ်ရင် တစ်ခုခုနဲ့ အစားထိုးတယ် … ဥပမာ စိတ်ညစ်ရင် ထမင်းစားတာတို့ … လမ်းလျှောက်တာတို့ပေါ့ … "

"အဲလိုလုပ်ရင် စိတ်ညစ်တာ ပျောက်လို့လား … "

"မေ့ကို တစ်ခုမေးမယ်နော်"

"အင်း … "

"စိတ်ညစ်လို့ တိုင်နဲ့ခေါင်းနဲ့ဆောင့်တာ … ရေထဲခုန်ချတာ ဓါးကြိုးချသေတာ … အဆိပ်သောက်သေတယ်ဆိုတာ မကြားဖူး လား … "





"အင်း … ကြားဖူးတယ်"

"သူတို့ အဲလိုလုပ်တော့ စိတ်ညစ်တာ ပျောက်သွားတယ်လို့ ထင်လား … "

"ဟင့်အင်း … သေတာပဲ အဖက်တင်မှာပေါ့ … "

"အဲလိုပဲပေါ့ … လူ့ဘဝက ရခဲတာပဲ အဖက်တင်မဲ့တင် အကျိုးရှိတာပဲ အဖက်တင်အောင်လုပ်မှာပေါ့ … ကိုယ်ပြောတာ မဟုတ်ဘူးလား … "

"ရှိန်းပြောတာလဲ … အင်း … ဟုတ်သားပဲ"

"စိတ်ညစ်တာကြီးကရော ကိုယ်နဲ့ထပ်တူသေတဲ့အထိ လိုက်လာမှာမှ မဟုတ်တာ … စိတ်ညစ်ရင် စိတ်ထဲ မြုံမထားရဘူး အဲလို စိတ်ထဲထားရင် ဘာဖြစ်တတ်လဲ သိလား … "

"ဟင့်အင်း … "

"စိတ်တစ်ခါညစ်တိုင်း မြုံသိပ်ထားမယ် … ခဏ ခဏ စိတ် ညစ်ပါများရင် စိတ်ထဲစုပြီး ပေါက်ကွဲလာတဲ့အခါ မဖြစ်သင့်တာတွေ ဖြစ်လာမှာပေါ့ … အဲဒါကြောင့် စိတ်ညစ်ရင် ငိုတာပဲဖြစ်ဖြစ် တစ် ယောက်ယောက်ကိုပဲဖြစ်ဖြစ် ရင်ဖွင့်ပေါ့ … ရင်ဖွင့်ဖော်ရှိတယ် မဟုတ်လား … "

"အင်း … "



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုပြောပြပေါ့ ... ဒါမှ ရင်ထဲပေါ့သွားမှာပေါ့"

"ရှိန်းသာ သူ့နေရာမှာဆို သိပ်ကောင်းမှာပဲ ... "

"ဘာဖြစ်လို့လဲ ... "

"စဉ်းစား တွေးခေါ်တတ်သွားတာပေါ့ ... "

"ဒါတွေ မေ့ထားလိုက်ပါ ... အခု ကိစ္စကပြီးပြီလား"

"မပြီးတပြီးပဲ ... "

"ဘယ်လိုလဲ ... "

"သူပြန်လာရင် မပြီးသေးဘူးပေါ့ ... သူ မလာတော့ရင်တော့ ပြီးပြီပေါ့ ... "

"ဒီနေ့ အဆောင်ပြန်ရောက်ရင် ရင်ဖွင့်မဲ့လူကို ပြောပြပေါ့"

"အင်း ... ကျေးဇူးပဲ ရှိန်း ... နို့မို့ဆို မေ စိတ်ညစ်လို့ ဆုံးမှာ မဟုတ်တော့ဘူး ... "

"ရပါတယ်ဗျာ ... ခု စိတ်ညစ်တာ ပျောက်ပြီမဟုတ်လား"

"အင်း ... "

"ဒါဆို ကိုယ်တို့ သွားရအောင်လေ ... ဇော်သီဟကို ရှာနေတာ သူလဲ ကိုယ့်ကို လိုက်ရှာနေပြီထင်တယ်"

"ရှိန်း ... "

"ဗျာ ... "





"ရှိန်းနဲ့ ခင်မင်ခွင့်ရတဲ့အတွက် မေ အရမ်းဝမ်းသာတယ်"

"အင်း ... ကိုယ်လည်း ဝမ်းသာပါတယ် ... မေရော ပြန်မှာလား ... "

"ဟုတ် ... "

"ဒါဆို လာလေ ... "

စိတ်ရဲ့ဖြေရာကို ရှာကြံတွေးပေးတော့လည်း ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

**တော်ဝင်ပန်း အမျိုးသမီးဆောင်**

"မေ့ကောင်လေးတောင် တွေ့ခဲ့သေးတယ် ... မေ ပြောသလိုပဲနော် ရုပ်ကလေးက ဂျစ်ကန်ကန်လေးဟ ... မျက်ရည်ခံလေးကို ထင်းနေတာပဲ ... မာနကြီးမဲ့ပုံပဲနော် ... ဘယ်သူနဲ့မှလည်း စကားသိပ်မပြောဘူး ... အသားမဲမဲ ကောင်လေးနဲ့ပဲ စကားပြောတာ တွေ့တယ် ... "

"အဲဒါ သူ့မယားလေ မမဖြူ ... အဲဒီ အသားမဲက ရွှေခဲဆိုတာပေါ့ ... မာမီလေ ... မာမီ ခြောက်နေတာ လူတော့ မဟုတ်ဘူး ... စိတ်ဓာတ်က"

"အဟင်း ... သူတို့နှစ်ယောက်ကို တွေ့တာ ဘူတာဘက်က ထွက်လာတာတွေ့တာ ... မေ့ကောင်လေးက မျက်နှာ





မကောင်းဘူး ... ဟို ရွှေခဲကတော့ ပွစိပွစိနဲ့ ပြောနေတာပဲ"

"မမဖြူလဲ တွေ့ပြီမဟုတ်လား ... ရွှေခဲက ကြက်တူရွေးသေလို့ ဝင်စားတာ ... "

"ဘာဖြစ်လို့လဲ ... "

မေက မိုးထက်နှင့် ပြဿနာတက်နေတုန်း နေမင်းဦး ရောက်လာကာ ရန်ဖြစ်ပုံကို ပြောပြသည်။ စံပယ်ဖြူက ခုတင်ပေါ် မှထိုင်ကာ မေ့စကားကို နားထောင်နေသည်။ မေစကားဆုံးသည်နှင့် ...

"အဲဒါနဲ့ မေ ငိုတော့ ... "

"မေ့နားကို ဖြုန်းဆို သူက ရောက်လာတယ်"

"သူဆိုတာ ဟိုတစ်ခါ မေပြောတဲ့ လူလား ... "

"အင်း ... မိုးကို ကျေးဇူးတင်ရမယ် ... မေလေ သူပြောတဲ့ စကားတွေကြောင့် စိတ်ညစ်တာတွေပါ ပျောက်သွားပြီး ခုလို လန်းနေတာ ... "

"သူက ဘာပြောလို့လဲ ... "

ရှိန်းပြောသည့် စကားကို မေက ပြန်ပြောပြလိုက်သည်။ စံပယ်ဖြူက ...

"အင်း ... ဒါဆို သူလဲ မဆိုးဘူးပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ခု သူနဲ့စကားတွေပြောလာပြီးမှ ဘာကြောင့်လဲ မသိပါဘူး မမဖြူရယ် စိတ်ရောဂါကူးစက်ခံရနေပြီ ထင်တယ် … ရင်တွေခုန်တယ် … သူ့မျက်နှာလေးကို ဘေးကနေကြည့်နေရင်း ချစ်ချင်လာတယ်သိလား … မဟုတ်မှလွဲရော မေ့အထင်တော့ သူ ငယ်ငယ်က သံလိုက်တုံးတွေ မြိုချခဲ့မိပုံပဲ … တော်တော် ဆွဲအားပြင်းတယ် သူက ညို့တော့ ဒီက နှလုံးသားကို သူ့အတွက်သော့ခတ်လိုက်ပြီ"

"မိုးထက်နဲ့တုန်းကလဲ သော့ခတ်လိုက်ပြီတဲ့ နှလုံးသားကို သော့ခတ်တယ် သော့ခတ်တယ်နဲ့ … သော့တော့ ခက်ထားသားပဲ နော် … သော့ပိုင်ရှင် ပြောင်းသွားတာ မဟုတ်လား … ဟာ ဟ မေကတော့လေ … "

"မမဖြူကလဲ … မေက တကယ်ချစ်သွားတာပါဆို"

"မေ … သိပ်လဲ ကဲမနေနဲ့ဦး … တော်ကြာ ဟိုက မချစ်ဘူး ငြင်းလိုက်မှ ငါ့ညီမလေး အသည်းဟက်တက်ကြီးကွဲနေမယ် … မမဖြူလည်း အသည်းကွဲနေတာနော် … မနှစ်သိမ့်တတ်တော့ဘူး"

"ဟာ … မမဖြူကလဲ … မဦးမချွတ် … ဖွဟဲ့ ဖွဟဲ့ … "

"ဟာ ဟ … မေကတော့ မလွယ်ဘူး"

"မေတို့ခေတ်က မမဖြူတို့ခေတ်တုန်းကလို မဟုတ်ဘူး ပွင့်ပွင့်လင်းလင်းပဲ … "





"ဟုတ်ပါပြီ … ဟုတ်ပါပြီ"

"ဒါနဲ့ … မမဖြူအိမ်က ချစ်သူတွေ ဘာတွေရှိလားလို့ မမေးဘူးလား … "

"မေးလဲ … ဖြူက ပြောစရာလား မေရဲ့"

"တချို့က ရှိတယ်လေ … ချစ်သူမရှိရင် အိမ်က ယောကျ်ား ပေးစားမယ်တို့ … ဘာတို့ … "

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ … ဖြူ့အသက်လည်း ၂၂ ထဲရောက်နေပြီပဲ … "

"၂၂ … "

"အင်းလေ … မေက ဘယ်လောက်ထင်နေလို့လဲ"

"မသကာ ၂၀၊ ၂၁ လောက်ပေါ့ … ဘာလဲ မမဖြူက ဆယ်ဆန်းကျလို့လား … "

"ဆယ်တန်းကို မြစ်ကြီးနားမှာပဲ နှစ်ချင်းပေါက်အောင်တာ"

"ဒါဖြင့် ဘယ်ကဘယ်လို … "

"အိမ်က ရန်ကုန်မှာ ကျောင်းတက်မယ်ဆိုတော့ ခွင့်မပြုဘူးလေ … "

"အဲဒီတော့ … "

"ဖြူလဲ ဘယ်ရမလဲ ရန်ကုန်မှာပဲ တက်ချင်တယ် မတက်



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းရင် မတက်ဘူးဆိုပြီး ပေနေတာ နောက်ဆုံးတော့ လက်လျှော့သွားကြတယ်”

“မမဖြူလဲ ... တကယ်ဆိုးတာပဲနော်”

“မေကရော ... ”

“မေက ဆယ်တန်းတစ်နှစ်ကျပြီး ဘော်ဒါမှာနေတယ် ... အဲဒီကထဲက တစ်ယောက်ထဲ အိမ်နဲ့ခွဲနေရတာ သဘောကျသွားတယ် ... မေမေကလဲ နောက်အိမ်ထောင်ပြုလိုက်တော့ အတော်ပဲ ဖြစ်သွားတယ် ... ”

“မေ့ရဲ့ ဖေဖေကရော ... ”

“ဖေဖေက ဆုံးသွားပြီ ... မေ ၈ တန်းနှစ်ကထဲကလေ”

“ဟုတ်လား ... ”

“မေက တစ်ဦးတည်းသော သမီးဆိုတော့ သေချာပေါက်အားကိုးရမဲ့လူကို ရှာမှဖြစ်မှာ ... ”

“မိုးထက် အိမ်ကရော မေနဲ့ကြိုက်တာ သိလား ... ”

“သိတယ်လေ ... မမဖြူနဲ့ ကိုမိုးမိုးနဲ့ကြိုက်တာကိုရော သူ့ဘက်ကသိလား ... ”

“သူ့ အဒေါ်တွေ သိတယ်လို့တော့ ပြောတာပါပဲ ... ”

“သဘောတူလား ... ”





“သဘောမတူရအောင်လဲ မေရယ် ... ဖြူမှာ ကြီးကြီးမားမား ပြဿနာမှ မရှိတာ ... ”

“ဩော် ... အင်းပေါ့ တို့မမဖြူက ဥစ္စာပေါ ရုပ်ချော သဘောကောင်း မနော့ဖြူလေး ... နာမည်ပေးထားတာတောင်မှ စံပယ်ဖြူတဲ့ ... ဘယ်လောက်သိမ်မွေ့လဲ ... ”

“ခွန်မစမ်းသား ... မေ ရေ”

“ဟား ... ဟား ... ဟား”

“မေရေ ... ”

“ဟယ် ... မမဖြူ အတန်းမတက်ဘူးလား ... ၉ နာရီခွဲနေပြီ မေရော ... ”

“မေက အခုသွားမလို့ ... ”

“ဒီစာအုပ်လေးကို ဖြူတို့အတန်းထဲ သွားပေးပေးပါလားကွယ် ... ”

“မမဖြူ ... နေမကောင်းဘူးလား”

“အင်း ... နေမကောင်းချင်သလို ဖြစ်နေလို့ မတက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး ... ”

“ပေးလေ ... မေ သွားပေးပေးမယ် ... ညနေကျရင် ဆန်ပြုတ်ဝယ်လာခဲ့မယ်နော် ... ”

“အင်း ... ”

မေက စံပယ်ဖြူပေးသော စာအုပ်ကို လွယ်အိတ်ထဲထည့်ကာ ...

“နေမကောင်းဘူးဆိုပြီး အဆက်ဟောင်းကို လွမ်းမနေနဲ့ဦးနော် ... အောက်ထပ်က အဆောင်မှူးကို မေပြောခဲ့မယ် ဆေးသောက်ဖို့ မမေ့နဲ့ ... ”

“ဟုတ်ကဲ့ပါရှင် ... ”

“ဩော် ... ဆေးမသောက်ခင် အစာစားဦးနော် ... ရင်တုန်ဦးမယ် ... ဒီလို ရင်တုန်တာ ချစ်သူနဲ့တွေ့လို့ ရင်တုန်တာထက် အန္တရာယ်ရှိတယ် ... ”

“ဟုတ်ကဲ့ပါ မမမေရယ် ... ”

“အဟင်း ... သွားပြီ မမဖြူ ... ”

“အင်း ... ”

မေတစ်ယောက် လက်ထဲမှာ စာအုပ်များကို ပိုက်ကာ အဆောင်မှ ထွက်လာခဲ့သည်။





“ဟာ ... ကိုရှိန်း ရှာလိုက်ရတာဗျာ”

“ဘယ်သွားကြမလို့လဲ ... ”

“ကိုရှိန်းကို လာရှာတာပါဆို ... ”

“အင်း ... ဘာကိစ္စရှိလို့လဲ ညီရ ... ”

“စိတ်ညစ်လို့ ဘီယာသွားသောက်ကြရအောင်ဗျာ ... ”

“အစ်ကို မအားဘူးညီရ ... ”

“ပြောပါဦးဗျာ မိုးထက် ခုပဲ ဘီယာသောက်လာတာ အစ်ကို့ကိုရှာမယ်ဆိုပြီး ကျောင်းထဲဟန်မပျက်ဝင်လာရတာ နည်းနည်းတော့ လန့်တယ် ... ”

“ခုပဲ သောက်လာတာ မဟုတ်လား ညီရ ... ”

“ကျွန်တော် ရင်ဖွင့်ချင်နေပြီ ရင်ဖွင့်ချင်နေပြီ”

နေမင်းဦးက မိုးထက်ကိုတွဲကာ ရှိန်းကိုလည်း အားနာနေပုံပေါ်သည်။

“ပြဿနာပဲဗျာ ... ”

“ရှိန်းက ဟိုဘက်ဒီဘက်ကြည့်ကာ ... ”

“ထပ်ပြီးတော့တော့ မသောက်နဲ့တော့ ညီရင်ဖွင့်ချင်ရင် အစ်ကို နားထောင်ပေးမယ် ဟုတ်ပြီလား ... ”

“အင်း ... ”



www.burmeseclassic.com

www.burmeseclassic.com



"လာ … အပြင်ထွက်ရအောင်"

"အစ်ကို … ဒီကောင်မူးနေပြီ ဘယ်သွားကြမလဲ"

"ဒီနားမှာ အသိဆိုင်မရှိဘူးလား"

"မျိုးထူးနဲ့ တွေ့သေးလား … "

"မျိုးထူး … "

"ဟိုတစ်ခါက ဖဲဝိုင်းတဲ့ကောင်လေး … "

"မတွေ့ဘူး … "

"ဒုက္ခပဲ … "

"ဟော့ကောင်တွေ ဂိတ်ပေါက်မှာ ရစ်သီရစ်သီ လုပ်နေပါလား … "

"ဟာ … ကျေးဇူးရှင် မျိုးထူး မြန်မြန်လာပါ … "

"ဘာဖြစ်လို့တုန်း … "

နေမင်းဦးက မျိုးထူးထက်ကို အကြောင်းစုံပြောကာ အကူညီတောင်းသဖြင့် …

"သူ မူးနေတာဆိုတော့ ဟိုတနေ့က ခေါင်ရည်ဆိုင်သွားမယ်လေ … "

"မင်းကလဲ … မူးနေပါပြီဆိုမှ ခေါင်ရည်ထပ်တိုက်လို့ရမလား"





"ဟော့ကောင်ရ … ငါကရော တိုက်မယ်ပြောနေလို့လား အဲဒီဆိုင်မှာ သွားနှပ်နေနိုင်းမလို့ပြောတာ … "

"ဒါဖြင့်လဲ လာတွဲကွာ … "

"ကိုရှိန်းက ဘယ်ကဘယ်လို ပါလာတာလဲ … "

မျိုးထူးထက်က မိုးထက်ကို တွဲရင်း လှမ်းမေးသည်။ နေမင်းဦးက …

"ဒီကောင် ခေါ်လာတာ … "

"သူ အခုမူးနေပြီပဲ … ငြိမ်တောင်ငြိမ်သွားပြီ ကိုရှိန်းက အားမှန်းမသိ မအားမှန်းမသိ … "

"ဟုတ်သား … အစ်ကို ကျေးဇူးပဲဗျာ … သူလဲ မူးနေပြီဆိုတော့"

"ဒါဆို … ကိုယ်သွားတော့မယ်လေ … "

"ဟုတ်ကဲ့ အစ်ကို … "

" … "

ရှိန်း ကျောင်းထဲသို့ ပြန်ဝင်လာလိုက်သည်။ အရှေ့ကဲန်တင်းအားအရောက်တွင် မေနှင့်သွားတွေ့သည်။

"ရှိန်း … "

"ဩော် … မေ"



www.burmeseclassic.com

www.burmeseclassic.com



"အတန်းသွားတက်မလို့လား ရှိန်း ... "

"မဟုတ်ဘူး ... သူငယ်ချင်းကို စာအုပ်သွားပေးမလို့"

"လိုက်ခဲ့ရမလား ... "

"လိုက်ချင် လိုက်ခဲ့လေ ... "

"အင်း ... "

"မနေ့က ဘယ်လိုလဲ အဆင်ပြေရဲ့လား"

"အင်း ... အားလုံး အိုကေပဲ"

"ဟဟ ... တယ်ဟုတ်ပါလား"

"အဲဒါ ရှိန်းကို ကျေးဇူးတင်ရမယ်သိလား"

"ကျေးဇူးတင်ရင်တော့ ကွမ်းဝယ်ကျွေး ... "

"ဟင် ... မေမှ ကွမ်းမစားတာ"

"စတာပါ ဗျာ ... "

"ရှိန်းက ခပ်တည်တည်နဲ့ မျက်နှာပြောင်တယ်နော်"

"ပြောင်ဆို သနပ်ခါးမှ မလိမ်းတာ"

"ဟာ ဟ ... လုပ်ပြန်ပြီ"

"အဲလို ရယ်စမ်းပါ မေရဲ့ ... "

"ဘာလဲ ... မေရယ်တာ လှလို့လား"

"လှပါတယ် ... "





"ဟင် ... လှပါတယ်ဆိုတဲ့ အသံကြီးကလဲ ဇဝ ရာခိုင်နှုန်းက ကြေကွဲသံကြီးနဲ့ ... "

"တကယ်ပြောတာပါ ... "

"ရှိန်းက ဘယ်မေကျာကလဲ ... "

"လာလည်မလို့လား ... ကောင်မလေးတွေ ဝိုင်းရိုက်မှာ မကြောက်ဘူးလား ... "

"အမယ် ... အဲလောက်ပဲ စွံလား ... "

"ဒါပေါ့ ... "

"ဟဟ ... "

"ဘာလဲ လှောင်တာလား ... "

"မလှောင်ပါဘူး ... ရှိန်းမှာ ချစ်သူရှိလား"

"ရှိခဲ့တာပေါ့ မေရဲ့ ... "

"ဟုတ်လား ... သူ့ကိုချစ်လား ... "

"ဒီလိုပါပဲ ... "

"ဒီလိုပါပဲဆိုတာ ဘယ်အတိုင်းတာထိလဲ"

"မေက သိပြီးဘာလုပ်မလို့လဲ မှတ်တမ်းတင်မလို့လား"

"မဟုတ်ပါဘူး ... သိချင်လို့ မေတောင်မေ့ချစ်သူနဲ့ ပြတ်သွားပြီလေ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ဘယ်လိုနေလဲ ... "

"ဘယ်လိုမှ မနေပါဘူး ... ဒီတိုင်းပဲ"

"ဒီတိုင်းပဲဆိုတာ ... ဘယ်အတိုင်းတာထိလဲ"

"ဟင် ... သူများပြောတဲ့ စကားကြီး ပြန်ပြောတယ်"

"First Semester ပြီးရင် အိမ်ပြန်မှာပေါ့"

"ပြန်ချင်လည်း ပြန်မယ် ... "

"ပြန်ချင်လည်း ပြန်မယ်ဆိုတာက မပြန်ချင်လည်းမပြန်မဲ့ သဘောရှိတယ်ပေါ့ ... "

"မသိသေးဘူး ... "

"ကိုယ်နဲ့ လိုက်မလား"

"ဘယ်ကိုလဲ ... "

"ကိုယ့်အိမ်ကိုပေါ့ ... "

"ဒီနားလေးကို ... "

"ဒီနားလေးက ကိုယ့်အဒေါ် အဲဒါ ... "

"ဟင် ... ဟုတ်လား ဒါဖြင့် သူက ဘယ်မှာနေတာလဲ"

"ဘယ်သူကလဲ ... "

"ရှိန်းလေ ... "

"မန္တလေးမှာ နေတာ ... "





"ဘာလို့ ဒီမှာ ကျောင်းလာတက်တာလဲ"

"ကိုယ်က တက်ချင်လို့ပေါ့ ... "

"ကောင်းပါတယ် ... "

"လိုက်မလား ... "

"တကယ်ခေါ်မှာလား ... "

"နောက်ပြီး ခေါ်နေတာ ထင်လို့လား"

"ဟာ ဟ ... "

"မေက ရယ်လိုက်ရင် ပါးချိုင့်နဲ့နော်"

"ဘာလဲ ... ယူချင်လို့လား ... ပြန်ရောင်းမယ်လေ ... ထောင့်ငါးရာနဲ့"

" ... "

"မလိုချင်ဘူးထင်တယ် ... "

"မဝယ်နိုင်တာပါ ... "

"အဟ ... ဒါဖြင့် discount (ဒစ်(စ်)ကောင့်(တ်))လုပ်ပေး ရမလား အရစ်ကျစနစ်နဲ့ ဝယ်မလား ... "

"တပြားမှကို မရှိတာ အိတ်ကပ်ထဲရှိတဲ့ (၂၀၀)က အပြန် ကားစီးရင် ပြောင်ပြီ ... "

"ဟင်း ... ဘယ်လို ရောင်းရောင်း ရောင်းမထွက်တဲ့ ထွက်



www.burmeseclassic.com

www.burmeseclassic.com



ကုန်ထင်ပါရဲ့နော်"

"အဟင်း ... မေက ချောတာပဲ ကံကောင်းမှာပါ ... ကိုက

အမြဲကံဆိုးနေတာ ... "

"ဘာလဲ စကားလှလှနဲ့ ဘေးပို့နေတာလား"

"မေက တကယ်ဆိုးတာပဲ ... ခဏနေဦး ကိုယ် ဒီစာအုပ်

သွားပေးလိုက်ဦးမယ်"

"အင်း ... "

ရှိန်းက ဘူမိဆောင်ထဲဝင်ကာ ခဏအကြာပြန်ထွက်လာ

သည်။

"အတန်းရှိသေးလား ... "

"မေက မရှိတော့ဘူး ရှိန်းရော ... "

"ကိုယ်က တစ်နာရီခွဲ ကျူတိုရီရယ်ရှိတယ်"

"အခုမှ (၁၂)ခွဲပဲရှိသေးတယ် ... (၁)နာရီ အချိန်ရတယ်"

"ဘယ်သွားမလို့လဲ ... "

"စကား အေးဆေးပြောလို့ရမဲ့ နေရာပေါ့ ... "

"ပြောစရာ စကားရှိလို့လား ... "

"ရင်ဖွင့်မလို့ ... "

"အဟ ... ကိုယ်တော့ ဒီနေ့ ရင်ဖွင့်မဲ့ လူတွေနဲ့ချည်းလား





နေပါလား ... "

"ဘယ်သူလဲဟင် ... "

"ကိုယ့် အသိတစ်ယောက်လဲ ခုနက ကိုယ့်ကိုရင်ဖွင့်လိုက်

ချင်လို့ဆိုပြီး ဘီယာဆိုင်အတင်း ဆွဲခေါ်နေတာ ... "

"ဒါဆို ခု အဲဒီဆိုင်က ပြန်လာတာပေါ့ ... "

"ဟုတ်ပါဘူး ... သူက မူးပြီးအိပ်ပျော်သွားလို့ ကိုယ်နားပြီး

သက်သာသွားပြီ ... မှတ်နေတာ မေနဲ့လာတိုးနေတယ် ... "

"နားမထောင်ချင် ... နားမထောင်ချင်ဘူး ... ပြောပါနော်

ဟွန့် ... "

"စတာပါ ... ကဲ ဘယ်သွားမလဲ"

"ဘောလုံးကွင်း သွားချင်တယ် ... "

"ဒါဖြင့် လာလေ ... "

ရှိန်းက ရှေ့မှ ထွက်သွားသည်။ မေက ရှိန်းနောက်မှ လိုက်

ကာ ရှိန်းကို အနီးကပ်လှေ့လာသည်။ အရပ်က ၅ ပေ ၈ လက်မ

လောက်ရှိမည်။ မေက ၅ ပေ ၄လက်မ ဆိုတော့ အင်း ... ဒါလဲ

မဆိုးပါဘူး ... ရှိန်း ဘေးနား မြန်မြန်ကပ်လျှောက်ကာ ခြေထောက်

ကို လှမ်းရှုံးလိုက်သည်။ ခြေသည်းတွေက ချေး(ဂျီး)မရှိ ... အရပ်

လဲ မတိုသလို အရမ်းလည်း မရှည်ပါ ... ဘယ်ဘက်လက်သန်းက



www.burmeseclassic.com

www.burmeseclassic.com



လက်သည်းက တော်တော်ရှည်သည်။

"အဟိ ... "

ရှိန်းက လှည့်ကြည့်ပြီး မျက်မှန်ပင့်ကာ ...

"ဘာရယ်တာလဲ ... "

"လက်သည်းကလဲ တစ်ချောင်းထဲ အရှည်ထားတာ ဂျော်ကြီး ကျနေတာပဲ"

"အင် ... ဘယ်ကလာ ငါးချောင်းစလုံး အရှည်ထားတာ ကျိုးကျိုးကုန်လို့ ... "

"ဒါဖြင့်လဲ အဲဒါပါ ညှပ်ပစ်လိုက်ပါတော့လား"

"နမြောလို့ ... "

"ဟွန့် ... ဟိုနေရာလဲ နမြော ... ဒီနေရာလဲ နမြောနဲ့ ကိုယ့်ကိုကိုယ် အခြောက်ဖြစ်နေပြီဆိုရော သိရဲ့လား ... "

"ကိုယ်က ဘာဖြစ်နေလို့လဲ မေရဲ့ ... "

"နာမည်မေးတော့လည်း ကပ်စေးနဲပြီး တစ်လုံးထဲပြောတယ် ... ရှိန်းတဲ့ အခြောက်နာမည်လိုလို ဘာလိုလိုနဲ့ ဟော ... လက်သည်းညှပ်ပါဆိုတော့လဲ နမြောပြန်ပြီ ... တရုတ်ကားတွေထဲက ကုန်းကုန်းတွေလို လက်တစ်ချောင်းထဲ အရှည်ထားတာလေ"

"ပြဿနာပဲ ... ကဲ ကဲ နာမည်ပြောပြမယ် ... စွပ်စွဲချက်





လေး နည်းနည်းလျှော့ ... ဟုတ်ပြီလား"

"ပြော ... "

"ကိုယ်နာမည်က ရှိန်းထွန်းထွန်း ... "

"အဟိ ... "

"ရယ်ပြန်ပြီ ... "

"အခုမှ ထွန်းထွန်းကို မိတ်ကပ်ပြင်ပေးတဲ့ မာမီရှိန်းဖြစ်သွားပြီ ... "

"ကြည့်စမ်း ... ခွေးမလေး"

"ဟ ဟား ... မိရှိန်းကလဲဟာ ... "

"မေနော် ကိုယ့်ကို အဲလိုမခေါ်နဲ့"

"စတာပါ စတာပါ ... "

ဘောလုံးကွင်းထဲ ဝင်ထိုင်လိုက်ပြီး မေက လွယ်အိတ်ထဲမှ Coffee ဗူးလေး နှစ်ဗူးထုတ်ကာ တဗူးကိုရှိန်းထံ လှမ်းပေးလိုက်သည်။

"ဘာလဲ ... "

"သောက်လေ ... "

"ကျေးဇူးပဲ ... "

"ခွင့်ချွဲနား ... ခွင့်ချွဲနား ... ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေက လက်စသတ်တော့ ကိုရီးယား ရှုးရှုးနေတာကိုး ကိုယ် အရင်က ချစ်သူလဲ မေ့လိုပဲ ... ခုခေတ်က ကိုရီးယားကား တွေ ပေါ်လာတော့လဲ အတုခိုးတာမြန်ပါ့ ... "

" ... "

"မေ ... "

"အင် ... "

"ဘာဖြစ်တာလဲ ... "

"မကြားချင်လို့ ... "

"ဘာကိုလဲ ... မေ့ကို အရူးလို့ ကိုယ်မပြောဘူးနော်"

"အဲဒါကို ပြောတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ ... "

"ရှိန်းရဲ့ အရင်လူတွေ အကြောင်းကို မကြားချင်ဘူး"

"ဘာဖြစ်လို့လဲ ... "

"ဒီလိုပဲ ... မိန်းမတွေဆိုတာ ကိုယ်ကလွဲရင် တခြားမိန်းမ တစ်ယောက်အကြောင်းပြောတာ မကြိုက်ကြဘူး ... အဲဒါမှတ် ထား"

"သြော် ... ကိုယ်က ရုတ်တရက် ဘာရယ်မဟုတ်ပါဘူး ... ဒီလိုပဲ ပြောလိုက်တာ ... "





"ဒါနဲ့လေ ... ရှိန်းရဲ့ ချစ်သူနဲ့ မေနဲ့ ဘယ်သူပိုချောလဲ"

"ဘာဖြစ်လို့လဲ ... "

"သိချင်လို့ ... "

"ဒီလိုပါပဲ ... "

"ဘာ ဒီလိုပါပဲလဲ ... မရဘူး ပြောပြ ... "

"မေလဲ ချောပါတယ် ... သူလဲ ချောပါတယ် ... နှစ်ယောက် စလုံး သူ့နေရာနဲ့သူ ချောကြတာပဲ ... အထူးသဖြင့် မေက ဒီခေတ် ကြီးနဲ့ ပိုလိုက်တာပေါ့ ... ကဲ ကျေနပ်ပြီလား ... "

"အပြည့်အဝတော့ မကျေနပ်ဘူး ... "

"ကိုယ်က အမှန်တိုင်းပြောတာပဲဟာ ... "

"ဒါဖြင့် သူနဲ့ဘာလို့ ပြတ်သွားရတာလဲ"

"ဒီလိုပါပဲ ... ဖုန်းဆက်ပြီး ဒီစကားတွေပဲပြောနေရတာ ပျင်း လို့ ... ဒီလိုပဲ ပြတ်သွားကြတာ ... "

"ပျင်းရအောင် ဘာတွေပြောကြလို့လဲ ... "

"ရည်းစားနဲ့ ဖုန်းမပြောဖူးဘူးလား ... "

"ဟင် ... တူလို့လား"

"အနည်းငယ်လွဲ၏ပေါ့ ... "

"ယောကျ်ားတွေကလဲ ဒီစကားပဲတတ်တယ်ထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... "

"ဒါဖြင့် ရှိန်းက အရင်စဖြတ်တာပေါ့ ... "

"အဲလိုပဲ ပြောရမှာပေါ့ ... "

"သူနဲ့ရော အခုနောက်ပိုင်း မတွေ့တော့ဘူးလား"

"တွေ့တယ်လေ ... သူငယ်ချင်းလိုပါပဲ ... မေထူးခေါ်ပြောပေါ့ ... "

"ဟွန် ... "

"ဘာဖြစ်တာလဲ ... "

"ပိုတောင် စိတ်မချတော့ဘူး ... "

"နေပါဦး ... မေ အခု ကိုယ့်ကို ပြောနေတာ ကိုယ်တစ်ခုမှ နားမလည်ဘူး ... ဘာပြောတာလဲ"

"ရှိန်းကို ချစ်နေလို့ ရှင်းပြီလား ... "

"အာ ... မေကလဲ ... "

"ဘာလဲ ... ရှိန်းက မချစ်ဘူးလား"

"အဲလို မပြောပါဘူး ... "

"ဒါဖြင့် ချစ်တယ်ပေါ့ ... "

"ကိုယ် မသိဘူး ... "

"ဟာကွာ ... မသိဘူး ... မေ ကျေနပ်လောက်အောင်





အဖြေတစ်ခုပြော ... "

"ဟင်း ... တကယ်တော့ အချစ်က အလကားပဲ မေရဲ့ မေ သိထားတဲ့ အချစ်က ကိုယ့်လောက်ပဲများဦးမလား ... ကိုယ့်လိုလူတစ်ယောက်ကရော မေ့ကို ပြန်ချစ်လိုက်တာနဲ့ မေ့ဘဝကြီး ဘာများပြောင်းလဲသွားမှာ မို့လို့လဲ ... မေ ကိုယ့်ကို နားမလည်သေးပါဘူး ... မေရယ် မေ့ဘဝမှာ တက်လမ်းတွေအများကြီးပဲ ရှိသေးတာ ... ဒီလိုနဲ့ နစ်မွန်းသွားတော့မှာလား ... ကိုယ်က ယောကျ်ားတစ်ယောက်ပါ မေ့ကို ပြန်ချစ်ဖို့လွယ်ပေမဲ့ ... ကိုယ့်နှလုံးသားကို ကိုယ်မညာချင်ဘူး ... မေနဲ့ ကိုယ် ... ဒီတိုင်းလေးပဲ ဆက်နေကြတာ မကောင်းဘူးလား ... "

" ... "

"အချစ်ဆိုတာ တည်မြဲတာမှ မဟုတ်ပဲ မေရယ် ... မေနဲ့ ကိုယ်နဲ့ ချစ်ခဲ့ကြပြီး တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မဝေးဘူးလို့ ပြောနိုင်ဦးမလား ... ဝေးခဲ့ရင် ချစ်ခဲ့တာကြီးပဲ အဖက်တင်မယ် ... ဒီကြားထဲ အကြောင်းတစ်ခုခုကြောင့် မုန်းသွားကြရင် ... အဟင်း ကိုယ်တန်ဖိုးထားတဲ့ စာအုပ်လေး တစ်အုပ်ပျောက်သွားရင် ကိုယ် အရမ်းနှမြောမိတယ် ... အဲလိုပဲ ကိုယ် မေ့ကို တန်ဖိုးထားတယ် ကိုယ့်အနားက ပျောက်သွားမှာစိုးတယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း … မေကတော့ ရှိန်းကိုချစ်တယ်၊ အဲဒါပဲ မေ သိတယ် … "

"မေ ကိုယ်ပြောတာ နားမလည်ဘူးထင်တယ်"

"ရှိန်း စဉ်းစားပေးပါနော်"

"မေ … နောက်နေတာလား"

"မေ … အခုပြောနေတဲ့ ပုံစံက အဲလိုရုပ်ပေါက်နေလို့လား ရှိန်း … "

"ဆောရီး … ကိုယ်ပြောတာက အခု မေက မိန်းကလေး ကိုယ်က ယောကျ်ားလေးလေ … "

"ဟင့်အင်း … အချစ်မှာ ဘာမှ မရှိဘူး … ချစ်ချင်တဲ့လူက အရင်ချစ်မှာပဲ … "

"ခက်နေပြီ … လာ သွားကြရအောင် ကျူတိုရီရယ်ရှိတယ်"

"ဟင့်အင်း … မသွားဘူး … ခုမှ (၁)နာရီပဲ ရှိသေးတယ် ရှိန်းချစ်တယ်ပြောမှ သွားမယ် … "

"မေ … ကိုယ့်ကို အဲလို အကြပ်မရိုက်ပါနဲ့ကွာ"

"အို … မသိဘူး … မသိဘူး"

"မေ … "





"ပြောဆို … "

"အိုကေ … ကိုယ့်ကို အချိန်ပေး ဟုတ်ပြီလား"

မေက ရှိန်းကိုမော့ကြည့်သည်။ ရှိန်းက တည်ကြည်သော အပြုံးနှင့် နူးညံ့စွာကြည့်သည်။

"တကယ်လား … "

"အင်းပေါ့ … "

"ဒါဖြင့် မေ့ဖုန်းနံပါတ်ပေးခဲ့မယ် … ဒီည ၈ နာရီဆက်"

"အင်း … အခုတော့ သွားရအောင်"

"တကယ် ဆက်ရမှာနော် … ကလေးဆိုပြီး လာမလိမ့်နဲ့"

"သြော် … တကယ်ပါကွာ … "

"ပြီးတာပဲ … "

ဒီလိုနဲ့ပြီးလို့မရ … အရာရာဟာ စဉ်းစားချင့်ချိန်စရာဆိုတာ မမှန်မှုးသေးတဲ့ စာသူငယ်မို့ မသိလေရှာသလား …

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

**တော်ဝင်အမျိုးသမီးဆောင်**

"မမဖြူရေ ... မမဖြူ"

"မေလား ... "

"ဟုတ် ... "

"တံခါးဖွင့်ထားတယ် မေရဲ့ ... "

"ဟာ ... မီးပူတိုက်နေပါလား ... နေကောင်းသွားပြီလား"

"အင်း ... မနက်က အိပ်လိုက်တာ ကောင်းသွားပြီ ဟောဟို မှာ မေ့အင်္ကျီတွေ မီးပူတိုက်ပြီးပြီ ... "

"ခုန်မစမီသား ... မမဖြူ ... ဒီဆန်ပြုတ်တော့သွားပြီ"

"သောက်ပေးရမှာပေါ့ ... ဖြူ့ ချစ်ညီမလေး ဝယ်လာတာ"

"ဒါဖြင့် အခုသွားထည့်လိုက်မယ်နော် ... "





"အင်း ... "

ခဏနေတော့ မေတစ်ယောက် ဆန်ပြုတ်ပန်းကန်ကိုင်ကာ ဝင်လာသည်။ စားပွဲပေါ်တင်ထားလိုက်ပြီး ...

"ပြောစရာရှိတယ် သိလား ... "

"ဘာလဲ ... မိုးထက်နဲ့ ပြန်အိုကေသွားပြီလား"

"မဟုတ်ပါဘူး ... "

"ဒါဖြင့် ဘာလဲ ... "

"သူ့ကို မေ ဖွင့်ပြောလိုက်ပြီ ... "

"ဟယ် ... ဘယ်လိုပြောလိုက်တာလဲ ... "

"ချစ်တယ်လို့ပေါ့ ... "

"ဟယ် ... ကောင်မလေးတစ်ယောက် ရှက်လည်းမရှက်ဘူး ... ဟာ ဟ"

"မရှက်ပါဘူး ... "

"ဘာ ပြန်ပြောလဲ ... "

"စဉ်းစားပေးမယ်တဲ့ ... "

"ဟ ဟား ... တယ်လဲ ဟုတ်ပါလား ... ဒီနှစ်ယောက်က တော့ တစ်ယောက်ကလဲ ဖွင့်ပြောတယ် ... ဟိုတစ်ယောက်ကလဲ စဉ်းစားပေးမယ်တဲ့ ... ကြော် ... ငါ့ညီမလေး ဖြူ့လိုမဖြစ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းပါစေ ... ”

“ပေးတဲ့ဆုနဲ့ တသီကြီးအားရပါးရ ပြည့်ပါစေ ... ”

“အာဟင်း ... ”

“မေလေ ... ဖုန်းနံပါတ် ပေးထားခဲ့တယ် ... ဒီည ဆက်လို့လဲ ပြောလိုက်တယ် ... ”

“ဩော် ... မေနဲ့မှပဲ စကားပုံတောင် ပြောင်းရမလိုဖြစ်နေပြီ ... ”

“ဘာလဲဟင် ... ”

“ဟိုစကားပုံလေ ... ယောကျ်ားကြိုက်တော့ ဆိုက်ဆိုက်လာ ... မိန်းမကြိုက်တော့ မျှော်လိုက်တာ ဆိုတာလေ ... ”

“အာ ... မမဖြူကလဲ ... ”

“အဟင်း ... မဟုတ်လို့လား ... ဒီခေတ်ကြီး မေ့လို ကောင်မလေးတွေချည်းပဲ ဆိုရင်တော့ ဖြူလဲ တစ်ယောက်လောက်ဥထားမှပဲ ... တော်ကြာ အပျိုကြီးဘဝနဲ့ ငှက်ပျောတုံးဖက်နေရပါဦးမယ်”

“ငှက်ပျောတုံးလည်း ဖက်လို့မရတော့ဘူး ... ”

“ဘာလို့ ... ”

“မုန့်ဟင်းခါးဆိုင်တွေက မှိုလိုပေါက်နေတာလေ ... ဟဟ”

“ခက်ပြီ ခက်ပြီ ... ခုမှ ဆပ်ပြာသည် လင်ပျောက်ဖြစ်ပြီ”





“မမဖြူကလဲ ... ကိုမိုးမိုးကို ပြန်ဆက်ပါလားလို့ ... ”

“အို ... မဆက်ချင်ပါဘူး ... သူက အရင်မေ့ဖို့ ကြိုးစားတာ ... ဖြူက ထားခဲ့တယ်ဆိုရင် တမျိုးပေါ့ ... နည်းနည်းပါးပါးချော့မော့ပြီး ပြန်တွဲလို့ရသေး ... သူ့ပုံစံကြည့်ရတာလဲ ထွေးပြီသား ံတွေးပြန်မျိုးမဲ့ပုံ မပေါ်ဘူး မေရဲ့ ... ”

“ထွေးပြီးသား တံတွေးကို ပြန်မမျိုဘူးဆိုတော့ အာသီးယောင်နေလို့ပဲ ဖြစ်ရမယ် ... ”

“မေကတော့လေ ... ”

“ဒီမှာ ဆန်ပြုတ်ပူပူလေး သောက်လိုက်ဦး ... အဲဒါ မေက်တိုက်လိုက်မယ် ... ”

“ကုန်ပြီ မေရဲ့ ... ဒီတထည်ပြီးရင် ကုန်ပြီ ... ”

“ကဲပါ ... ထ ... ဒီမှာလာသောက် ... မေ သိမ်းလိုက်ယ် ... မမဖြူကို ရတဲ့လူကတော့ ရှယ်ကံကောင်းမှာပဲ ... မေ ယောကျ်ားလေးဆို မမဖြူကိုပဲ ယူမှာ ... ”

“ဖူးစာလိုသေးတယ်လေကွယ် ... ”

“ဖူးစာဆိုတာ ဖူးစုံရဲ့ညီမလား ... ”

“ဘယ်ကလာ ... တစ်ယောက်နဲ့တစ်ယောက် တွေ့ဖို့ဆို ဟိုဘဝက ရေစက်ပါမှ တစ်ယောက်နဲ့တစ်ယောက် ချစ်ဖို့ဆို



www.burmeseclassic.com

www.burmeseclassic.com



တာကလဲ ဖူးစာပါမှ … ကဲ ခု ဖူးစာမပါတဲ့ လူများကျတော့လဲ အကြောင်းအမျိုးမျိုးနဲ့ ပြတ်ကြတာပဲ … ”

“ဒါဖြင့် တစ်ယောက်နဲ့တစ်ယောက် ချစ်လို့မရတာ ဖူးစာ မပါလို့ပေါ့နော် … ”

“အင်းပေါ့ … ဥပမာ မေနဲ့ ရွှေခဲလိုပေါ့ … ”

“အဲဒီ ရွှေခဲကိုသာ မေ့ရဲ့ဖူးစာရှင်အဖြစ် တွေ့ခဲ့ရင်တော့ သူ့ကို လည်ပင်းညစ်ပြီး သတ်လိုက်မယ် … ”

“အဲလို ဘယ်ရမလဲ … ဖူးစာဆိုတာ မွေးကတည်းက မြ နတ်မောင်က သတ်မှတ်ပေးပြီးသား … ”

“ဒါဖြင့် လူတွေက ဘာလို့ တစ်ယောက်နဲ့တစ်ယောက် အတည်မကြိုက်ကြပဲ အများကြီးတွဲနေကြတာလဲ … ”

“အဲဒါ … ဖူးစာရှင် မှန်နဲ့မတွေ့သေးလို့ပေါ့ မေရဲ့ … ”

“ဒါဆို မေနဲ့ မိုးထက်နဲ့လဲ ဖူးစာ မဆုံလို့ပေါ့နော် … ”

“ပြောလို့ ဘယ်ရမလဲ … ယူဖြစ်သွားမှ သြော် … ဒါ ဖူးစာရှင် အမှန်ပါလားပေါ့ … ”

“ဒါဖြင့် တချို့ လင်တစ်ယောက်ပြီး တစ်ယောက်ပြော တာကျတော့ရော … ”

“ဒီကောင်မလေးကလဲ ကပ်သီးကပ်သီး လာမေးနေပြန်ပြီ”





“မသိလို့ပါ … မမဖြူရဲ့ ပြောပြ … ”

“အင်း … အဲဒါကျတော့လဲ ဖူးစာရှင် မဟုတ်သေးလို့ပေါ့ ဘဝက ရေစက်ပါသရွေ့ အတူနေနေကြရတာပေါ့”

“အပျိုကြီးတွေ ကျတော့ရော … ”

“သူတို့က မွေးကတည်းထဲက ဖူးစာမပါလာလို့ပေါ့ … ”

“ဖူးစာ … ဖူးစာ”

“ဟိုစကား ကြားဖူးလား … နဖူးစာ ရွာလည်ဆိုတာလေ”

“အင်း … အဲဒါဘယ်လိုလဲ … ”

“ဘယ်လိုလဲဆိုတော့ … ဖြူတို့မြို့က လင်မယားအကြောင်း ပြောပြမယ် … ”

“အင်း … ”

“အစ်ကိုကြီးက အခုယူထားတဲ့ အစ်မကြီး သူ့မိန်းမပေါ့”

“အင်း … ”

“သူ့မိန်းမ လမ်းထဲကနေ ဖြတ်ပြီး သူ့ရည်းစားကို သွားကြို ကျ … အစ်မကြီးကလဲ ဒီအစ်ကိုကြီးကို မြင်ဖူးတယ် … သူ့ ရည်းစားနဲ့ သူ့အိမ်ရှေ့က ဖြတ်နေကျကိုး … ”

“အင်း … အဲဒါနဲ့”

“တစ်နေ့ကျ အစ်ကိုကြီးက သူ့ရည်းစားနဲ့ပြတ်သွားတယ်



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ အဲဒီအစ်မကြီးနဲ့ ဆုံပြီး ညားသွားတယ်ပေါ့ ... အဲ
တော့ အစ်ကိုကြီးကပြောတယ် ... သူ့မိန်းမကို အရင်ကမြင်
သလိုလို ရှိတယ်ပေါ့နော် ... ”

“အင်း ...”

“သူ့မိန်းမကပြောတယ် ... ရှင်က ကျွန်မတို့အိမ်ရှေ့က ဖြ
နေကျ ... ကျွန်မလည်း မြင်ဖူးတယ်ဆိုတော့မှ အစ်ကိုကြီးက အ
ပါးရရယ်ပြီး နဖူးစာ ရှာလည်ဆိုတာ အဲဒါပေါ့လို့ပြောတာ ...”

“သြော် ... အဲလိုလား”

“အဲဒီအစ်မက ဖြူ့ရဲ့ အစ်မဝမ်းကွဲလေ ... ”

“ဟယ် ... ဟုတ်လား”

“အင်း ... ”

“ဟာ ဟ ... တကယ်ရယ်ရတယ် ... ”

မေက မီးပူနှင့်အင်္ကျီများကို စနစ်တကျထားလိုက်ပြီး ခု
ပေါ်သို့ လှဲလိုက်သည်။

“မမဖြူနဲ့ ခွဲရရင် မေတော့ ငိုမိမှာပဲ”

“သြော် ... မေရယ် လူဆိုတာ တစ်နေ့သေမျိုးချည်းပဲ အ
နေ ဖြူနဲ့ မခွဲရရင် တချိန်ကျ ဖြူသေရင် ခွဲရမှာပဲ မဟုတ်လား”

“ဒါပေမဲ့ စောစောခွဲရတာပေါ့ ... ”





“ဒါဖြင့် မြစ်ကြီးနားကို လိုက်ခဲ့လေ ... ”

“မေ့ ချစ်သူကိုပါ လက်ခံမှာလား ... လက်ခံမှ လိုက်မှာ
နော်”

“မေ့ကို လက်ခံမှတော့ မေ့ချစ်သူလဲ လက်ခံရမှာပေါ့”

“အင်းပေါ့ ... စာလုပ်စရာပါတယ် မမဖြူရေ ဖုန်းမလာခင်
အပြီးလုပ်ရမယ် ... ”

“အင်း ... ဖြူလဲ စာလုပ်ရမယ်”

မေ့ ဖုန်းမှခေါ်သံ Ring Tone လေးမြည်လာသည်။

မေက စာကြည့်စားပွဲမှ ဆတ်ခနဲထလိုက်ပြီး ရင်ဘတ်ကို
လက်လေးနှင့်ဖိကာ ...

“မမဖြူ မေရင်တွေခုန်လိုက်တာ ... ”

“ရင်ပဲခုန်နော် ... အသံမတုန်စေနဲ့ အဟင်း ... ”

“ဟုတ် ... ”

“ဟယ်လို ... ”

“ဟယ်လို မေလား ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ..."

"ဘာလုပ်နေလဲ ..."

"စကားပြောနေတာပေါ့ ..."

"ဘာအကြောင်းတွေလဲ ..."

"ဟိုစပ်စပ် ဒီစပ်စပ်ပေါ့ ..."

"ကိုယ့်အကြောင်းရောပါလား ..."

"အင်း ..."

"..."

"ကဲ ... မပြောထားတာ ဘယ်လိုလဲ အဖြေက"

"ဟင် ... ပေးမယ်လို့ ပြောမိလို့လား"

"ဟာ ... ဒီည ဖုန်းဆက်မယ်ဆို ..."

"အင်းလေ ... ခုဆက်တယ်လေ ..."

"စဉ်းစားပေးမယ်ဆို ..."

"အင်းလေ ... စဉ်းစားနေတာပဲဟာ ..."

"ဒါဖြင့် ပြောလေ ..."

"စဉ်းစားလို့မှ မပြီးသေးတာ"

"ဟာ ... ညစ်ပတ်တယ်ကွာ ... ပြော မရဘူး"

"မေကလဲ ..."





"မသိဘူး ... ချစ်လား ပြော"

"ဘယ်လိုဖြစ်နေရတာလဲ ကောင်မလေးရယ်"

"ခံစားချက်တွေ ထိန်းမရတော့ဘူး ပြောဆို ..."

"မချစ်ဘူး ..."

"ဟာ ... ရှိန်း ..."

"ဘာလဲ ..."

"ရှိန်း မေ့ကို တကယ် တကယ်ပြောသွားတာလား"

"မသိဘူး ..."

"..."

"ရှိန်း ... မေ့ကို အရူးလုပ်တယ်"

"ဘာလုပ်မိလို့လဲ ..."

"တောက် ..."

"ဟာ ... ဘယ်သူ့ကို တောက်ခေါက်တာလဲ"

"ကိုယ့်ကိုယ်ကိုယ် ခေါက်တာ ဘာဖြစ်လဲ ..."

"ကိုယ့်ကို ဘယ်မိန်းကလေးကမှ တောက်မခေါက်ခဲ့ဖူးဘူး နော် ..."

"ခု ... မေခေါက်တယ် ဘာဖြစ်လဲ ..."

"တောက်မခေါက်နဲ့မေ ... ကိုယ် မကြိုက်ဘူး ... တောက်



www.burmeseclassic.com

www.burmeseclassic.com



ခေါက်တာ ယောကျ်ားလေးတွေရဲ့အလုပ် ... ”

“ဒေါသဖြစ်တာကိုးလို့ ... မသိဘူး ရှိန်း ပြောရမယ်”

“မေရယ် ... တော်တော်ပဲဆိုးနေပါလား ... မေ့ချစ်သူလေးတွေ မျက်ရည်ဝိုင်းနေပါဦးမယ်”

“ဝိုင်းရုံမကလို့ ဖူးသီးလုံးလောက်ပဲကျကျ ဂရုမစိုက်ဘူး”

“မေ့ကို ကိုယ် ဘယ်လိုပြောပြရမလဲ”

“စိတ်ထဲရှိတဲ့အတိုင်းသာပြောပြ ... ”

“လူချင်းတွေ့မှပဲ ပြောပြတော့မယ်နော်”

“ဟာ ... ”

“ဖုန်းချလိုက်တော့မယ် ... ”

“ခဏနေဦး ... ”

“အင်း ... ပြော”

“ဒါဖြင့် မနက်ဖြန် ၁၀ နာရီ ဘောလုံးကွင်းမှာ စောင့်နေမယ်လာခဲ့မယ် ... ”

“အင်း ... ဒါဆို ဖုန်းချမယ်နော်”

“အင်း ... ”

မေ လေးလံစွာ လှေကားထစ်များကို နင်းလာပြီး ခုတင်ပေါ်မှောက်ခုံ မှောက်လိုက်သည်။ စံပယ်ဖြူ တစ်ယောက်မေ့





ကြည့်ကာ ...

“ဘာလဲ အိမ်က ဖုန်းကြီးလား”

“မဟုတ်ဘူး ... သူဆက်တာ”

“ဘာတဲ့လဲ ... ”

“မချစ်ဘူးတဲ့ ... ”

“ဟယ်တော် ... မေရယ် ဘာမှ စိတ်ခတ်မကျနေနဲ့ ငါ့ညီမလေးက ဒီလောက်ချောတာ သူက ဘာမို့ငြင်းနေရတာလဲ ... တကယ်ပဲ ယောကျ်ားတွေများ သူတို့အဖြစ်မရှိလို့ ကိုယ်က အဖြစ်ရှိပြန်တော့လဲ ပဲကများနေသေး ... ”

မေက ခေါင်းအုံးကိုဖက်ကာ ငုတ်တုတ်ထိုင်လိုက်သည်။

“သူက ဒီညဖုန်းဆက်မယ်ပဲ ပြောတာတဲ့ ... အဖြေပေးမယ်လို့ပြောတာ မဟုတ်ဘူးတဲ့ ... အဲဒါ မေက အတင်းအဓမ္မတောင်းလိုက်တာ ... သူက မချစ်ဘူးလို့ပြောတယ် ... နားထဲ မိုးကြိုးပစ်သွားသလားတောင် အောက်မေ့တယ် ... မေတော့ မိုးထက်ကို ဂရုမစိုက်ပဲ တခြားတစ်ယောက်ကို ရင်ခုန်မိလို့ မြားနတ်မောင်က အပြစ်ပေးတာထင်တယ် ... ”

“အို ... မိုးထက်နဲ့က ဖူးစာမဆုံလို့ပဲ မှတ်လိုက်ပါမေရယ် အခု သူကလည်း ပြောတယ် ... မဟုတ်လား ... ဒီည အဖြေပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့မှ သူမပြောတာပဲ ... နောက် ဘာပြောသေးလဲ"

"မနက်ဖြန် လူချင်းတွေ့မှပဲ ပြောပြမယ်တဲ့ ... "

"အဲဒီကျမှ ပြောမှာပေ့ါ အခု ... စတာနေမှာပါ မေရယ်"

"အဲလိုဖြစ်ရင်တော့ ... သိပ်ကောင်းမှာပဲ မမဖြူရယ်"

"ဘာမှ အားမငယ်နဲ့ ... မေ့ကို သူကြိုက်မှာပါ ... နော် စာပြီးပြီ မဟုတ်လား ... အိပ်တော့ ဖြူ စာအုပ်တွေ သိမ်းလိုက်မယ် မနက်ဖြန်အတွက် မျက်နှာလေးက လှနေမှပေ့ါ ... အိပ် ... "

"အင်း ... "

အလှအပဆိုတာ ဘဝအတွက် အဓိကအရေးပါဘူးဆိုပေမယ့် လည်း ချစ်သူတွေကြားမှာတော့ မပါမဖြစ်ပေ့ါလေ ...

အခန်း (၇)

ဘောလုံးကွင်း

"ဆောရီး ... မေ ကိုယ်နောက်ကျသွားတယ် ... ရောက်နေတာ ကြာပြီလား"

"မေလဲ အခုမှ ရောက်တာ"

"ဘယ်လိုလုပ်ကြမလဲ ... ဒီနေ့ ဘူမိက ကျောင်းသားတွေ ဘောလုံးကန်ကြမလို့တဲ့ ခဏနေလာကြတော့မှာ"

"ဟင် ... ဟုတ်လား"

"အင်း ... ဇော်သီဟ ပြောလို့ ကိုယ်လဲ အခုမှသိတာ"

"ဟင်း ... "

"ဘာ သက်ပြင်းချတာလဲ"

ရှိန်းက မေခေါင်းကဆံပင်ကို ဖွကာ ရယ်ရင်းပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မေက ...

"ဒါဖြင့် ဒီနေ့လဲ မပြောဖြစ်တော့ဘူးပေါ့နော်"

"အချိန်တွေ အများကြီးရှိသေးတာပဲနော် ... လာ"

"တော်ပါပြီ ... အတန်းချိန် လစ်လာတာ သွားတက်တော့မယ်"

"စိတ်ဆိုးတာလား ..."

"ဟင်း ..."

"ချပြန်ပြီ သက်ပြင်းက ... အသက်တိုလိမ့်မယ်"

"ဖယ် ... သွားတော့မယ်"

"ဟိတ် ... မေးနေတာ ဖြေဦးလေ"

"ရှိန်းက ဘောလုံးပွဲ ကြည့်ဦးမှာလား"

"အင်း ..."

"ဒါဖြင့် အလောင်းအစားတစ်ခု လုပ်ခဲ့မယ် ... ဖြေနိုင်ရင် မေ ရှိန်းကို ဘယ်တော့မှ မချစ်တော့ဘူးလို့ ကတိပေးတယ် ... မဖြေနိုင်ရင်တော့ ရှိန်း ချစ်တယ်လို့ ပြောရမယ် ဘယ်လိုလဲ"

"ဟင် ... အဲလိုကြီးတော့ မလောင်းချင်ဘူး ... လောင်းကြေးပြောင်းမယ်လေ ..."

"မပြောင်းဘူး ... ဒါမှ တိတိကျကျ အဖြေသိရမှာ ... မေ





မေးတာလဲ ရှိန်းဖြေနိုင်မှာ မဟုတ်ပါဘူး ..."

"ဖြေနိုင်ရင်ရော ..."

"ဖြေနိုင်ရင် ကတိအတိုင်းပေါ့ ၃ ခုထဲမေးမှာပါ ... အဲဒါက (၁) ဉာဏ်ကောင်းတဲ့ ကူးတို့သမားတစ်ယောက်ရှိတယ် ... သူ့ကို လူတစ်ယောက်က တစ်ဖက်ကမ်းက လူတစ်ယောက်ဆီ စာပေးခိုင်းတယ် ... စာအိတ်နာမည်လည်း ရေးမထားဘူး ... "ပေးလှည့်" လို့ပဲ ရေးထားတယ် ... ကူးတို့သမားက တစ်ဖက်ကမ်းလဲရောက်ရော အဲဒီကမ်းမှာ လူတွေ အများကြီးရှိနေတော့ ဘယ်သူ့ကို ပေးရမှန်း မသိတော့ဘူး ... အဲဒါနဲ့ စာအိတ်မှာ ရေးထားတဲ့ "ပေးလှည့်" ဆိုတာကို စဉ်းစားပြီး နာမည်ခေါ်လိုက်တယ် ... လူတစ်ယောက်က ယူသွားတယ် ... အဲဒီလူရဲ့ နာမည်က ဘာလဲ ..."

"ဟင် ..."

"နောက်တစ်ခုက လူတစ်ယောက် ၁၂ ထပ်တိုက်မှာနေတယ် ... သူ့အလုပ်က ညဘက် ညဥ့်နက်မှပြီးတာ ... သူက မနက်ဆို ၁၂ ထပ် တိုက်ကနေ အောက်ထိ ဓာတ်လှေကားစီးပြီး ဆင်းတယ် ... ဒါပေမယ့် ညသန်းခေါင်ကျော် ပြန်လာပြီဆိုရင် ဓာတ်လှေကားကို ၆ ထပ်ထိပဲစီးပြီး ကျန်တဲ့ ၆ ထပ်ကို ရိုးရိုးလှေကားနဲ့ တက်တယ် ... ကျန်းမာရေးအရ တက်တာမဟုတ်ဘူး ... အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲ ... "

" ... "

"နောက်ဆုံးတစ်ခု သူဌေးကြီးတစ်ယောက်က အလုပ်ကိစ္စတစ်ခုနဲ့ နိုင်ငံခြားကို ခရီးသွားရမှာ မသွားခင်တစ်ရက်မှာ သူ့ခြံက ညစောင့် အလုပ်သမားက လာပြောတယ် ... သူ့ အိပ်မက်ထဲမှာ သူဌေးကြီးစီးမဲ့ လေယာဉ်ပျက်တယ်လို့ အိပ်မက်မက်တယ်တဲ့ ... သူဌေးကြီးက အစီအစဉ်ကိုရွှေ့ဆိုင်းလိုက်တယ် ... တကယ်လဲ အဲဒီနေ့က လေယာဉ်ပျက်ကျသွားတယ် ... သူဌေးကြီးက ကျေးဇူးတင်လွန်းလို့ ညစောင့် အလုပ်သမားကို ပိုက်ဆံပေးပြီး စကားတစ်ခွန်းပြောလိုက်တယ် ... မင်း နောက်နေ့ကစပြီး ငါ့ခြံမှာ အလုပ်လုပ်စရာမလိုတော့ဘူး ... "ဆိုပြီး အလုပ်ထုတ်လိုက်တယ် ... သူဌေးကြီး လုပ်ရပ်က မှန်သလား ... မှားသလား ... ဘာကြောင့်လဲ ... ဒီ ၃ ခုစလုံးကို မဖြေနိုင်ရင် ရှိန်း မေ့ကိုချစ်တယ်လို့ ပြောရမယ် ... အချိန်က နှစ်ရက်ပဲရမယ် ... မေ သွားပြီ ... "

မေထွက်သွားသည်နှင့် ရှိန်းတစ်ယောက် ခေါင်းကုတ်ကာ ကျန်ခဲ့သည်။





"ဟော့ကောင် ... မိုးထက် မင်းတော့ သတင်းကောင်းတစ်ခုကြားရတော့မယ် ... အဲ ဟုတ်ပါဘူး ... မင်းအတွက်တော့ သတင်းဆိုးပဲ ... ငါ့အတွက်တော့ ရှယ်သတင်း ... ရှယ်သတင်း"

"ဘာလဲကွာ ... စိတ်ညစ်ရတဲ့အထဲ နေမင်းဦးရာ"

"ငါ အခု ဘယ်သူ့ကို တွေ့လာလဲသိလား ... "

"ဘယ်သူလဲ ... မေ့ကိုလား ... "

"အေး ... "

"ဘယ်မှာလဲ ... "

"ဘောလုံးကွင်းက ထွက်လာတာ"

"ဘောလုံးကွင်း ... သူက ဘာသွားလုပ်တာလဲ"

"ဘာသွားလုပ်ရမှာလဲ ... ဘဲနဲ့ချိန်းတွေ့တာပေါ့"

"ဟုတ်လို့လားကွာ ... "

"ဘဲ အတိအကျတော့ မဟုတ်သေးဘူး ... သူက နိုက်နေတာ ဖြစ်မှာ ... "

"ဘယ်သူ့ကိုလဲ ... "

"ငါတွေ့တာတော့ ကိုရှိန်းနဲ့"

"ဟာကွာ ... ဖြစ်နိုင်ပါ့မလား"

"သေချာတယ် ... ငါ သေချာကြည့်ပြီးပြီ ... ကိုရှိန်းက



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောလိုက်လို့လဲ မသိဘူး ... မေက လှည့်ထွက်သွားတယ် ... ကေနှ တဖက်သတ်ကြိတ်ကြွေနေတာပဲ ဖြစ်ရမယ် ... သူ့ အဖြစ်က လေ လက်တစ်ဖက်တည်းရှိပြီး အသံမြည်ချင်လို့ နောက်တစ်ဖက်က လိုက်ရှာနေသလိုပဲ တကယ်ရယ်ရတယ် ... ဘာလုပ်မှာလဲ ဒီလ မိန်းမမျိုးအတွက်နဲ့ မင်းကသာ မားမားမတ်မတ်ကြီးရပ်တည်နေ တာ သူက မင်းကိုဖုတ်လေတဲ့ ငါးပိ ရှိတယ်တောင် မထင်ဘူး ... မင်းနဲ့ သူနဲ့ကလေ ကလေးစီးတဲ့ လျှောလိုပဲ ... မင်းက နိမ့်သွားရင် သူက မြင့်သွားလိုက်နဲ့ အလယ်က ထိုင်နေတာ ဘယ်သူလဲသိလား ကိုရှိန်းပေါ့ကွ ... မင်းနဲ့က အပြီးပြတ်သေးတာလဲ မဟုတ်ဘူး ... ယောင်တောင်တောင်နဲ့ ဒူဝေဝေတော့ မလုပ်နဲ့ ဟိုကမင်းက ကြေးစည်အမှတ်နဲ့ ထုသွားမှ လည်ပြီးအော်ကျန်နေခဲ့မယ် ... ဖြစ် စရာရှိ ကိုယ့်ဘက်က အရင်ဖြတ်မှ ... "

"သူလျှောက်ချင်သပဲ့ဆိုလဲ ... လျှောက်ပါစေကွာ ... ငါက သူ့အတွက် ခလုတ်ကြီးဖြစ်နေပါဦးမယ် ... တကယ်တော့ သူ မင်း လို့ပါ ... ငါက သူ့အတွက် ခလုတ်မှန်သမျှ ရှင်းပေးချင်တာ"

"ခလုတ်တွေ ခဲတွေလုပ်မနေနဲ့ မိန်းမတစ်ယောက်ဖြတ်တာ ကို မင်းခံနိုင်လား ယောကျာ်းကွ မိန်းမတွေ လှည့်စားချင်တိုင်း လှည့်စားလို့ မရအောင်တော့ အမောက်ထောင်ပြရမှာပဲ"





"ငါ သေချာအောင် စုံစမ်းကြည့်ပါဦးမယ်ကွာ ... "

"ဟယ် ... မေ ဒီနေ့တယ်စောပါလား ... ချစ်သူနဲ့လျှောက် မလည်ဘူးလား"

"ပြောမပြောချင်ပါဘူး"

မေက စံပယ်ဖြူကို အစအဆုံး ပြောပြလိုက်သည်။ စံပယ်ဖြူက စားပွဲပေါ်သို့ လွယ်အိတ်တင်ကာ ...

"သြော် ... ငါ့ ညီမလေးလဲ ကံဆိုးတဲ့ဘက်ကို မသိမသာ ယိမ်းနေသလိုပဲ ... "

"ယတြာလေး ဘာလေးချေရင် ကောင်းမလားဟင်"

"ဖြူက ညည်းရှံတင် ညည်းတာပါ ... ရည်းစားတစ်ယောက် ရဖို့ပဲ ယတြာချေစရာလား"

"ဟင့်အင်း ... မေတော့ သူ့ကိုမှ မရရင် ရူးတော့မယ်"

"ဖြူ ... ကိုယ်ချင်းစာပါတယ် မေရယ် ... ဖြူလဲ ဖြူ့ချစ်သူကို မေ့လိုပဲ အရူးတစ်ပိုင်းဖြစ်ခဲ့ရတာ ... အခုတောင် သူ့အနားကို သွားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမဖြူကမှ ကိုယ်ချစ်တဲ့လူနဲ့ ချစ်လိုက်ရသေးတယ် ... မေ့ မှာက ချစ်ခွင့်တောင် မရှိဘူး ... "

"ဟင်း ... ရှေ့တစ်ပတ် စာမေးပွဲပြီးရင် First Semeste[r] ပြီးပြီ ... နည်းနည်း ကြိုးစားကြည့်လိုပ်ပါဦးလား"

"အဲဒီ့ကျရင် မမဖြူလဲ မြစ်ကြီးနားကိုပြန်မှာပေါ့နော်"

"နှစ်တစ်ဝက်ကျန်သေးတာပဲ ... ပြန်လာမှာပေါ့ မေရဲ့"

"သူလဲ နှစ်တစ်ဝက်ပဲ ကျန်တော့တယ် မမဖြူ"

"ဩော် ... သူလဲ Final ကပဲလား ဘယ်မေဂျာကလဲ ... ဖြူသွားတွေ့ပြီး ညှိပေးရမလား"

"ဟင့်အင်း ... သူ ဘယ်မေဂျာကမှန်းလဲ မေ မသိဘူး ... မေ့ကို မပြောတာ ... နောက်ပြီး သူ့အဖြေကို မေကိုယ်တိုင် စော[င့်] ကြည့်ချင်သေးတယ်"

"စိတ်ထဲလဲ သိပ်မထားပါနဲ့ မေရယ် ... အချိန်တန်တော[့] လဲ ဖြစ်လာမှာပေါ့ ... "

စံပယ်ဖြူက မေ့ဘေးဝင်ထိုင်ကာ ပခုံးကိုပုတ်ပြီး နှစ်သ[ိမ့်] သည်။

"မမဖြူ ... "

"ဟင်"





"မမဖြူကို ကိုမိုးမိုးက ရည်းစားစကားပြောတော့ မမဖြူ [...]င်ထဲ ဘယ်လိုတွေဖြစ်နေလဲ"

"သူက စာနဲ့ပေးတာ မေရဲ့ ... "

"စာနဲ့ ... "

"အင်း ... ဘာလဲ မေလည်း စာနဲ့ပေးမလို့လား"

"ပေးပါဘူး ... အဲဒီခေတ်က ကျန်ခဲ့ပြီ"

"ဟောတော့ ... ကဲ ဒါဖြင့် ... "

"သူက သဘောလဲကောင်းတယ် မေ အနိုင်ကျင့်ရင် သူက [...]နားပါတယ် ... သိလား ... သူ့ကို မေ အားကိုးချင်မိတာ အမှန် [...] ... ဖြစ်နိုင်မယ်ဆိုရင် မေ ကျောင်းပြီးတာနဲ့ အတူတောင် နေပ[...]က်ဦးမယ် ... "

"ကျောင်းပြီးရင် ယူကြမယ်ပေါ့ ... "

"အင်း ... စိတ်ကူးထားတာပါ မမဖြူရယ် စိတ်ကူးဆိုတာ [...] ပိုက်ဆံပေးစရာမှ မလိုတာ ... အလကားရလို့ အလကား [...]းစားတာတော့ မဟုတ်ဘူး ... ရည်ရွယ်ချက် ကြီးကြီးမားမားနဲ့ [...]ဉ်းစားတာ ... "

"တော်တော်လိမ်မာတဲ့ သမီးလေးပဲနော် ... အမေကိုတော့ [...]ကျွေးမယ် မရှိဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့မှာ လုပ်ကျွေးမဲ့သူရှိနေတာပဲ မမဖြူရဲ့ ... "

"အဲ ... သူရော မေ့အိမ်က အကြောင်းသိလား"

"ဟင့်အင်း ... မေ့မှာ ချစ်သူရှိတယ်ဆိုတာပဲ သူသိတယ်"

"အင်း ... အခုမှ အဖြေကိုစဉ်းစားမိတယ် မေ ... "

"ဘာလဲ မမဖြူ ... "

"မေ့မှာ ချစ်သူရှိတာ သူ သိတယ် မဟုတ်လား"

"အင်းလေ ... "

"အဲဒါကြောင့် သူ မေ့ကို လက်မခံတာဖြစ်လိမ့်မယ်"

"ဟင် ... အဲလိုကြီးလား မေ့အထင်တော့ မေက နည်းနည်းရှုပ်တဲ့အကြောင်းတွေကြောင့်လို့ ထင်တယ်"

"သူက သိလို့လား ... မေ ပြောပြလိုက်တာလား"

"မပြောပါဘူး မေ Queen မှန်း သူသိမှတော့ မေ့အကြောင်းများ ဘယ်သူ့ လက်တို့မေးမေး ပေါ်တယ်"

"ဟင်းဟင်း ... မေတို့ကတော့နော် Popular (ပေါ်ပျူလာ) ပဲ ... "

"ဘာ Popular လဲ မမဖြူ Popular ပလတ်စတစ်လား ... တကယ်ပြောတာ ဘယ်သူ့ လက်တို့မေးမေးဆိုတော့ ဧကန္တ သူ မေးလိုက်ပုံရတယ် ... "





"သူကတော့ မေးမှာ မဟုတ်ဘူး ... အဲဒီ့ သတင်းက သူ့ဆီရောက်လာတာပဲနေမယ် ... ဟိုကောင် ရွှေခဲဆီတောင် ရောက်မှတော့ ... "

"ဩော် ... ငါ့ညီမလေးကလဲ ဘာလို့ ရှုပ်လဲ"

"ရှုပ်တာ မဟုတ်ပါဘူး မမဖြူရဲ့ ... မေ့ကို အချစ်နဲ့ပတ်ပက်ရင် မေ့ကို နားလည်ပေးပါတယ်ဆိုတဲ့ မမဖြူတောင် နားလည်မှာမဟုတ်ဘူး ... "

"ဘယ်လိုကြီးပါလိမ့် ... "

"ဟုတ်တယ် မေက ယောကျ်ားတစ်ယောက်ရဲ့ အသည်းခွဲတာကို ဦးဆုံးခံခဲ့ရဖူးတယ် ... အသည်းခွဲတာ မဟုတ်ဘူး လှည့်စားလို့ အသည်းကွဲသွားတာ ... "

"အင်း ... အဲဒီတော့ ... "

"အဲဒီတော့ မေက တွေးထားတယ် ... ယောကျ်ားတိုင်းလို့ မဟုတ်ပေမဲ့ အားလုံးက ယောကျ်ားပဲလေ ... ဘယ်ကျားမှ သိမစောင့်တာ သိတယ် မဟုတ်လား ... တစ်ယောက်နဲ့ပြတ်ရင် အသည်းမကွဲ မခံစားရအောင် Spar part လေးပါထားရင်းထားရင်းနဲ့ ... "

"အသည်းတော့ မကွဲတော့ဘူးပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"အရှုပ်ကြီးပဲ အဖက်တင်တယ် မမဖြူရယ်"

"အခု တစ်ယောက်ကိုရော ..."

"ဟာ ... တကယ် တကယ်ချစ်တာ သူက မေ့လူတွေနဲ့ ယှဉ်လို့မရအောင် အမှတ်များတယ် ၁၀၀% ပဲ ..."

"အင်း ... အပြောကတော့ အူဝဲရှူးတယ်"

"ဟဲ ဟဲ ... အဲလိုတောင် မရယ်ချင်တော့ဘူး မမဖြူရယ်"

"ကဲ မေဘာလုပ်ချင်လဲ ... ဖြူ လုပ်ပေးမယ်"

"ဘာမှ မလုပ်ချင်ဘူး ... စိတ်ကူးယဉ်နေချင်တယ်"

"ဟင်း ... မေကလဲ ဒီမှာ ဖြူက ပျင်းလို့ပါဆို ..."

"ဒါဆို အောက်ထပ်က အဆောင်မှူးအခန်းမှာ ရုပ်ရှင်သွားကြည့်ရအောင် ကိုရီးယားကား လာနေလောက်ပြီ ..."

"အို ... ကေ"

စိတ်ကူးယဉ်သည်ဆိုမှတော့ ချစ်မိတာမှားလားလို့ လုံးဝ လုံးဝ ထည့်စဉ်းစားမှာ မဟုတ် ... ။

အခန်း (၈)

ဘောလုံးကွင်း

"ကိုရှိန်း ..."

"ဟော ..."

"ဘောပွဲကြည့်နေတာလား ..."

"ဇော်သီဟကို လာအားပေးတာ ... ညီတို့ရော"

"ပျင်းလို့ ထွက်လာတာပါ ..."

"သြော် ..."

"မနေ့ကလဲ လာကြည့်တယ် ထင်တယ်"

"ကိုယ်ကို တွေ့လို့လား ..."

"အင်း ... တွေ့မိသလိုပဲ ကောင်မလေးတစ်ယောက်နဲ့ ပြောတော့ ဆော်နဲ့ပြတ်သွားတာ ကြာပြီဆို ..."



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အဲဒါ ကိုယ့်သူငယ်ချင်းပါ"

"ဟုတ်လား ... E မေဂျာက Queen မဟုတ်လား"

"အင်း ... "

နေမင်းဦးက မိုးထက်ကို လှမ်းကြည့်သည်။ မိုးထက်က တစ်ဖက်သို့ မျက်နှာလွှဲလိုက်သည်။ ခဏနေတော့ မိုးထက်က မတ်တပ်ရပ် အကြောဆန့်ကာ ...

"ခဏလေး ပြန်လာခဲ့မယ် ... နေမင်းဦး ဒီကပဲစောင့်နေ"

"အေး ... "

မိုးထက် ဘောလုံးကွင်းဘက်မှ အရှေ့ကဲန်တင်းသို့ လာခဲ့သည်။ အရှေ့ကဲန်တင်းထဲမှ ထွက်လာသော မေက မိုးထက်ကို မမြင် ... မိုးထက်က မေ့နောက်မှ လိုက်လာခဲ့သည်။ မေက ရှေ့ကဲန်တင်းမှ အနောက်ကဲန်တင်းဘက်သို့ သွားသည်။ အနောက်ကဲန်တင်းနား ရောက်ခါနီးမှ ရုတ်တရက်လှည့်ကြည့်လိုက်သည်။

"နင် ဘာလိုက်ရှုပ်နေတာလဲ ... မိုးလဲ မရွာဘူး ... ထီးလဲ ကိုင်စရာ မလိုဘူး ... "

"နောက်က လိုက်နေတာ အကောင်းမဟုတ်ဘူး မေ ... မင်းနောက်ကလိုက်ပြီး ထီးကိုင်ဖို့လဲ မဟုတ်ဘူး ... မင်း ဘယ်ခြေလှမ်းလှမ်းလဲဆိုတာ သိချင်လို့ လိုက်နေတာ ... "





"အဟ ... နင်လူမှားနေပြီ ... ငါ့နောက်လိုက်ရမှာ မဟုတ်ဘူး ... ဟို အခြောက်ကောင်နောက် လိုက်ပြီး check ရမှာ ... ငါ့ကို လိုက် check စရာ ဘာအကြောင်းမှ မရှိဘူး ... "

"ဟ ... ဘာလို့ မရှိရမှာလဲ မင်းနဲ့ငါက ချစ်သူတွေပဲ"

"ဘာလဲ ... နေမင်းဦးကို ရာသက်ပန်စွန့်လွှတ်လိုက်ပြီလား"

"မေ ... "

"မဟုတ်ဘူးထင်တယ် ... ဒါဆိုရင်တော့ ပြောစရာစကား မရှိဘူး ... "

"မေ ... မင်း ... "

"ဘာလဲ ... ပါးရိုက်ချင်လို့လား သူငယ်ချင်းတစ်ယောက်အတွက်နဲ့ ချစ်သူကို ပါးရိုက်ချင်လဲ ရိုက်လိုက်လေ ... ငါ ဘယ်လိုမှ သဘောမထားဘူး ... နင် ပြီးရင်တော့ ငါ့အလှည့်ပဲပေါ့ ... "

"တော်တော့မေရာ ... ကိုယ်တောင်းပန်တယ် နေမင်းဦးကို နည်းနည်းလေး နားလည်ပေးပါနော် ... "

"သူ့ကို အများကြီးနားလည်ပေးထားတာ ဂိတ်ဆုံးသွားပြီ ဒီထက်ပိုနားမလည်ပေးနိုင်တော့ဘူး ... ရှင်းရှင်းလေးကို လာရှုပ်နေသေးတယ် ... နေမင်းဦးလို သူငယ်ချင်းကောင်းမျိုးဆိုတာ ရှာမှရှားပဲလေ ... သွားပဲ ရွေးလိုက်ပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"မေ ... ကိုယ် မင်းကိုချစ်တာ မင်းသိတယ်နော် ... ကိုယ့်ကို အရှုံးလုပ်ဖို့ မစဉ်းစားနဲ့ ... ကိုယ် ရှုံးသွားရင် မင်း ဘယ်သူနဲ့နေမလဲ ... အေးလေ ... မင်းအတွက်တော့ ဘယ်ယောကျ်ားရှားမလဲ ... ဒါပေမဲ့ မင်း အရှုံးလုပ်ခံရတဲ့ တစ်နေ့တော့ မင်း ကိုယ့်ကို ကိုယ်ချင်းစာလာမှာပါ ... "

"အရှုံးလုပ်ခံရတာ ငါပါ မိုးထက် အေးပေါ့ ... နင့် သူငယ်ချင်းမှ နင့်သူငယ်ချင်းဆိုရင်လဲ မေတို့က လိုက်တွယ်ကပ်နေဖို့ စိတ်ကူးမရှိဘူး ... သိပ်မကြာခင် ချစ်သူရတော့မှာပဲ ... နင်လဲ ငါ့ကို မေ့လိုက်တော့ပေါ့ ... "

"အဆန်းကြီးပါလား ... ချစ်သူရှိနေတဲ့ လူက ချစ်သူမရှိတော့တဲ့ လူဆီကူးသွားတာ တော်တော်ဆန်းတယ် ... ရုပ်ရှင်တွေထဲကလိုပဲ ငါက လူကြမ်းကြီးထင်တယ် ... အေးလေ တစ်နေ့တော့ ငါ့လို အချိန်ကို မင်းလဲ ကျော်လွှားနိုင်ပါစေလို့ပဲ ဆုတောင်းနေမယ် ဟုတ်ပြီလား ... ငါပြုံးနိုင်သလို မင်းလဲပြုံးနိုင်အောင် ကြိုးစားပေါ့ ငါလက်ပြလို့ မင်းလက်မပြရင်လဲ နှုတ်မဆက်တော့ဘူး ... စကားတစ်ခွန်းထဲ ပြောခဲ့မယ် bye ... bye "

မိုးထက် မေ့ရှေ့မှ လှည့်ထွက်ကာ လာခဲ့သည်။ မျက်နှာကတင်းမာကာ ရက်စက်သည့် မေ့စကားများကို ရင်ထဲ သိမ်းထား





လိုက်သည်။ ချစ်ခဲ့တာ မှားသွားပြီလား မေဟု အကြိမ်ကြိမ် ရင်ထဲ အဖြေရှာ နေမိသည်။ မေကတော့ ရင်ထဲ နေမင်းဦးကိုသာ တေးထားဖြစ်သည်။

အရမ်းချစ်ခဲ့ပါတယ် ကိုရယ် ... ဒါပေမဲ့ နေမင်းဦးသာ ကို့ဘေးနားမှာ ရှိနေသရွေ့ မေနဲ့ ကို ဘယ်တော့မှ နီးစပ်မှာမဟုတ်ဘူး မေ သူ့ကိုလဲ ချစ်တယ် ... ကို့ကို စွန့်လွှတ်လိုက်ရလို့ မေ ဝမ်းမလည်ချင်ဘူး ... သူရော မေ့လိုပဲ ရက်စက်တတ်လား ... အရာအားလုံးကို တောင်းပန်ပါတယ် ... ကို မေ့ကို နားမလည်ပေးနိုင်လဲ မေ ကို့ကို နားလည်ပေးပါတယ် ... "

မေ အနောက်ကန်တင်းဘက်မှ လျှောက်ကာ အတန်းထဲတွင် ထိုင်နေလိုက်သည်။

"ဟိတ် ... ရှာလိုက်ရတာ ... "

"ဘာလဲ ... "

ရှိန်းက မေတို့အတန်းရှေ့သို့ ရောက်လာသော်လည်း ရင်ထဲ မပျော်နိုင် ... အတန်းထဲက လူများက နောက်တစ်ယောက်လားဆိုသည့် အကြည့်များနှင့် ကြည့်နေကြသည်။ ရှိန်းက မျက်မှန်တစ်ချက်ပင့်ကာ ...

"ဘာလုပ်နေတာလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်နေတာ စိတ်ညစ်လို့ ... "

"ရင် မဖွင့်ချင်ဘူးလား"

"ဟင့်အင်း ... "

"ပေါက်ကွဲလာတဲ့အထိ စောင့်နေတာ ခုမတင်မကျကြီး ဖြစ်နေတယ် ... "

"အန်ထုတ်လိုက်ပေါ့ ... "

"ဘယ်သူက ကြုံးမှာလဲ ... "

"ကိုယ်ရှိတာပဲ ... "

မေက ရှိန်းကို မျက်မှောင်ကြုတ်ကာ မော့ကြည့်သည်။ ရှိန်းက မျက်လုံးလေးကို ဟိုဒီကြည့်လိုက်ပြီး ...

"လာလေ ... ကော်ဖီ ဝယ်တိုက်မယ်"

"ဟင်း ... "

ရှိန်းခေါ်ရာနောက်သို့ မေလိုက်လာခဲ့သည်။ အတန်းထဲမှာ ရွှစိထကာ ကျန်ခဲ့သည်။ ရှိန်းက ...

"ကိုယ်ပြောတဲ့စကား မှားသွားပြီထင်တယ်"

"ဘာလဲဟင် ... "

"ကိုယ်တို့ မေဂျာကို လာလည်ရင် ကောင်မလေးတွေ ဝိုင်းရိုက်မယ်ဆိုတာလေ ... "





"အင်း ... အဲဒါဘာဖြစ်လဲ ... "

"ခုမှ မေ့ဆီလာတာ ကောင်လေးတွေ ဝိုင်းမရိုက်လိုက်တာ ကံကောင်း အဟိး ... "

"ရှိန်းကလဲ ... အဲဒါတွေကိုများ စိတ်ထဲထည့်နေသေးတယ် မေက အဲဒါမျိုးတွေ စိတ်ကူးထဲကို မထည့်တာ ... "

"ဘာလို့လဲ ... "

"ပိုမလာ ရေမလျှံတွေ ... "

"ကိုယ့်ကို စောင်းပြောနေတာလား"

"ဟာ ... ဟုတ်ပါဘူး ... အပျော်တွဲတဲ့လူတွေကို ပြောနေတာပါ ... အတည်ကတော့ အဲဒါတွေမလိုပါဘူး ... "

"ဟဟ ... ကိုယ်တောင် လန့်လာပြီ"

"ရှိန်း ရယ်နေရင် မေ့စိတ်ထဲ တစ်မျိုးပဲခံစားရတယ်"

"ဘယ်လိုလဲ ... "

"မေ့ စိတ်ထဲ ပျော်တယ်"

"ဒါဖြင့် မေပျော်အောင် ကိုယ်က အမြဲရယ်ရမလိုဖြစ်နေပြီ"

"အင်း ... ဟုတ်တယ် ... ရယ်ပြ"

"အင်း ... အဲလိုကြီးတော့ မရယ်နိုင်းနဲ့လေ ရယ်တတ်ဘူး"

"ရယ်တတ်ပါတယ် ရယ်ပြ ... "



www.burmeseclassic.com

www.burmeseclassic.com



" ... "

"အာ ... အဲဒါကြီးက ပြုံးတာ ရယ်တာမဟုတ်ဘူး"

"ဟ ဟ ဟ ... "

"ဟွန့် ... ရယ်တာကလဲ ... အသက်မပါဘူး"

"အသက်က ရွာမှာကျန်ခဲ့တယ် ခု အသက်ယောက်ျားလေ"

"ဒီမှာလေ အသက်က ... "

မေက သူ့ကိုယ်သူ လက်ညှိုးထိုးပြလိုက်သဖြင့် ရှိန်းရော မေပါ ရယ်ကြသည်။

"ကဲ ... ကော်ဖီလဲ သောက်ပြီးပြီ ... ခု ဘူတာမှာ လူလဲ ရှင်းတယ် မေ စိတ်ညစ်နေတာတွေ ကိုယ့်ကို ပြောပြလေ"

"မေနဲ့ သူနဲ့ ပြတ်သွားပြီလေ ... "

"ဩော် ... "

"ခုနကမှ ပြတ်တာ ... မေကမှ သူနဲ့ဆက်တွဲဖို့ မဖြစ်နိုင်တာ"

"ဘာလို့ မဖြစ်နိုင်တာလဲ ... "

"စိတ်ထဲ မပါလာတော့လို့ ... "





" ... "

"မေလုပ်တာ မှန်လားဟင် ... ဘာဆက်လုပ်သင့်လဲ"

"အင်း ... ကိုယ်ကတော့ နှောက်ဆုတ်ဖို့လဲ မတောင်းဆိုဘူး ... ရှေ့တိုးဖို့လဲ မတိုက်တွန်းဘူး ... ကိုယ်က ကြားလူတစ်ယောက်ပဲ ... တရားသူကြီးပဲ လုပ်ပါရစေလား ... "

"ရှိန်းကလေ ... နည်းနည်းလေးမှ အကျင့်မကောင်းဘူး"

"ဟာ ... ဘာဖြစ်လို့လဲ ကိုယ် ဘယ်သူ့ဘက်ကမှ မပါဘူးလေ ... "

"မေ ဘက်ကတော့ နည်းနည်းပါးပါး စဉ်းစားပေးမယ် မရှိဘူး ... "

"ကိုယ် ပြောပြီးပြီလေ ... ဘယ်သူ့ဘက်ကမှ ရှေ့နေမလုပ်ပါဘူးဆို ... "

"အဲဒါ ခေါင်းရှောင်တာပဲ မဟုတ်လား ... ကိုယ်လွတ်ရုန်းတာ ခေါင်းမစားချင်လို့ မဟုတ်လား ... မေ့ ဘက်ကတော့ ပါဖို့ စိတ်မကူးဘူး ... "

"ကိုယ်က မေ့ရဲ့ ချစ်သူလေးမှ မဟုတ်ဘဲ ... မေ့ဘဝထဲ ဝင်လာပြီးတော့ ဘာများအသစ်အဆန်းထွင်ပေးရပါဦးမလဲ ... ပြောပါခင်ဗျာ ... ခိုင်းပါခင်ဗျာ ... မေ့ရဲ့နှလုံးသားကို ပုံတူပွားပေး



www.burmeseclassic.com

www.burmeseclassic.com



ရမလား ... ဒါမှ မဟုတ် စက်ရုပ်နှလုံးသားလို သံပတ်လှည့်ပေးရ
မလား ... "

"တော်ပါ အဲဒါရွှဲနေတာ"

"ဟာ မေကလေ တကယ်ပဲ ... "

"ပျင်းတယ် ... ပုံပြောပြ"

"ကိုယ် မပြောတတ်ဘူး ... "

"ဟွန်း ... ရှိန်း ပြောတတ်တာ ... ဘာရှိလဲ"

"ကိုယ်မှ မပြောတတ်ပဲ ... မေ ပြောပြလေ"

"အင်း ... စစ်တပ်တစ်ခုမှာ တပ်သားက ဗိုလ်ကြီးကို ပြော
တယ် ... ဗိုလ်ကြီး ကျွန်တော့်မိန်းမဆီက သံကြိုးစာ ရောက်လာ
တယ်ပေါ့နော် ... သူ နေမကောင်းလို့ အမြန်ပြန်လာပါတဲ့ အဲဒါ
ခွင့် ၁၀ ရက်လောက်ပေးပါလို့ပြောတယ် ... "

"အဲဒါနဲ့ ခွင့်ပြုလိုက်ရောလား ... "

"ဟင့်အင်း ... ဗိုလ်ကြီးက ခွင့်မပေးချင်တာနဲ့ လိမ်ပြီး
ပြောလိုက်တယ် ... မင်း မိန်းမဆီက သံကြိုးစာ ထပ်ရောက်လာ
တယ် ... သူ နေကောင်းသွားလို့ လာစရာမလိုတော့ဘူးဆိုပြီး ပြော
လိုက်တယ် ... အဲဒါနဲ့ တပ်သားက အလေးပြုပြီး ထွက်သွားတယ်
အပြင်ရောက်မှ ပြန်ဝင်လာပြီးတော့ ဗိုလ်ကြီးကို တစ်ခုတင်ပြစရာ





ရှိပါတယ်ပေါ့ ... အဲဒါနဲ့ ဗိုလ်ကြီးက ဘာတင်ပြမှာလဲပြော ... ပေါ့
အဲဒီတော့မှ တပ်သားက ပြောလိုက်တယ် ... ကျွန်တော်တို့ တပ်ထဲ
မှာ လူလိမ်နှစ်ယောက်ရှိပါတယ် ... တစ်ယောက်က ကျွန်တော်ပါ
ကျွန်တော့်မှာ မိန်းမ မရှိပါဘူးတဲ့ ... "

"ဟ ဟား ... "

"နောက်တစ်ခု ရှိသေးတယ် ... အဲဒါ ဂျူးပုံပြင် ... "

"အင်း ... ပြော"

"လက်တစ်ဘက်ပြတ်နေတဲ့ ဂျူးစစ်သားတစ်ယောက်နဲ့ စစ်
သားနောက်တစ်ယောက်တို့ ဆုံတော့ စစ်သားကပြောတယ် ...
ခင်ဗျား လက်တစ်ဘက်ပြတ်တာ တိုက်ပွဲမှာလား ကျည်ဆံထိလို့
ဖြတ်လိုက်တာလားဆိုတော့ အဲဒီလက်ပြတ်နေတဲ့ ဂျူးစစ်သားက
ပြောလိုက်တယ် ... ဘယ်ကသာ ရွှေတန်းတက်ရမယ်ဆိုပြီး လက်
အတင်းဆွဲတာ ရန်းပါများလို့ ခုလိုဖြစ်သွားတာတဲ့ ... "

"ဟား ဟား ... တော်တော် သတ္တိရှိတဲ့ လူပဲနော်"

"ရှိန်းလိုပဲလေ ... "

"ကိုယ်က ဘာသတ္တိ မရှိလို့လဲ"

"ဒါတော့ ဘယ်သိမလဲ ... "

"ကိုယ်က ကိုယ်မှားရင် ခံရဲပြီးသား အိမ်မှာရန်ဖြစ်ရင်လဲ



www.burmeseclassic.com

www.burmeseclassic.com



အဲလိုပဲ ... ”

“ဟင် ... ဘယ်သူနဲ့ ဖြစ်လို့လဲ ... ”

“အဖေနဲ့ပေါ့ ... သူထိုးခါနီးကျရင် ပြောလိုက်သေးတယ်”

“ဘာပြောလဲ ... ”

“ဟော့ကောင် ... မင်း မျက်မှန်ကို အခုချွတ်လိုက်စမ်း”

“ဟဟား ... ရှိန်းက မျက်မှန်လောက်တောင် တန်ဖိုးမရှိဘူးပေါ့ ... ”

“ဟုတ်ပ့ါ ... ဒီတစ်နှစ် External ဖြစ်လို့ကတော့ အိမ်ပေါ်က ဆင်းတဲ့ ... ”

“ဟ ... ဟ ... ဝမ်းသာတယ် ဒါဖြင့် ရှိန်းက Final တစ်နှစ်ကျပေါ့ ... ”

“First တစ်နှစ်ကျ Second တစ်နှစ်နား Final တစ်နှစ်ကျ ဟီး ဟီး ... ”

“ဟိုက်ရှားဘား ... အိုမို့ ... အိုမို့ ... ”

“အထင်တော့ မသေးနဲ့ ... ဂုဏ်ထူး ၂ လုံးနဲ့ အောင်လာတာ”

“ဘာလို့ ဒီကျောင်းလာတက်ရတာလဲ”

“GTC တစ်နှစ်ကျပြီးမှ ဒီကျောင်းတက်တာ ... ”





“ဟ ဟား ... မေလဲ ဆယ်တန်းတုန်းက မြန်မာစာ ဖြစ မှတ်ပါနော်”

“ကျန်တာတွေက ၄၀ မဟုတ်လား”

“ဘာမှ မဟုတ်ဘူး ... ”

“ကဲ ပြောပါဦး ... ”

“Bio ၄၁ မှတ် ... ”

“ဟ ဟား ... ”

“ဘာရယ်တာလဲ လူကိုများ သူ့လောက် စာမတော်ဘူးလို့ ပြောချင်တာ မဟုတ်လား ... မေက ဂုဏ်ထူးထွက်အောင် မကျက်လို့ မျက်မှန်မတပ်ရတာ ... ရှိန်းလို ပုလင်းဖင်ကြီးတော့ မတပ်ချင်ပေါင် ... ”

“နောက်တီးနောက်တောက်နဲ့ ဒီကလေးမလေးကတော့ ကိုယ်ကလေ ကိုယ့်ရှေ့မှာလာငိုပြနေရင်တောင် မချော့တတ်ဘူး ထိုင်ကြည့်နေတတ်တာ လာမနောက်နဲ့ မရယ်ဘူး ထိုင်ပဲကြည့်နေမှာ ... ”

“အံမာ ဘယ်သူကရော နောက်နေလို့လဲ ... တကယ် တကယ်ပြောတာ ... ပုလင်းဖင်ကြီးတပ်ထားပြီးတော့”

“မြင်ရပါတယ် မေရာ ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဒါဘာလဲပြော"

မေက စာအုပ်တစ်အုပ်ပေါ် ဘောပင်ဖြင့် I Love You ဟု ရေးကာ ရှိန်းကိုထောင်ပြလိုက်သည်။ ရှိန်းက မျက်မှန်ပင့်ကာ ...

"ကိုယ့်မျက်မှန်က ပုလင်းဖင်ကြီးဆိုတာ ကိုယ်ယုံသွားပြီ"

"ဟာ ... မြင်ရဲ့သားနဲ့"

"ဝါးတားတားနဲ့ ... "

"ဝါးတားတား မလုပ်နဲ့ မနက်ဖြန် အဖြေပေးရမှာနော်"

လောင်းကြေးလေးပြောင်းလိုက်ရအောင်လား မုန့်အဝဝယ် ကျွေးတို့ ဘာတို့ ... "

"ဘာဖြစ်လို့လဲ ... မပြောင်းပါဘူး"

"မေ နောင်တရမှာစိုးလို့ ... "

"ဘာလဲ ... အဖြေအားလုံး သိတယ်ပေါ့ ... "

"ဟင်း ... ဟင်း ... ဘယ်လိုလဲ လောင်းကြေးပြောင်း မလား"

"ပြောင်းဘူး ... "

"စားချင်လို့လား ... ပြောင်းဘူးက ခုပေါ်နေလို့လား"

"အာ ... အင့်ဟာ"

မေက ရှိန်းပခုံးကို လက်ထဲမှ စာအုပ်နှင့်ရိုက်လိုက်တော့





သည်။

အမြင်တွေတင် ဝေဝါးနေတာမဟုတ် ... အတွေးတွေပါ ဝေဝါးနေတာဆိုရင် ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၉)

**အဆောင်(၃)**

"ကိုရှိန်း ရှာလိုက်ရတာဗျာ"

"အင်း ... ဘယ်သွားကြမလို့လဲ"

"ဒီတစ်ခါတော့ လိုက်ရမယ် ... ဘီယာသွားသောက်ကြမလို့"

နေမင်းဦးနှင့် မိုးထက်က ရှိန်းကို လက်ဆွဲခေါ်ကာ ဘီယာဆိုင်သို့ သွားကြသည်။

"တဂျားလောက်သောက်ရမယ်နော် အစ်ကို ... "

"ဟင့်အင်း ... "

"နည်းတယ် ပြောမလို့ ... "

"အဟား ... စိတ်ကြိုက်သာသောက် ကျသလောက်





ကျွန်တော်ရှင်းမှာ ... "

"ဘာဖြစ်လာပြန်လို့လဲ ... "

"ခု မပြောသေးဘူး မူးမှ ပြောမယ်"

"သဘော ... သဘော"

ရှိန်းကို မိုးထက်က ထည့်ပေးလိုက်ပြီး နေမင်းဦးကိုလဲ ထည့်ပေးလိုက်သည်။ ၂ ခွက်လောက်အထိ ဟိုစကား ဒီစကား ပြောဖြစ်ကြသည်။ ရှိန်းက ...

"ကဲ ... အခု ရင်ဖွင့်လို့ရပြီလား ... "

"ဟုတ် ... "

"ဘာဖြစ်လာလို့လဲ ... "

မိုးထက်က မဖြေသေးဘဲ ဘီယာခွက်ကိုသာကြည့်နေသည်။ နေမင်းဦးက ...

"သူ့ဆော် နောက်တစ်ယောက်ပြောင်းသွားလို့"

"ဟုတ်လား ... ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော့်ကြောင့်ဆိုပြီး အကြောင်းပြသွားတာ"

"သူ့အချစ်နဲ့ ကျွန်တော့်အချစ်သာ ပြေးတိုက်ကြစတမ်းဆို သူ့အချစ်က ကြေမွသွားမှာ အမှန်ပဲ ... သူ့ အချစ်က ကျွန်တော့် အပေါ်မှာ အဖြစ်လောက်ပဲ သဘောထားတာ ... "



www.burmeseclassic.com

www.burmeseclassic.com



"သူ နောက်တစ်ယောက်နဲ့ဆိုတာ သေချာလို့လား ညီရ"

"သေချာတယ် ... သိပ်သေချာတယ် ... သူ ကိုယ်တိုင်ပြောတာ"

မိုးထက်က ဘီယာကို တဝက်ကျိုးတဲ့ထိ သောက်လိုက်ပြီး ဆက်ပြောသည်။

"ကျွန်တော့်ကို သူက ကြိုးဆွဲနေတာ ကိုရှိန်းရ ... ဆွဲပါစေ ဆွဲပါစေ သူစိတ်ချမ်းသာရင် ဟောဒီ ကျွန်တော့်ခေါင်းကြီးမှာ ချိုပေါက်သွားပါစေ ... အပြုံးမပျက်ဘူး ... "

"သူက နဂိုထဲက ရှုပ်တာဆို"

"အင်း ... ဟုတ်တယ် ကိုရှိန်း ... ဒါပေမဲ့ အခုတော့ အဲလို မဟုတ်တော့ဘူး ... သူကဗျာ ဟို ဥပမာပေးရရင် ထုတ်စည်းထိုးကြရင် ထမင်းသိုးဟင်းသိုး လုပ်ရတဲ့ ကလေးနဲ့တူတယ် သူကသာ ပြေးနေတာ ဘယ်သူကမှ မဖမ်းကြဘူး ... သူ့ကို သနားလဲ သနားတယ်"

"ဘာ သနားစရာရှိလဲ ... "

မိုးထက်စကားကို နေမင်းဦးက ဖြတ်ပြောသည်။ ရှိန်းက တော့ နားထောင်နေသည်။ နေမင်းဦးက ဆက်ပြီး ...

"ကိုယ့်အပေါ် သစ္စာမရှိတဲ့ မိန်းမကိုများ မင်းက သနားနေ





သေး ... ဒီမှာ မိုးထက် မိန်းမဆိုတာ သနားဖို့ကောင်းတဲ့ အမျိုး မဟုတ်ဘူး ... ခွေးလေးလိုပဲ အရောဝင်ရင် ပါးလျက်နားလျက်နဲ့ သူတို့ စားခွက်ကို လုရင်တော့ ပြန်ကိုက်တတ်တာပဲ မဟုတ်လား"

"ဟေ့ကောင် နေမင်းဦး ... သူက အဲလိုလူစားမဟုတ်ဘူးကွ"

"ညီကို ကြည့်ရတာ တော်တော် ချစ်ပုံပဲနော်"

"အစ်ကိုကလဲ ... ဒီကောင်က ဆေးမိနေတာ မေဆိုတာ စုန်းပြူးလေ စုန်းပြူး ... သူက တွေ့တဲ့လူတိုင်း ဆေးလိုက်ခတ်နေတာ ... ကျွန်တော်တောင် ရှောင်နိုင်လို့ လွတ်တာ ... "

"မေ ... ဟုတ်လား E မေဂျာက Queen လား"

"အင်းလေ ... အစ်ကို မကြားမိဘူးလား ... မေ တဲ့ ဟင်း ဟင်း ... သူ့အကြောင်း မှိုလိုပွနေတာ အစ်ကိုမသိဘူးလား ... သူက မော်စာဖတ်လေ ... ဘဲစားတဲ့ မော်စာဖတ် ... "

" ... "

"နေမင်းဦး ... မင်းတော်တော့ကွာ"

"ဟေ့ကောင် မိုးထက် ... ငါကတော့ မင်းနဲ့သူနဲ့ ပြတ်သွားတာဝမ်းသာတယ် ... တကယ်ပဲ မင်းနဲ့သူနဲ့ မတန်ပါဘူးကွာ ... သူ့ထက်သာတာတွေများပုံလို့ Queen ဖြစ်တိုင်း အဲလိုမာန်တက်လို့



www.burmeseclassic.com

www.burmeseclassic.com



ရရောလား … သူ့ ဒီဓိုင်းက ဂျောက်ဂျက်သီချင်းထဲကလို ဒါကြီးဘာကြီးလဲ ဒီဓိုင်းလေ … ”

“ဟော့ကောင် … မင်းကို တော်တော့လို့ ပြောနေတယ် မဟုတ်လား”

“မင်း မကြိုက်ရင် မပြောတော့ပါဘူးကွာ … ဘာပဲပြောပြော သူနဲ့ငါနှစ်ယောက်ထဲက ငါ့ကိုရွေးတဲ့အတွက် ချစ်တယ်သားကြီး … ”

နေမင်းဦးက မိုးထက်ပခုံးကိုဖက်ကာ ရယ်ရင်းပြောလိုက်သည်။ မရယ်နိုင်တာက ရှိန်း … ဘီယာချည်းပဲ ဖိသောက်မိလိုက်သည်။ မိုးထက် မူးကာ စားပွဲပေါ် ခေါင်းစိုက်သွားသည်။ နေမင်းဦးက မိုးထက်ကိုကြည့်ပြီး …

“ကျွန်တော့်သူငယ်ချင်းကို တကယ်သနားတယ် … ဘာမဟုတ်တာလေးနဲ့ ခေါင်းစိုက်ရလောက်အောင် သောက်တယ် … အခုနေ ဟိုမိန်းမကတော့ နောက်တစ်ယောက်ကို စိတ်ကူးယဉ်လို့ကောင်းနေမှာပဲ … ”

“ကိုယ် ဘာကူညီရမလဲ … ”

“မေက အစ်ကို့ကို ကြိုက်နေတာ ကျွန်တော်တို့သိတယ်”

“ … ”





“အစ်ကို ပြန်ကြိုက်တာ မကြိုက်တာကတော့ ကျွန်တော်တို့နဲ့ မဆိုင်ပါဘူး … ဒါပေမဲ့ တစ်ခုတော့ ပြောချင်တယ် အစ်ကို့ကိုခင်လို့ ပြောတာပါ စိတ်မဆိုးနဲ့ … ”

“အင်း … ပြောလေ”

“သူ့ကို အစ်ကို ပြန်ကြိုက်လဲ တစ်နေ့နေ့ကျရင် မိုးထက် အလှည့်မျိုး အစ်ကိုရောက်လာဦးမှာပဲ … နောက်တစ်ယောက်တွေ့ပြီး အစ်ကိုလဲ သူ့လိုခေါင်းမစိုက်ဘူးလို့ ပြောနိုင်လား … ကျွန်တော် ပြောတာမမှားပါဘူးနော်”

“အင်း … ဆိုပါတော့”

“အစ်ကိုက ကျွန်တော်တို့ထက် အသက်လဲကြီးတယ် စဉ်းစားချင့်ချိန်နိုင်မှာပါ … ဒီကောင်သာ ခေါင်းမရှိလို့ မေ့ကိုကြိုက်တာ”

“မေက သူ့ရဲ့အချစ်ဦးလား … ”

“အင်း … ဟုတ်တယ် … ဟိုတစ်ယောက်အတွက်တော့ သူက နံပါတ်(၅)အောက်မှာ ရှိမယ်ထင်တယ် … သူ့ရှေ့မှာ တွဲလာတာတွေလဲ ကျွန်တော်တို့ မျက်မြင်ပဲဟာ … အကွပ်မရှိတဲ့ကြမ်းပြမ်းပတာဆိုသလိုပဲ အုပ်ထိန်းမှုအောက်က လွတ်နေတဲ့ မေက သူ့အမေလိုပဲ ယောကျ်ားများတယ်”



www.burmeseclassic.com

www.burmeseclassic.com



"သူ့ အမေ ..."

"အင်း ... သူ့အဖေက မရှိတော့ဘူး ... သူ့အမေက နောက်ယောက်ျားနဲ့လေ ... အဲဒါကြောင့် အဆောင်မှာနေတာ"

"သူတို့အဆောင်ကို ရောက်ဖူးလား"

"အထဲထိတော့ မရောက်ဖူးပါဘူး ... ဒီကောင်ခေါ်လို့တော့ လိုက်ဖူးတယ်"

"ဩော် ..."

"သူ့ကို ကြိုက်မဲ့အစား ကျွန်တော်ပြောတယ် ... သူနဲ့တွဲတဲ့ အစ်မကြီးကို ကြိုက်ပါလားဆို မဟုတ်ဘူး ..."

"သူနဲ့တွဲတာ ..."

"သူနဲ့အဆောင်မှာ တူတူနေတာပဲ ... နာမည်တော့မသိဘူး ... ဒီကျောင်းကပဲလေ ... ရုပ်လဲချောတယ် အေးလဲအေးတယ် သိမ်သိမ်မွေ့မွေ့ကလေး ..."

"သူက မကြိုက်ဘူးတဲ့လား ..."

"ဘယ်ကြိုက်မလဲ ... ဆေးမိနေပါတယ်ဆိုမှ"

ဆေးမိတာမဟုတ် ... ထွေးနိုင် အံနိုင်ပေမယ့် မထွေးချင် မအန်ချင်တာက အဓိကပါ ... ။

အခန်း (၁၀)

**ဘောလုံးကွင်း**

"ဘာထိုင်လုပ်နေတာလဲ ရှိန်း"

မေက ရှိန်းဘေးနား ဝင်ထိုင်လိုက်ပြီး ရှိန်းကိုကြည့်လိုက်သည်။ ခဏကြာမှ ရှိန်းက မေ့ကိုကြည့်ကာ ...

"ကိုယ် ဒီမှာရှိမှန်း ဘယ်လိုသိလဲ ..."

"စိတ်ထဲထင်လို့ လာလိုက်တာ ... စဉ်းစားပြီးပြီလား"

"ကိုယ် မသိဘူးမေ ..."

"ဟာဟ ... ဒါဆို ရှိန်း ရှုံးပြီနော် ... ရှုံးရင် ဘာပြောရမလဲ သိတယ် မဟုတ်လား"

"မနက်ဖြန် စာမေးပွဲဖြေရတော့မယ်နော်"

"အင်းလေ ..."



www.burmeseclassic.com

www.burmeseclassic.com



"စာမေးပွဲဖြေပြီး Second Semester ကျမှ ပြောမယ်လေ"

"ရှိန်း ... ရှိန်းကလဲလေ မေ့ကိုပစ်ထားမယ်ပေါ့ ..."

"မဟုတ်ပါဘူး မေရယ် ... ကိုယ် မေ့ကို စောင့်ကြည့်ချင်သေးတယ် ..."

"ဘယ်လောက်ကြာမှလဲ ... Second Semester ရောက်ရင်လဲ ကျောင်းပြီးခါနီးမှပဲ ပေးတော့မယ်လို့ ပြောဦးမှာ မဟုတ်လား"

"ကိုယ့်ကို အချိန်ပေးလေကွာ"

"ဘာလဲ ... မေ့ကို မယုံကြည်လို့လား"

"မဟုတ်ပါဘူး ... မေ့ကို ယုံကြည်ချင်နေတာ မေက ငယ်ပါသေးတယ်ကွာ ... ဒီ Semester ပြီးရင် အိမ်ပြန်နော် ... လိမ်လိမ်မာမာနေ အိမ်ကလူတွေကို ဆိုးမနေနဲ့ဦးကြားလား ..."

"မသိပါဘူး ..."

"အဲလိုဆိုးနေရင် ကိုယ် မစဉ်းစားပေးဘူးနော် ..."

"မေနဲ့ ရှိန်းနဲ့က ကျောင်းပြီးရင် တွေ့ကြမှာမှ မဟုတ်တာ မေ ဆိုးမဆိုး ရှိန်းဘယ်လိုလုပ်သိမှာလဲ ... မေ လိမ်လည်း ရှိန်းသိတာမှတ်လို့ ..."

"မေ့ကို ယုံကြည်ချင်တယ်လေ ..."

"ရှိန်းကလေ မေက ကလေးဆိုပြီး လှာလိမ့်နေတာ မဟုတ်





လား ..."

"မဟုတ်ပါဘူး ..."

"ဘာလဲ ... မေ့ကို သူတို့တွေထင်သလို မိန်းမစားမျိုးလို့ထင်နေလို့ စောင့်ကြည့်မယ်ပြောတာလား ..."

"မဟုတ်ပါဘူး ... သူတို့ဘာပြောပြော မေက ကိုယ့်အတွက်တော့ သာမာန်မိန်းကလေးတစ်ယောက်ပဲ ဘာမှ မထူးဆန်းဘူး"

"သူတို့ ဘာပြောပြောဆိုတော့ ပြောတော့ ပြောတယ်ပေါ့"

"..."

"ဘာပြောတာလဲ ပြောပြ ..."

"သူတို့ဘာပြောလဲဆိုတာတော့ ကိုယ်မပြောတော့ဘူး ပြောလဲမပြောချင်ဘူး မေ ... ဘယ်သူတွေ ဘာပြောပြော မေက ကိုယ့်အတွက် E မေဂျာက အလှဘုရင်မ Queen လဲ မဟုတ်ဘူး ညည်းစားရှုပ်တဲ့ ငပွေမလေးလဲ မဟုတ်ဘူး ... သာမာန်မိန်းကလေးပါဆို"

"ရှိန်းကို ဘယ်လိုနားလည်ပေးရမလဲဟင်"

"ကိုယ်ပြောသားပဲ ... ကိုယ့်ကို မေ နားမလည်နိုင်ပါဘူးဆိုပြ ..."

"ရှိန်း ... မေ ရှိန်းကို နားလည်အောင် ဘယ်လိုလုပ်ရမလဲ



www.burmeseclassic.com

www.burmeseclassic.com



ဟင် ...”

“အချိန်ကိုစောင့်ပါ ...”

“မယုံပါဘူး ...”

“မေ့ ကိုယ်တိုင်ကို မယုံတာလား အချိန်ကြာသွားရင် နောက်တစ်ယောက်ပြောင်းသွားမှာ စိုးလို့လား”

“ဟာ ... ရှိန်း ... တောက် ...”

မေက တဘက်သို့လှည့်ကာ တောက် တစ်ချက်ခေါက်လိုက်သည်။ ရှိန်းက မေ့ကိုကြည့်ပြီး ...

“မေက ကိုယ့်စကားကို နားမထောင်ဘူးနော်”

“မေ ဘယ်သူ့စကားကိုမှ နားမထောင်တတ်ဘူး ရှိန်း”

“အဟင်း ... လိမ်လိမ်မာမာ နေပါတော့လား”

“ဘယ်သူက ဆိုးနေလို့လဲ ... သူတို့တွေ မေ့ကို အဲလိုသတ်မှတ်ကြရင် မေ့မှာလဲ မေ့အကြောင်းပြချက်နဲ့ မေရှိပြီးသား ဖြေရှင်းဖို့အသင့်ပဲ ... ဘယ်ယောက်ျားကရော သစ္စာရှိနေလို့လဲ”

“အဲဒီစကားကို ကိုယ်ကလွဲရင် ဘယ်သူ့ကိုမှ မပြောရဘူးနော် ...”

“ရှိန်း ... ရှိန်းကို တကယ် စိတ်လေတယ်သိလား”

“ဘာဖြစ်လို့လဲ ... မေရယ် ...”





“ထားပါတော့ နောက်တစ်ယောက်နဲ့တော့ သတင်းမကြားချင်ဘူး ... မေက အချစ်ကိုလုပ်မစားတတ်ဘူး ရှိန်းကို ပိုင်ဖို့ မေဘာမဆို လုပ်မိမှာပဲ ...”

“အဟင်း ... မေ့ကိုယ်မေတောင် မပိုင်သေးတာ ကိုယ့်ကို ပိုင်လို့ ရမလား ...”

“ဟာ ... ရှိန်း ဒါတော့ ရှိန်း မေ့ကို တဖတ်သက် စွပ်စွဲပြီး ဘေးခေါက်တာပဲ ... ဒီမှာ ရှိန်း မေက ရှိန်းရဲ့အရင်က ချစ်သူတွေလို မဟုတ်ဘူး သိလား ... မေ့ကို မချစ်ဘူးဆိုလဲ မချစ်ဘူးလို့ပြောပါ”

“ဟား ... ဗိုက်ဆာတယ်ကွာ ... ကန်တင်းသွားရအောင်”

ရှိန်းက မတ်တပ်ရပ် အကြောဆန့်ပြီး ရှေ့မှထွက်သွားသဖြင့် မေတစ်ယောက် ဒေါပွပြီး ကျန်ခဲ့သည်။ ရှိန်းနောက်မှ ခြေဆောင့်ကာ လိုက်လာသဖြင့် ရှိန်းပြုံးလိုက်သည်။

မေက ခုတင်ပေါ်သို့ လွယ်အိတ်ကို ပစ်တင်လိုက်သဖြင့် အလုပ်နေသော စံပယ်ဖြူ လန့်သွားသည်။

“ဘာဖြစ်လာတာလဲ ... မေရယ် လန့်လိုက်တာ”



www.burmeseclassic.com

www.burmeseclassic.com



"အား ..."

မေ အော်လိုက်သဖြင့် စံပယ်ဖြူ ပိုလန့်သွားသည်။ အဆောင်ရှင် အဖိုးကြီးက အခန်းထဲပြေးဝင်လာသည်။

"ဘာဖြစ်လို့လဲ မေ ..."

"ဘာမှ မဟုတ်ပါဘူး မမချို ... မေ့ ခြေထောက်နား ကြွက် ဖြတ်သွားလို့ အော်လိုက်တာ ..."

"ဟင်း ... လန့်လိုက်တာ"

စံပယ်ဖြူ ပြောလိုက်သဖြင့် အဖိုးကြီးက ထွက်သွားသည်။ မေ့ဘေးနားဝင်ထိုင်ပြီး ...

"ဘာဖြစ်ရတာလဲ မေရယ် ..."

"စိတ်တွေတအား ရှုပ်တာပဲ"

"စာမေးပွဲကလဲ မနက်ဖြန်ဖြေရတော့မယ် စာတွေရှိ လား"

"စာတွေကရတယ် ... မရတာက ဟင်း ..."

မေက ခေါင်းကိုကုတ်ဖွလိုက်ပြီး အိပ်ရာပေါ်လှဲချကာ လိမ့်ဒီလိမ့်လုပ်နေသဖြင့် စံပယ်ဖြူ မတ်တတ်ထလိုက်သည်။

"မေတော့ ရူးနေပြီထင်တယ်နော်"

"ရူးတော့မယ် မမဖြူ"





"ခက်တယ် ... ဘာပြောလိုက်လို့လဲ ... ချစ်တယ်ပြောလိုက်လို့ ဖြစ်သွားတာလား ..."

"အာ ..."

မေက ဆတ်ခနဲထထိုင်လိုက်ပြီး စံပယ်ဖြူကို ကြည့်ကာ

"မမဖြူကလဲ ... ချစ်တယ်ပြောမှတော့ မေ ဒီလိုဖြစ်နေ မလား"

"ဒါဖြင့် မချစ်ဘူးတဲ့လား ..."

"အဲလိုလဲ မပြောဘူး ..."

"ဟင် ..."

"မေ့ကို ရူးအောင်လုပ်နေတယ် ကြာရင် ... မေဂေါက်သီး ဖြစ်တော့မယ် ..."

"မေ ဂေါက်သီးဖြစ်သွားရင် သူလဲဂေါက်တံလိုက်လုပ်မှာ ပေါ့"

"မမဖြူကလဲ ... လာနောက်နေပြန်ပြီ"

"ကဲပါ ... အဲဒါတွေထား ... ဟိုမှာ ဟင်းဝယ်ထားတယ် ထမင်းစားလိုက်ဦး ..."

"စားချင်ဘူး ..."

"သူ့စကား နားမထောင်ဘူးလား စိတ်ညစ်ရင် အကျိုးရှိ



www.burmeseclassic.com

www.burmeseclassic.com



တာ တစ်ခုခုလုပ်ဆိုတာလေ ... ”

“ဟင်း ... စိတ်မပါမှတော့ ထမင်းဘယ်လိုလုပ်စားဝင်ပါ
တော့မလဲ မမဖြူ ... သူ စားဝင်တာတော့ မေ အံ့ဩတယ်”

“သူ့လို လူတောင် စားဝင်သေးတာပဲ မေလဲ လူပဲလေ”

“မမဖြူရယ် ... ခေါင်းကြီးတစ်ခုလုံး ဖြုတ်ပြီး ကန်ထည့်
လိုက်ချင်တယ် သူ့အကြောင်း ခဏလောက်မေ့ထားချင်လို့ ... ”

“အဟင်း ... မေ့ချင်တာများ ခေါင်းကြီးဖြုတ်ပြီး ကန်ရ
လောက်တဲ့ထိ လုပ်စရာမလိုပါဘူးကွယ် ... သီချင်းဆိုတတ်လား”

“အင်း ... ”

“ဂီတာရော တီးတတ်လား”

“နည်းနည်းပါးပါးတော့ တီးတတ်တယ်”

“အိုကေ ... အပျိုကြီးကို ဟိုဘက်အဆောင်က ဂီတာသွား
ငှားခိုင်းလိုက်မယ် ... ဖြူ့ကို သီချင်းဆိုပြ ... သီချင်းထဲ စိတ်နှစ်ပြီး
ဖျောက်ပစ်လိုက် ... ဟုတ်ပြီလား ... ”

“ကြိုးစားကြည့်မယ်လေ ... ”

စံပယ်ဖြူ အောက်ထပ်သို့ ပြေးဆင်းသွားသည်။ မေ ခုတင်
ပေါ်လှဲချလိုက်ပြီး မျက်နှာကြက်ကိုကြည့်နေရင်း ရှိန်း မျက်နှာ
ပေါ်လာသဖြင့် မျက်စိကို မှိတ်လိုက်သည်။ မျက်စိမှိတ်တော့လဲ





ပေါ်လာပြန်သည်။ ခဏကြာ စံပယ်ဖြူ တစ်ယောက် ဂီတာကိုင်
ကာ ဝင်လာသည်။

“ရော့ ... မေ ခံစားချက်တွေ ဖွင့်လိုက်တော့”

“ဘာ သီချင်းဆိုရင် ကောင်းမလဲဟင် ... ”

“မေ့ခံစားချက်နဲ့ တိုက်ဆိုင်တဲ့ သီချင်းမျိုးပေါ့ ... ”

မေက ဂီတာကို အသံညှိလိုက်သည်။ ပြီးမှ ချောင်းဟန့်ကာ
ဂီတာကို စတီးသည်။ အသံကို ခပ်တိုးတိုးဖြင့် ဆိုသည်။

“မိန်းကလေးအချစ်ပါ ... ကိုယ့်ချစ်သူ ပျော်ရွှင်ဖို့ဆိုရင်
အားလုံးကို စွန့်လွှတ်ပေးဆပ်နေမယ် ...
အရှုံးများစွာ ပွေ့ဖက်နာကျင်ရင်းနဲ့
ငါဟာ မင်းအတွက် အရုပ်လေးပါ ...
တခါတရံ မင်းကို စိတ်ဖျော်ဖြေတဲ့အရာ ...
ငါ မင်းအချစ်ကို နားလည်တယ် ...
လိုနေချိန်သာ မင်းအနားမှာရှိမှာ ...
မလိုချိန်မှာတော့ မင်းအဝေးကနေသာ လွမ်းရမှာ
ငါ မင်းစိတ်ကို သိပါတယ် ... ဟန်ဆောင်အကြင်နာ
အေးစက်လွန်းတဲ့ အကြည့်တွေ ...
မုန်းမရခဲ့တော့ ငါအရှုံးပေးတယ် ...



www.burmeseclassic.com

www.burmeseclassic.com



အနိုင်ယူပါ မင်းရှေ့မှာ အဆင်သင့်ပဲ ... "

"ကောင်းတယ် ကောင်းတယ် ... မေ့ အသံနဲ့လဲ လိုက်တယ် ... ဂီတာတီးကို ဘယ်သူသင်ပေးတာလဲ"

"အဟင်း ... မေ့ချစ်သူ တစ်ယောက်သင်ပေးခဲ့တာ"

"ဟုတ်လား ... အဲ တစ်ယောက်ရော ... "

မေက ဂီတာကိုဖက်လိုက်ပြီး ပြုံးလိုက်သည်။

"သူက မေနဲ့အဝေးကြီးမှာနေတာ အဝေးကြီးဆိုလို့ တခြားမှာ မထင်နဲ့ ရန်ကုန်ထဲမှာပဲ ... ဒါပေမဲ့ အလှမ်းဝေးတာပေါ့"

"အင်း ... သူနဲ့ ဘယ်လိုပြတ်သွားတာလဲဟင် ... "

"သူနဲ့ မေနဲ့ တွေ့တဲ့အချိန်က အရမ်းနောက်ကျခဲ့တယ် ... သူက သူ့မိန်းမနဲ့ သဘောထားချင်း မတိုက်ဆိုင်လို့ လမ်းခွဲထားတာ"

"မိန်းမရှိတယ် ... ဟုတ်လား အသက်ကြီးလား"

"လက်တော့ မထပ်ရသေးပါဘူး ... အသက်က မေ့ထက် ၂ နှစ်ပဲကြီးတယ်"

"ဩော် ... ငယ်သေးတာပဲ ... သူ့မှာ အဲလိုမျိုးတွေရှိတယ်ဆိုတာ မေ့ကို ပြောပြတာလား မေ့ဘာသာမေသိတာလား"

"သူက ဖွင့်ပြောပြီးမှ ချစ်ခွင့်ပန်တာ ... "





"နောက်တော့ ... "

"အလှမ်းဝေးတော့ တစ်လမှာ တစ်ခါလောက်ပဲ တွေ့ဖြစ်ကြတယ် ... ကြာတော့ မေ တွေးမိတယ် ... သူ့ရဲ့ မိန်းမဘက်ကနေ တွေးမိပြီး ကိုယ်ချင်းစာလာလို့ ဒီတိုင်းပဲ ဖြတ်လိုက်တာ ... "

"မေကတော့လေ ကြံကြံဖန်ဖန် တော်တော်ဆိုးတာပဲ"

"အဟင်း ... မေ့ချစ်သူတွေအကြောင်း ပြောလိုက်ရင် မမဖြူ မျက်လုံးကြီး ပုစွန်လိုဖြစ်သွားမယ် ... "

"အမလေး မပြောပါနဲ့တော့ အဟင်း ... "

"ကဲ ဒီတစ်ခါ မေတီးမယ် မမဖြူဆိုနော် ... ဘာသီချင်းဆိုမလဲ ... "

"ခင်ဘုဏ်းရဲ့ မင်းရဲ့အချစ်သာစစ်ပါစေ ... "

"အိုကေ ... စပြီနော်"

စပယ်ဖြူ၏ အေးအေးမြမြ သီဆိုသံလေးထွက်ပေါ်လာသည်။

ဒီလိုနဲ့ပဲ ဝေးကြရတော့မှာလား ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

(၂)လခန့် အကြာ

"မေမေ … ဘာဟင်းချက်လဲ … "

"ပုစွန်လေ … ဒီမှာ ချဉ်ရည်ဟင်းလဲရှိတယ် … မေမေ ဒီနေ့ ဦးသန့်ဇင်နဲ့ သွားစရာရှိတယ် … စားပြီး သေချာသပ်သပ်ရပ်ရပ် ထားနော် … ရှုပ်ပွမထားနဲ့ … ဘာမှာမလဲ … "

မေက ထမင်းစားစားပွဲကိုကြည့်ပြီး နှာခေါင်းတစ်ချက်ရှုံ့လိုက်သည်။

"ဒီဟင်းတွေနဲ့ဆို မေတော့ စားဝင်မယ်မထင်ဘူး … ပိုက်ဆံပေးခဲ့လို့ပဲ မှာတော့မယ်နော် … "

"ပိုက်ဆံယူပြီး ထမင်းသေချာစားနော် … လျှောက်ဖြုန်းမပစ်နဲ့"





"Yes, Sir … စောစောပြန်လာနော် မေမေ … "

"အေးပါ … အပြင်သွားရင် အိမ်တံခါးသော့ခတ်ထားနော်"

"အင်းပါ … "

ဒေါ်သက်စုနှင့် ဦးသန့်ဇင် အပြင်ထွက်သွားသည်နှင့် ပိုက်ဆံကို ဘောင်းဘီအိတ်ထဲထည့်ကာ လွယ်အိတ်ကို လွယ်လိုက်ပြီး အိမ်တံခါးကို သော့ခတ်လိုက်သည်။

ဘယ်သွားရင် ကောင်းမလဲ … အိုကေ သစ်သစ်ဆီသွားမယ် မေက တက္ကစီငှားကာ သစ်သစ်ဆီလာလိုက်သည်။ သစ်သစ်အိမ်တွင် သစ်သစ်က မရှိသဖြင့် …

"ဘယ်သွားတာလဲဟင် … "

"ဒီနားပဲသွားတာ သမီးရဲ့ … အိမ်ထဲဝင်ပြီးစောင့်လေ"

"ဟုတ် … "

မေ အိမ်ထဲဝင်လိုက်သည်နှင့် သစ်သစ်အိမ်မှ အယ်ဇေရှင်းကြီးက ဟောင်နေတော့သည်။ သစ်သစ်အစ်ကိုက …

"ဟေ့ကောင် တိတ်တိတ်နေစမ်း … ဝင်သွား ညီမလေး"

"ဟို … ကြိုးကို သေချာချည်ထားပါနော် ကိုက်မှာကြောက်တယ် … "

မေက တုန်တုန်ရီရီနှင့်ပြောလိုက်သဖြင့် သစ်သစ်အစ်ကိုက



www.burmeseclassic.com

www.burmeseclassic.com



ရယ်လိုက်ပြီး ...

"စိတ်ချ ကိုက်မှာတော့ မပူနဲ့ သေချာချည်ထားတယ်"

မေက ညှော်ခန်းထဲမရှိ ဆိုဖာတွင် ထိုင်လိုက်ပြီး စားပွဲမှ ဂျာနယ်ကိုယူကာ ဖတ်လိုက်သည်။ သစ်သစ်အစ်ကိုက ဝင်လာပြီး

"သစ်သစ်က ခုနကမှ အကျီသွားချုပ်မယ်ဆိုပြီး ထွက်သွားတာ ..."

"ဟုတ် ..."

"ကော်ဖီသောက်မလား ... အအေးသောက်မလား"

"ရပါတယ် ..."

"ရပါတယ်ဆိုတာက ..."

"မသောက်တော့ဘူးလို့ပြောတာ ..."

"ဩော် ... အင်း ... အင်း ... စာမေးပွဲပြီးပြီဆိုတော့ လျှောက်သွားကြမလို့ ထင်တယ်"

"ဟုတ်ဘူး ... သစ်သစ်ဆီ ပျင်းလို့လာတာ"

"ညီမလေးက ဘယ်မှာနေလို့လဲ ..."

"မေက လသာမှာ နေတာ ..."

"မေရေ ..."

သစ်သစ် အပေါက်ဝမှ အော်လိုက်သဖြင့် မေက လှည့်ကြည့်





ပြီး ရယ်ပြလိုက်သည်။ သစ်သစ်အစ်ကိုကတော့ အခန်းထဲဝင်သွားသည်။

"သစ်သစ်တောင် မေ့ဆီ ဖုန်းဆက်မလို့ ..."

"ခုမှ ပြောနေ ... တကယ်ဆက်တာတော့ မဟုတ်ဘူး"

"လာမယ်ဆို ဖုန်းလေးဘာလေး ကြိုဆက်တာမဟုတ်ဘူး ဟင်းကောင်းကောင်းလေး ချက်ထားရတာပေါ့ ..."

"နေပါစေတော့ ..."

"ကဲ ... အခုလောလောဆယ် ဘာစားပြီးပြီလဲ ... မစားရသေးရင် ဒီနားက Moon မှာသွားစားမယ်"

"အင်း ... အဲဒါ အကောင်းဆုံးပဲ"

"မေရေ သမီးဖုန်းတဲ့ ..."

"ဘယ်သူလဲ မေမေ ..."

"သစ်သစ် ..."

"လာပြီ မေမေ ..."

မေက အောက်ထပ်သို့ ပြေးလာပြီး ဖုန်းကိုကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟယ်လို …”

“မေလား …”

“အင်းပြော သစ်သစ် …”

“သစ်သစ် မဟုတ်ဘူး …”

“ရှင် …”

“သစ်သစ် အစ်ကို …”

“ဩော် … ဟုတ် ဘာကိစ္စရှိလို့လဲဟင် … သစ်သစ် အိမ်ကို မပြောဘဲ ထွက်သွားလို့လား”

“မဟုတ်ဘူး ဒီတိုင်းဖုန်းဆက်တာ …”

“ဖုန်းနံပါတ်ကို သစ်သစ်ဆီက တောင်းတာလား”

“မဟုတ်ဘူး အင်္ကျီတစ်ထည်နဲ့ ဝယ်ရတာ …”

“ရှင် …”

“အင်္ကျီတစ်ထည် ဝယ်ပေးမှ ဖုန်းနံပါတ်ပေးမယ်ဆိုလို့လေ”

“ဟဟ … မေ့ ဖုန်းနံပါတ်က အင်္ကျီတစ်ထည်တောင်တန်တယ်နော်”

“လိုချင်တော့လဲ ဝယ်ပေးရတာပေါ့”

“ဟုတ် … သစ်သစ်ရော”

“ရှိတယ် … ရုပ်ရှင်ကြည့်နေတယ် … မေရော ဘာလုပ်နေ





လဲ …”

“မေကလား အင်း … ဘာလုပ်နေတလဲဆိုတော့ ရှေးဟောင်းနှောင်းဖြစ်လေးတွေ တွေးနေတာ”

“အဟ … ချစ်သူ အကြောင်းလား”

“ဟုတ်ပါဘူး … အဆောင်က အစ်မတစ်ယောက်ကို သတိရလို့ …”

“ဘာလို့ အိမ်ကနေ ကျောင်းမတက်ရတာလဲ”

“မတက်ချင်လို့ပေါ့ …”

“ဟုတ်ပါပြီ … ကိုယ့်နာမည်ရော သိရဲ့လား”

“သိဘူး …”

“မသိချင်ဘူးလား …”

“အင်္ကျီတော့ မဝယ်ပေးနိုင်ဘူးနော်”

“အာ … မေကလဲ”

“အဟင်း … အလကားမှ ပြောချင်ရဲ့လားလို့”

“မှတ်ထားနော် … အလကားပြောပြပေမဲ့ ဈေးတော့မပေါဘူး …”

“ဟုတ်ကဲ့ပါရှင် …”

“ရဲသီဟလို့ ခေါ်တယ် …”



www.burmeseclassic.com

www.burmeseclassic.com



"ရဲသီဟ ... ဟုတ်လား"

"အင်း ... ဟုတ်တယ် လေ သိနေလို့လား"

"ဟင့်အင်း ... သိပါဘူး အဟီး ... "

"သိသလိုလိုနဲ့ ... အသက်ကောသိချင်လား"

"ဟာ ... ဟုတ်တယ် အသက်က အရေးကြီးတယ်"

"ဘာလို့လဲ ... "

"အသက်ကိုသိမှ နာမည်ဘယ်လိုခေါ်သင့် မခေါ်သင့် စဉ်းစားရမှာပေါ့ ... "

"ဩော် ... ကိုယ့်အသက်က ၂၃ ... "

"၂၃လား ... ဒါဆို သစ်သစ်ခေါ်သလို ကိုရဲလို့ပဲခေါ်မယ်လေ နော် ... "

"သဘောပါဗျာ ... "

"ကျောင်းပြီးပြီလား ... "

"ကိုယ် Physic နဲ့ပြီးလို့ ဖေဖေ့ကုမ္ပဏီမှာ ဝင်လုပ်နေတယ်"

"ဟုတ် ... "

"မေ့ birthday ကရော"

" ၁၅ ရက် ၅ လ ၉၁ ... "

"ပြီးသွားပြီပေါ့ ... ဒီနေ့ပဲ ၂၈ ဖြစ်နေပြီ"





"အင်း ... ပြီးသွားပြီ မုန့်စားချင်ရင်တော့ နောက်နှစ်မှပဲစားတော့ ... Present တော့ ကြိုပေးလို့ရတယ်နော် ... ဟင်း ဟင်း"

"ဟဟ ... တကယ်ယူမှာလား"

"စတာပါ ... စတာပါ"

"ကျောင်းက (၁)ရက်နေ့ တက်ရမှာလား"

"(၁)ရက်နေ့ တက်ရမှာဆိုပေမဲ့ တစ်ပတ်လောက်ကတော့ တက်မဲ့လူရှိဦးမှာ မဟုတ်ဘူး ... "

"အင်းပေါ့ ... အိမ်က သစ်သစ်ကတော့ (၁)ရက်နေ့ထဲက တက်မယ်လုပ်နေတယ် ... သူ့ဘဲနဲ့များ ချိတ်ထားသလားမသိဘူး"

"ဟာ ဟ ... သစ်သစ်မှာ ဘဲမရှိပါဘူး ကိုရဲရဲ့ ... "

"ဘာလဲ ... ဖုံးပေးနေတာလား"

"မေလဲ သေချာတော့မသိဘူး ... ဘာပဲပြောပြော သစ်သစ်က သူ့ဘဲထားရင် မေ့ကိုပြောမှာပေါ့ ... "

"အရင်က ပြောချင်ပြောလိမ့်မယ် ... ဒါပေမဲ့ ခုတော့ ပြောမှာမဟုတ်တော့ဘူး ... "

"ဟင် ... ဘာလို့လဲ"

"မေနဲ့ ကိုယ်နဲ့ အဆက်အသွယ်ရှိမှန်းသိရင် သူက ပြောပါဦးမလား ... "



www.burmeseclassic.com

www.burmeseclassic.com



"အို ... မေနဲ့ ကိုရဲနဲ့က ခုမှ စကားပြောတာပဲဟာ"

"အင်းလေ ... နောက်ပိုင်း ကိုယ်က ဆက်မှာပေါ့"

"ဇွတ်ကြီးပါလား ... "

"မေက ချောတယ်နော် ... သစ်သစ်ပြောတယ် E မေဂျာ က Queen ဆို ... "

"အင်း ... ဘာလဲ ကိုရဲသာ အင်္ဂလိပ်စာပါချုပ်ဆို မေ့ကို Queen အဖြစ်ကနေ ဖြုတ်မလို့လား ... "

"ဟား ... ကိုယ်သာ ပါချုပ်ဖြစ်လို့ကတော့ မေ့ကို Queen ထပ်ပေးဦးမှာ Double Queen ပေါ့ ... "

"ဟဟ ... ကိုရဲကလေ"

"အိမ်ကိုလာလည်ဦးလေ ... ဟိုတစ်နေ့က တစ်ခါပဲမြင်လိုက်ရတယ် ... ဘာမှန်းလဲ မသိဘူး ... ရောက်ရောက်ချင်းပဲ ဟိုခွေးမလေးက အပြင်ခေါ်ထုတ်သွားတယ်"

"ဟဟ ... ဟုတ်ကဲ့ပါရှင် မေ လာလည်ပါဦးမယ်"

"အင်း ... ဒီတစ်ခါလာလည်ရင် သူ့ထက်ဦးအောင် ကိုယ်ခေါ်ထုတ်သွားမယ် ... "

"ဟဟ ... ကောင်းပါပြီ ကောင်းပါပြီ ... "

"ဒါဆို ဒီနေ့ ဒီလောက်ပဲပြောတော့မယ် ... နောက်နေ့မှ





ဆက်မယ်နော် ... bye "

" bye ... bye ကိုရဲ"

မေ ဖုန်းကိုချလိုက်ပြီး မျက်ခုံးပင့်ကာ လေပူတစ်ချက်မှုတ်လိုက်သည်။ ရတ်တရက် ရှိန်းကို သတိရမိသည်။ ခုချိန်ဆို ရန်ကုန်ပြန်ရောက်နေပြီ ထင်ပါရဲ့ ... တွေ့ချင်နေပြီ ... ။

မေက ဒေါ်သက်စုကို တစ်ချက်နမ်းလိုက်ပြီး အဝတ်အစားထုပ်နှင့်ကျောပိုးအိတ်ကိုဆွဲကာ တက္ကစီပေါ်တက်လိုက်သည်။ မေက ဖုန်း hand set အသစ်ရသဖြင့် ပျော်နေသည်။ ဒီထက်ပျော်တာကတော့ စံပယ်ဖြူနှင့် တွေ့ရန်ဖြစ်သည်။

ထုံးစံအတိုင်း အပျိုကြီးက မေလာသည်နှင့် ပြုံးဖြီးလို့နေသည်။

"မမဖြူရောက်ပြီလား ဟင် ... "

"မေနဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ ခုပဲအပေါ်တက်သွားတယ်"

"တကယ် ... "

မေက အထုပ်တွေကိုပစ်ချကာ အခန်းထဲဝင်သွားပြီး စံပယ်ဖြူကို တွေ့သည်နှင့် ပြေးဖက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမဖြူ ... "

"ဟယ် ... မေ ... ဖြူ အခုပဲရောက်တာ"

"အရမ်းသတိရတယ် ... ဖုန်းနံပါတ်ပေးထားတာတောင် မဆက်ဘူးနော် ... မမဖြူကတော့ ... "

"ဖြူ ဆက်သေးတယ် ... သူကဖြင့် မကိုင်ဘဲနဲ့"

"တကယ် ဆက်တယ် ... "

"ဟုတ်ပါ့ ... ဆက်ပါတယ်ရှင် ... "

"မတွေ့ရတာ ကြာတော့ မမဖြူက ချောလာသလိုပဲ"

"မေကမှ ပိုချောလာတာပါ"

"ပြောစရာ စကားတွေမှ ပုံလို့ ... "

"ဖြူလဲ ပြောစရာရှိတယ်"

"ခဏနေဦး အောက်မှာ အထုပ်တွေချခဲ့တယ် ... သွားယူလိုက်ဦးမယ် ... "

"အင်း ... "

မေက အောက်ထပ်သို့ ဆင်းကာ အထုပ်များကိုဆွဲလာပြီး ခုတင်ခြေရင်းတွင် ချထားလိုက်သည်။

"မမဖြူ အရင်ပြော ... "

"အင်း ... ဖြူ့ဆီ သူ ဖုန်းဆက်တယ်"





"ဟယ် ... ဟုတ်လား ပြန်ဆက်တာလား"

"မဟုတ်ဘူး ... နေကောင်းလားလို့ မေးတာ ... တစ်ခန်းထဲနေနေတုန်းကတော့ စကားမပြောပဲနဲ့ အခုမှ ဘာအရှူးထလဲတော့ မသိဘူး ... "

" ဟ ဟ ... စိတ်ပြောင်းသွားလို့နေမှာပေါ့ ... မမဖြူရဲ့ ဘာပဲပြောပြော မမဖြူဝမ်းသာတယ် မဟုတ်လား ... "

"အင်း ... ဒါနဲ့ မေပြောမှာက ဘာလဲ"

မေက လွယ်အိတ်ထဲမှ ဖုန်းကိုထုတ်ပြပြီး ...

"ဒီမှာ ကြည့်စမ်း မမဖြူ ... "

" hand set အသစ်လား ... "

"အင်း ... "

"သြော် ... နောက်ပြီး ကျန်သေးတယ်"

"ဘာလဲဟင် ... "

မေက ရဲသီဟအကြောင်းကို ပြောပြလိုက်သည်နှင့် စံပယ်ဖြူက ပြုံးလိုက်ပြီး ...

"မဟုတ်မှလွဲရော သူ မေ့ကိုကြိုက်နေတာထင်တယ်နော်"

"သေချာတာပေါ့ မေပဲ ဒီလောက်ကတော့ သိတယ်"

"မေက ပြန်ကြိုက်မှာလား ... "



www.burmeseclassic.com

www.burmeseclassic.com



"အတည်တော့ မတွဲဘူး ... "

"ဒါဖြင့် သူ Propose လုပ်ရင် reply ပြန်မယ်ပေါ့"

"အင်း ... "

"ဟိုတစ်ယောက်ကရော ... "

"ချစ်သူလေးလား ... ချစ်သူလေးက အတည် ... "

"ဒီကောင်မလေးကတော့ ... "

"ဟာ ဟ ... "

ဇယားရှုပ်ရင်းနဲ့ပဲ မိုးမချုပ်သွားပါစေနဲ့ ...

အခန်း (၁၂)

**ကျောင်းဂိတ်ဝ**

"မေ ... ဖြူတို့ အခန်းတော့ လူစုံဦးမယ် မထင်ဘူး"

"မေတို့ အခန်းလဲ စုံဦးမယ် မထင်ဘူး"

"ဒါဖြင့် RC မှာ ထိုင်ကြရအောင်"

"အင်း ... "

မေနဲ့ စံပယ်ဖြူ ကျောင်းဝင်းထဲသို့ ဝင်လိုက်ပြီး အမျိုးသမီး နားနေဆောင်တွင် ဝင်ထိုင်လိုက်ကြသည်။

"Lollipop စုပ်မလား မမဖြူ ... "

"ဟင့်အင်း ... ဖြူ အဲဒါကြီး မစားတတ်ဘူး"

"စားရမှာမှ မဟုတ်ဘဲ စုပ်ရုံလေးရယ်"

"ဟင့်အင်း ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အာလူးကြော်ရော ... "

"မေပဲ စားပါ ... "

"ဒီမှာ စောင့်နေ သွားဝယ်လိုက်ဦးမယ်နော်"

"အင်း ... "

မေက အဆောင်မှထွက်ကာ အာလူးကြော်သွားဝယ်သည်။ မှန့်ရောင်းသော အဒေါ်ကြီးက တစ်ထောင်တန်ကို မအမ်းနိုင်ဖြစ်နေသည်။

"ဆေးလိပ်ရှိလား ... "

ဆေးလိပ်လာဝယ်သူကို ကြည့်လိုက်တော့ နေမင်းဦးဖြစ်သည်။ မေက မျက်စောင်းထိုးလိုက်သည်။

"သမီး ဒီမှာ ၇၅၀ နော်"

"ဟုတ် ... "

မေက ခပ်သွက်သွက်လျှောက်လာတုန်း နေမင်းဦးက နောက်မှ လိုက်ကာ ...

"မေ ... "

"ဘာလဲ ... "

"နင်နဲ့ စကားနည်းနည်းပြောချင်လို့ အချိန်ရမလား"

"နင်နဲ့ ပြောဖို့ဆို ငါ့မှာ အချိန်ကိုမရှိဘူး"





"ငါကလဲ ပြောချင်လို့ ပြောတာမဟုတ်ပါဘူး ... မိုးထက် အကြောင်းပြောမလို့ ... "

မေက နေမင်းဦးကိုကြည့်ကာ မျက်စောင်းထိုးလိုက်ပြီး ...

"ဘာလဲ မြန်မြန်ပြော ... "

"မိုးထက်က သူ့ဓာတ်ပုံနဲ့ ပစ္စည်းတွေတောင်းခိုင်းလို့ နင့်ကို First Semester ထဲက ပြောမလို့ ရှာမတွေ့တာနဲ့ ... "

"ဖြန်း ... "

မေက နေမင်းဦးကို ပါးရိုက်လိုက်သဖြင့် ဖြတ်သွားသော ကျောင်းသူတစ်စုက လှမ်းကြည့်သည်။

"နင် ခုထိ ငါ့ကို ဒုက္ခပေးတာ မဝသေးဘူးလား"

"မင်း ... မိန်းမဖြစ်နေလို့သိလား ... တောက်"

"သူ့ကိုပြောလိုက် ... သူ့ဓာတ်ပုံနဲ့ ပစ္စည်းတွေအားလုံး ငါ မီးရှို့လိုက်ပြီလို့ ... "

မေက ပြောပြီးလှည့်ထွက်လာခဲ့သည်။ နေမင်းဦးကို ပါးရိုက်လိုက်ရ၍ အနည်းငယ်တော့ စိတ်ပြေသွားသည်။ ပိုက်ဆံအိတ်ထဲမှ မိုးထက် ဓာတ်ပုံကိုကြည့်ပြီး ပိုက်ဆံအိတ်ကို ပြန်ပိတ်လိုက်သည်။

"မေရယ် ကြာလိုက်တာ ... "

"ဟိုအကောင်နဲ့တွေ့နေလို့ ကျက်သရေမရှိလိုက်တာ"

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ..."

"အဆောင်ကျမှပဲ ပြောပြတော့မယ် ... မေ အတန်းထဲသွားကြည့်လိုက်ဦးမယ်"

"အင်း ... ဒါဆို ဖြူတို့ အဆောင်ကျမှပဲတွေ့မယ်နော်"

"ဟုတ် ..."

မေက အတန်းထဲသို့ သွားထိုင်နေလိုက်သည်။ ကျောင်းသားတစ်ယောက် နှစ်ယောက်က ဝင်ချည်ထွက်ချည်နှင့် ...

ဖုန်းကို ထုတ်ကာ သစ်သစ်ဆီ ဆက်လိုက်သည်။

"ဟယ်လို ... သစ်သစ် ... မေပါ ကျောင်းမှာလား ..."

" ... "

"ဘာ ယောင်းမလဲ ... သစ်သစ်နော်"

"မလုပ်ပါနဲ့ သစ်သစ်ရယ် ... မေ့အကြောင်းလဲ သိရဲ့သားနဲ့ကို ..."

မေ ဖုန်းပြောနေတုန်း ရှိန်းရောက်လာသည်။ ဖုန်းကို စကားစသတ်ပြီး ပိတ်လိုက်သည်။ ရှိန်းက ပြုံးကာ ...

"ဒီနေ့ မတက်ဘူးထင်လို့ လာတာ ..."

"ဟင် ... ဒီနေ့ တက်တယ်ထင်လို့ လာတာလို့ပြောရမှာလေ ..."





"ဟုတ်ဘူး ... ဒီနေ့တက်ရင် ကိုယ်မလာတော့ဘူး"

"ဟာ ... စလာထဲက ဘုဂလန့်တိုက်ပြန်ပြီ"

"စတာပါ ... လူလဲ မရှိပါလား"

ရှိန်းက အတန်းထဲကြည့်ကာ ပြောလိုက်သည်။ မေက ပြုံးလိုက်ပြီး ...

"မေ့ဆီလာတာဆိုတော့ အဖြေပေးမလို့လား"

"မေက ဒါကျတော့ မမေ့ဘူးနော်"

"ဘယ်လောက် သတိရနေလဲ မသိဘူးလား"

"မသိဘူးလေ ..."

ရှိန်းက မေ့ရဲ့ဘေးမှာ ဝင်ထိုင်လိုက်သည်။ မေက ရှိန်းကိုသေချာကြည့်နေသဖြင့် ရှိန်းက မနေတတ်တော့ ...

"ဘာကြည့်နေတာလဲ ..."

"ဘာတွေ ပြောင်းလဲသွားလဲလို့ ..."

"ဘာပြောင်းလဲသွားလဲ ..."

"ဟင့်အင်း ... ဘာမှ မပြောင်းလဲဘူး ..."

"သေချာလို့လား ..."

"အင်း ..."

ရှိန်းက မေ့ခေါင်းကို တစ်ချက်ထုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား ... ဘာလို့ထုတာလဲ"

"မျက်မှန်ပြောင်းထားတာ မတွေ့ဘူးလား ... "

မေက ရှိန်းခေါင်းကိုပြန်ထုလိုက်သည်။

"အစောကြီးကထဲက တွေ့သားပဲ မေက မျက်မှန်ကိုလိုက်ကြည့်နေတာ မဟုတ်ဘူး ... မျက်နှာကိုပဲ ကြည့်နေတာ ... "

"အကြီးကိုစော်ကားတယ် ငရဲကြီးမှာ မကြောက်ဘူးလား"

"ငရဲကြီးတော့ ငရဲလေးကိုနိုင်တာပေါ့ ... "

"ဟာ ... "

"ဟာ မလုပ်နဲ့ အဖြေပြောလေ ... "

"အား ... ဗိုက်ဆာတယ်ကွာ ကော်ဖီသွားသောက်ရအောင်"

"အားနေ ဒါချည်းပဲပြောနေတယ်"

"တကယ် ဆာတာ ဘာမှ မစားလာခဲ့ရဘူး"

"မစားနဲ့ ... "

"ရက်စက်တော့မှာလား ... "

"ဘယ်သူက ရက်စက်တာလဲ ... "

"ဘယ်သူက ရက်စက်တာလဲပြော ... မေ့ကို ဘယ်သူက ရက်စက်တာလဲ"

"သူပေါ့ ... "





"ဘယ်သူလဲ ... "

"မျက်မှန်နဲ့ လူလေ ... "

"ဟုတ်လား ... ပါးမရိုက်လိုက်ဘူးလား"

"မရိုက်ရက်ပါဘူး ... "

"သေချာလို့လား ... "

"သေချာလွန်းလို့ ခက်နေတာ"

* * *

"ဘာသောက်မှာလဲ ... "

"ice-coffee"

"ဘာစားဦးမလဲ ... "

"စကော့ပူထမင်းကြော် ... "

"၂ ပွဲစီပေးပါ ... "

"အိမ်က ဘာမှမစားလာခဲ့ဘူးလား"

"ဟင့်အင်း ... အဆောင်ကလာတာလေ"

"သြော် ... ဟုတ်သား ... "

မေက ဖုန်းမြည်လာသဖြင့် ကိုင်လိုက်သည်။ ရှိန်းကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကဲနိတင်းအပြင်သို့ ထွက်လာကာ ဖုန်းပြောလိုက်သည်။

"ဟယ်လို ... သစ်သစ်ပြော ..."

"သစ်သစ်မလုပ်နဲ့ ဒီမှာ ကိုရဲလေ ကျောင်းကိုလိုက်လာတယ် မေနဲ့တွေ့ချင်လို့တဲ့ မေ ခုဘယ်မှာလဲ ..."

"မေ ... ခု အတန်းတက်နေတယ် သစ်သစ် ... သစ်သစ်တို့ရော ..."

"အနောက်ကဲနိတင်းမှာ ထိုင်မလို့ လာနေတာ"

"ဟုတ်လား ... ဘယ်ဆိုင်မှာ ထိုင်နေကျလဲ"

"ရွှေတြိဂံ ..."

"ဟုတ်လား ... သစ်သစ် ဆရာမလာလို့ ဖုန်းချလိုက်တော့မယ်နော် ... ပြီးမှတွေ့မယ်"

"အိုကေ ..."

မေ ဆိုင်ထဲသို့ ကမန်းကတန်းပြေးဝင်ကာ ...

"ရှိန်း အရေးကြီးကိစ္စရှိလို့ ဆိုင်ပြောင်းရအောင် မြန်မြန်လာ"

"မှာထားတယ်လေ ..."

"ထားခဲ့တော့ ... မြန်မြန် ..."

မေက ရှိန်းလက်ကိုဆွဲကာ အရှေ့ကဲနိတင်းသို့ ခပ်သွက်သွက်လျှောက်လာသည်။ ရှိန်းက ...





"လက်ကလေးဘာလေး လွှတ်ဖို့အစီအစဉ်မရှိဘူးလား မမလေး ..."

"အာ ... ဆောရီး ... ရှိန်း ..."

" ... "

"ဘာလဲ ... လက်ကိုင်တာ မကြိုက်ဘူးပေါ့ ... ဗီ ..."

မေက လက်နှစ်ဖက်ကို ပွတ်ကာ ထမီနဲ့သုတ်ရင်း ရှိန်းကို မျက်စောင်းထိုးလိုက်သည်။ ရှိန်းက ရယ်လိုက်ပြီး ...

"အဲဒါက ဘာဖြစ်တာလဲ ... ဒီမှာ ကိုယ် ပုဆိုးကျွတ်တော့မလို့ဟာ ... ဝတ်မလို့လေ ... ဘာလဲ မေ ဝတ်ပေးမလို့လား"

"လာပြီး ညစ်တီးညစ်ပတ်လာပြောနေတယ် ... ကျွတ်ခါနီးရင်လဲ ချွတ်သာချလိုက်တော့ ..."

"ကောင်မလေးတွေ ဝိုင်းဆွဲမှာပေါ့ ..."

"ဟွန့် ..."

"ဟ ဟ ဟ ... ဘယ်ရည်းစားလာမှာမို့လို့ မှာထားတာတောင် ထားခဲ့ရတာလဲ မေ ..."

"ဘယ်ရည်းစားမှ မဟုတ်ဘူး ..."

"အကြွေးရှင်တော့ မဟုတ်လောက်ပါဘူးနော်"

"မေနဲ့ မတည့်တဲ့ လူတစ်ယောက်လာမှာမို့လို့ပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"နေမင်းဦးလား ..."

"ဟင် ... ရှိန်း သိတယ်"

"မသိပါဘူး ..."

"ဘာ မသိပါဘူးလဲ ... ပြောစမ်း ... ပြောစမ်း ရှိန်းနဲ့ သူငယ်ချင်းလား ... သူငယ်ချင်းဆိုရင်တော့ ခုကထဲက ဖြတ်ထား မေ သူနဲ့ တွဲတာ မကြိုက်ဘူး ..."

"မတွဲပါဘူး ... မေရယ် မေထူးခေါ်ပြောလောက်ပါပဲ"

"သူ မေးလဲ မထူးနဲ့ သူခေါ်လဲ မပြောနဲ့ ..."

"အဲလောက်တောင်ပဲ မုန်းနေတာလား ..."

"အဲဒီကောင် ရုပ်ကို ယောင်လို့တောင် မမြင်ချင်တာ အမှန်ပဲရှိန်း ... မိုးထက်ကိုတော့ သနားတယ် ... ဒါပေမဲ့ သူ့ရုပ်နဲ့တွဲပြီးဟိုကောင့်ရုပ်ပါပေါ်လာရင် ရေးလက်စ စာရွက်ကိုတောင် လုံးပြီးစုတ်ချေပစ်ချင်လောက်အောင်ကို မုန်းတာ ..."

"မိုးထက်ကို သနားတယ် ... ဘာလို့ သနားတာလဲ"

မေက ပြောချင်တာပြောပြီးတော့မှ ရှိန်းအမေးကို မဖြေသေးပဲ စကားပြောမှားသွားမှန်း သိလိုက်သည်။

"ပြောလေ ... မေ ဘာလို့ သနားတာလဲ သူ့အကြောင်းတွေ စဉ်းစားနေပုံပဲနော် ..."





"မဟုတ်ပါဘူး ... ဥပမာပြောတာပါ ..."

"မေက လိမ်တတ်တဲ့ လူလိမ်မလေးပဲ ... မထင်ရဘူးနော်"

"ရှိန်းနော် ... ဘယ်မှာ လိမ်လို့လဲ ..."

"ဒါဖြင့် ညာတာပေါ့ ..."

"တော်ပြီ ... မပြောတော့ဘူး သူကဖြင့် လူကိုဦးစားမပေးဘဲနဲ့ မိုးထက်နဲ့လာအူတိုနေတယ် ... နေမင်းဦးအတိုင်းပဲ"

"ကိုယ့်ကို တခြားလူတွေနဲ့ မနှိုင်းနဲ့မေ ... ကိုယ် မကြိုက်ဘူး ... အူတိုတာလဲ မဟုတ်ဘူး ... မေ့စိတ်ထဲ သူ့ကို မပြတ်သေးရင် ကိုယ်က ဘယ်လိုလုပ် မေ့ကို ဦးစားပေးရမလဲ ... နောက်ပြီး ကိုယ်က သူများထက် ရှေ့ကပဲဖြစ်ချင်တာ ... သူများပြောပြီးသား စကားတွေ မပြောချင်ဘူး ... အဲဒါတွေ မေ နားမလည်ပါဘူး ..."

"ရှိန်းက နားမလည်ပေးနိုင်တာ ... မေ့ရင်ထဲဝင်ကြည့်စမ်းပါ ... ရှိန်းအတွက်နဲ့ မေဘယ်လောက်ခံစားရလဲ အဲဒါ ရှိန်းသိလား အချစ်ဆိုတာ ရှိန်းအတွက် အလကားဆိုပေမဲ့ မေ့အတွက်တော့ ဘဝတစ်ပိုင်းနီးနီးပဲ ... အချစ်မရှိဘဲ ရှင်သန်ခဲ့ရတာဆို ... ဘာလဲ ရှိန်း အချစ်က ပထမတစ်ယောက်အတွက်နဲ့ ဗွန်းလွှတ်လိုက်ရလို့လား သူများပြောပြီးသား စကားကို မပြောချင်ရင်လဲ မချစ်ဘူးလို့သာ ပြောလိုက်တော့ ... အဲဒီစကား ဘယ်သူမှ မေ့ကို မပြောသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မေ ... "

"ဘာလဲ ... ရှိန်း ... ရှိန်းမေ့ထားတဲ့ အချစ်ဟောင်း အကြောင်းပြောမိလို့လား ... ဆောရီးပဲ ... မေ စိတ်ဆိုးရင် အဲလိုပဲ"

"မဟုတ်ပါဘူး မေ ... မေ ကိုယ့်ကို ပိုင်ဆိုင်ချင်တာ လမ်းလွဲနေပြီ ... "

"ဘာလဲ ... ရှိန်းက မေ့ကို ရုပ်ပြာနိုင်တဲ့ မိန်းမလို့ပြောတာလား ... ရှိန်း သူလိုမေက အေးပေ့ါလေ ... မေ့လိုလူမျိုးကို ရှိန်းလဲ ဘယ်ကြိုက်ချင်ပါ့မလဲ ... ရှိပါစေတော့ပေ့ါ ... မေ့စကားတွေ အကုန်ရုပ်သိမ်းတယ် ... "

" ... "

"ဒီနေ့ ... ပြောတဲ့စကားကို ရုပ်သိမ်းတယ်ပြောတာနေ ဒါပဲ ... သွားပြီ ... "

မေ စိတ်ဆိုးပြီး ကျောင်းပြင်သို့ ထွက်သွားသည်နှင့် ရှိန်း တစ်ယောက် လမ်းလယ်မှာ ငေါတောင်တောင်ဖြင့် ကျန်ခဲ့သည်

ဒီကြိုးအရှုပ်ကို ဘယ်သူလာလို့ ရှင်းပါ့မယ် ...

အခန်း (၁၃)

**တော်ဝင်ပန်း အမျိုးသမီးဆောင်**

"စိတ်ညစ်တယ် မမဖြူရေ စိတ်ညစ်တယ် ... "

"ကဲ ပြောပါဦး မေရယ် ဖြူက RC မှာထဲက သိချင်နေတာ"

"မေလေ ... နေမင်းဦးကို ပါးရိုက်ခဲ့တယ်"

"ဟုတ်လား ... ဘယ်လိုဖြစ်တာလဲ"

"ဒီကြားထဲ ကိုရဲက ကျောင်းကိုလာလို့ ရှောင်ရသေး သူနဲ့ မေနဲ့ အရှေ့ကန်တင်းနားမှာ ရန်ဖြစ်ခဲ့တယ်လေ ... စိတ်ညစ်ပါတယ်"

"ဟင်း ... မေတစ်ယောက်နဲ့တော့ သတိတော့ထားမေရေ"

"ဘယ်သူ့ကိုလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ရွှေခဲကိုပေါ့ မိန်းမတွေက အမှတ်သည်းခြေကြီးတယ်ဆိုပေမဲ့ ရွှေခဲက မိန်းမစိတ်မဟုတ်လား … မေ သူ့ကို ပါးရိုက်ခဲ့တာ မြေပြူးစပ်ထဲ အစွယ်ဖြုကြည့်တာထက် ဆိုးသွားပြီ … အဲတော့ ရွှေခဲကို သတိသာထားတော့ … "

"အားလုံးကို ကျော့ခိုင်းထားတုန်း နောက်ကနေ တွန်းချခံလိုက်ရသလိုပဲ တကယ်ကို ဒေါသထွက်မိတာ အမှန်ပဲ မမဖြူ … စိတ်ရှိတိုင်း လုပ်ခွင့်ရှိမယ်ဆိုရင် ကျောင်းသွားတိုင်း ဓားတစ်လက်ဆောင်သွားတယ် … တစ်ခါတွေ့တိုင်း တစ်ခါဓားနဲ့ထိုးပြီး မသေမချင်း ညှဉ်းဆဲလို့ရအောင် … "

"အဲလောက်တော့ မလုပ်ပါနဲ့ မေရယ် … သတိပဲထားပေါ့ယောကျ်ားတွေက မိန်းမတွေထက် ခြေတစ်လှမ်းသွက်တယ် … ဒါပေမဲ့ တို့မိန်းမတွေကလဲ ယောကျ်ားတွေထက် ဉာဏ်ရှေ့ပြေးတာပဲ … ဘာပဲလုပ်လုပ် ဘာပဲတွေးတွေး ဘာကြောင့်ဆိုတာ ကိုအရင်မတွေးဘဲ ဘာဖြစ်လို့လဲဆိုတာ အရင်တွေးရတယ် မေ … "

"ရှုပ်နေတာပဲ မမဖြူရယ် မေတော့ ဉာဏ်ကိုမမီတော့ဘူး"

"ဟင်း … "

"ဒီနေ့ပဲ ကျောင်းစတက်တယ် ဒီနေ့ပဲ ပြဿနာစဖြစ်တယ်ကောင်းကောင်းညစ်သွားပြီ … "





ဘူတာ

"မင်းကလဲ မင်းပဲ ငါမပြောနိုင်းဘဲ သွားပြောတာကိုး"

"ကြည့်မရလို့ပေါ့ ကြည့်မရလို့ … တက်ကြွနေလိုက်တာများ ကျောင်းစစဖွင့်ခြင်းပဲကွာ … "

"ဘာကျောင်းစစဖွင့်ခြင်းလဲ မင်းကြောင့် မင်းကြောင့်"

"ငါ့မှာ သူ့ရုပ်ကိုမြင်လိုက်တာနဲ့ မင်းမျက်ခွက်ကြီးပါ တွဲမြင်လာလို့ လျော်ခဲ့ရပေါင်းများပြီ … ငါ့အကြောင်း မကြာခင် သိရမှာပါ … "

"အဲလောက်လဲ မတေးထားစမ်းပါနဲ့ကွာ … သူ့ဟာသူအေးအေးဆေးဆေး နေပါစေ … မင်းဘက်က သဘောထားကြီးကြီးထားစမ်းပါ … "

"ဘာလဲ … မင်းက သူ့ကို စိတ်မကုန်သေးဘူးလား"

"မေက မိုးပြေးလေးပါ … လေတိုက်တိုင်း ပြေးနေရတဲ့ဘဝမျိုး မဖြစ်စေချင်ဘူး … "

"တစ်ခါတလေတော့လဲ … ငါကိုယ်တိုင် မိုးဖြစ်လိုက်ချင်တယ် … အဲဒီမေဆိုတဲ့ မိန်းမကို တွေ့တိုင်း မိုးကြိုးကြီးကြီးပစ်ချချင်လို့ … "

"မင်း အဲလိုပြောတော့ သူ ဘာပြန်ပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ခေတ်ပုံနဲ့ပစ္စည်းတွေအားလုံး မီးရှို့ပစ်လိုက်ပြီတဲ့"

"ဟုတ်လား ... "

"ဟုတ်လား မလုပ်နဲ့ သူ့ပုံတွေလဲ လွှင့်ပစ်လိုက်တော့"

"မရှိတော့ဘူးလေ ... မင်းယူပြီး ဖြဲလိုက်ပြီ မဟုတ်လား"

"ဘာလဲ ... အခု မင်းက ငါ့ကိုဒေါသထွက်နေတာလား"

"မထွက်ပါဘူး ... ပြောပြတာပါ"

"ပြောရင်း ပြောရင်းနဲ့တောင် ဒေါသထွက်လာပြီကွ ... ငါ့အမေတောင် တယုတယ ပိုးဥသလိုဥထားတာ ... ဟွန့် နေမင်းဦးကို ဘာမှတ်နေလဲ မသိဘူး ... တောက်"

"ဟော့ကောင် ... နေမင်းဦး ဘယ်သွားမလို့လဲ ... "

" ... "

နေမင်းဦး ထွက်သွားသဖြင့် မိုးထက် ကျန်ခဲ့သည်။

နေမင်းဦးက မထင်ရင် မထင်သလိုပဲ လုပ်တတ်သဖြင့် နည်းနည်းတော့ စိုးရိမ်သည်။





"ဟိတ် ... မေ ... "

"ဟာ မမဖြူ ... ပြန်တော့မှာလား"

"အင်း ... တူတူပြန်မယ်လေ ... အဆင်ပြေလား"

"ဘာကိုလဲ မမဖြူ"

"အကုန်လုံးပေါ့ ... "

"သူနဲ့မှ စကားမပြောတာ ... "

"ကိုယ့်ဘက်က အလျှော့ပေးလိုက်ပေါ့ မချစ်ဖူးလား"

"ပြောနေဖို့ လိုသေးလို့လား မမဖြူကလဲ ... တုန်နေအောင် ချစ်တာ ... "

"အဟင်း ... "

မေနှင့်စံပယ်ဖြူ ကျောင်းဝင်းထဲမှ စကားပြောရင်း ထွက်လာကြသည်။

ရှိန်း မေ့ကိုလှမ်းမခေါ်ဖြစ်တော့ နောက်မှ ခြေလှမ်းနှေးနှေးဖြင့် လိုက်လာခဲ့သည်။

မေက စံပယ်ဖြူကို ပြုံးပြ စကားပြောလိုက် မဲ့ပြီးစကားပြောလိုက်နှင့် ရှိန်းကို မမြင် ...

မေနှင့် စံပယ်ဖြူ အဆောင်ထဲဝင်သွားသည်အထိ ရှိန်းကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လေပူတစ်ချက်မှုတ်လိုက်ပြီး အိမ်သို့ပြန်ရန် ဆုံးဖြတ်လိုက်သည်။

ဆောင်

"ဖြူ ... အချိန်ရလား"

ရှိန်းက အခန်းထဲမှ ထွက်လာသော ဖြူကို ရပ်စောင့်ရင်း ပြောလိုက်သဖြင့် စံပယ်ဖြူက ရှိန်းကိုကြည့်ကာ ...

"ဘာပြောမလို့လဲ ရှိန်း ... ပြောစရာရှိရင် ကန်တင်းသွားမယ်လေ ... ဖြူ ထမင်းသွားစားမလို့ ... "

"ခဏလေးမို့လို့ပါ ... မသွားတော့ဘူး"

"အင်း ... ပြောလေ"

"ဟိုတလောက ဖုန်းဆက်တဲ့ ကိစ္စပြောချင်လို့"

"အင်း ... "

"ဘာရယ် မဟုတ်ဘူး ... ဒီလိုပဲ အဆင်ပြေလား သိချင်လို့ ဆက်ရုံလေးတင်ပါ ... "

"ဖြူက ဘာပြောနေလို့လဲ ရှိန်း ... "





"တမျိုးထင်မှာစိုးလို့ ... "

"မထင်ပါဘူး ... ထင်ရအောင်လဲ ရှိန်း ဘယ်လိုစိတ်ဓာတ်မျိုးရှိတယ်ဆိုတာ ဖြူသိပါတယ် ... တစ်နှစ်ကြာတဲ့အထိ တွဲခဲ့ဖူးတာပဲ မသိပဲနေမလား ... "

"ကျေးဇူးပဲ ... "

"မလိုပါဘူး ... ဖြူ ရှိန်းကို ခုလို လက်ခံစကားပြောရတယ်ဆိုတာကလဲ တစ်မျိုးမထင်နဲ့ လူမှုရေးအရပဲလေ ... "

"ကိုယ် သဘောပေါက်ပါတယ်"

"သဘောပေါက်ရမှာပေါ့ ... သဘောထားချင်း မတိုက်ဆိုင်လို့ လမ်းခွဲခဲ့ကြတာမှ မဟုတ်ဘဲ ... နားလည်မှုယူပြီး လမ်းခွဲကြတာ မဟုတ်လား ... ရှိန်းကော အဆင်ပြေလား"

"အင်း ... ပြေပါတယ်"

"အသစ်တော့ မတွေ့လောက်ပါဘူးနော် ... ရှေ့ Semester တုန်းက အတန်းတက်တာ သိပ်မတွေ့လို့ ဖြေနိုင်တယ် မဟုတ်လား ... "

"ဖြေနိုင်ပါတယ် ဖြူရော ... "

"ဖြူက ကြိုးစားရမှာပေါ့ ... အချစ်ရေးမှာ ကံမကောင်းသလို ပညာရေးမှာလဲ ကံမကောင်းလို့ ဘယ်ဖြစ်မလဲ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား ... "

"ဖြူရော အသစ်နဲ့လား ... "

"အသစ်ဆိုတာ ဘာကိုပြောတာလဲ စိတ်သစ်လူသစ်ကို ပြောတာလား ... အဟောင်း လူကတော့ သစ်ပါတယ် စိတ်ကပဲ ဟောင်းနေလို့ ခဏခဏလျှော်ဖွတ်နေရတယ် ... ကြာတော့လဲ မဖြူတော့ပဲ ညစ်သွားတာပေါ့ ... မဟုတ်ဘူးလား"

"ခုထိ အမှတ်သည်းခြေကြီးတုန်းပဲနော်"

"ရှိန်းစကားတွေ အကုန်လုံး ဖြူမှတ်မိပါတယ် ... ဒီအတိုင်းပဲ လိုအပ်တဲ့နေရာမှာ ချသုံးလိုက်တာ ... "

"ထမင်းသွားစားမလို့ဆို ... ကိုယ်ပြောလို့ ပြီးပြီ"

စံပယ်ဖြူက ရှိန်းကို ပြုံးပြလိုက်ပြီး ကဲန်တင်းသို့ ထွက်လာခဲ့သည်။

နေမင်းဦးကို ရှိန်းရော စံပယ်ဖြူပါ မမြင်လိုက် ရှိန်းက အတန်းထဲဝင်သွားသဖြင့် နေမင်းဦး လှည့်ထွက်လာသည်။

တကယ်တော့ နေမင်းဦးက ရှိန်းဆီလာခြင်းဖြစ်သည်။

မထင်မှတ်ဘဲ စံပယ် ဖြူနဲ့ ရှိန်းစကားပြောနေတာ တွေ့သွားသည်။

နေမင်းဦး မျက်နှာက ဝင်းလက်နေသည်။





မျက်လုံးများ အရောင်တောက်နေသည်။

မိုးထက်ထိုင်နေသော ကဲန်တင်းထဲဝင်ကာ မိုးထက်ဘေးသို့ ထိုင်လိုက်ပြီး ကော်ဖီတစ်ခွက်မှာလိုက်သည်။

လေတချွန်ချွန်နှင့် အူမြူးနေသော နေမင်းဦးကို ကြည့်ကာ ...

"ဘာဖြစ်နေတာလဲ ငြိမ်ငြိမ်နေစမ်းပါကွာ ... "

"မိန်းမတွေများနော် ... နှာခေါင်းမရှိရင် ချီးစားမယ်ဆိုတာ မှန်တယ် အခု နှာခေါင်းရှိရက်နဲ့တောင် စားချင်နေတာ ... တကယ်ပဲ ဆိုင်သူရှိလဲ အတင်းဝင်လုတော့တာပဲ ... တကယ်ပဲ စိတ်ကုန်ဖို့ကောင်းတယ် ... မြင်နေတွေ့နေရတော့လဲ မပြောလဲမနေနိုင်ဘူးကွာ ... ငါ့ပါးစပ်ကို ရွှံ့နဲ့ပိတ်မယ်ဆိုရင်တောင် ငါ့မျက်လုံးကိုတော့ မင်း ရွေချသင့်တယ် ... "

မိုးထက်က နေမင်းဦးကို နားမလည်စွာကြည့်သည်။

နေမင်းဦးကတော့ လာချပေးသော ကော်ဖီကို ဖောက်ကာ ဖျော်လိုက်ပြီး မိုးထက်ကို ကြည့်ရင်းပြုံးသည်။

"မင်း ဘာတွေပြောနေတာလဲ နေမင်းဦး ... ဘာကို ငါက ရွေချပေးရမှာလဲ ... မင်း နေတော့ကောင်းပါတယ်နော်"

"နေကတော့ ကောင်းတယ် ... စိတ်ထဲတော့ မင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မကောင်းဘူး ... "

"ဘာလဲကွာ ... ပြောမဲ့အရေး ကမ္ဘာပတ်နေသေး ... "

"စိတ်နိုင်ရဲ့လား ... "

"ဘာလဲ ... "

"ငါပြောမဲ့ စကားကြားရင် မင်းစိတ်မနိုင်မှာစိုးလို့ ... "

"ဘာလဲ ပြောကွာ ... "

"မင်း မေနဲ့အဆောင်မှာ အတူတူနေတဲ့ အစ်မကြီးကို သိတယ် မဟုတ်လား ... ငါတောင် လိုက်ခိုင်းသေးတယ်လေ"

"အဲဒါ ဘာဖြစ်လဲ ... "

"ဘာဖြစ်ရမှာလဲ ရေးရေစက်က သံသရာလည်သလိုပဲ သူက ရှိန်းရဲ့ချစ်သူဖြစ်နေတယ် ... အခု ပြန်ဆက်ကြတော့မလို့လား မသိဘူး ... ဟိုတစ်ယောက်တော့ ယောင်တောင်တောင်နဲ့ ကျန်ခဲ့မှာ မြင်ယောင်သေး ... ဟာ ဟ"

နေမင်းဦးက ရယ်ရင်းပြောလိုက်သည်။

မိုးထက် မျက်မှောင်ကြုတ် စဉ်းစားပြီးမှ ...

"သေချာလား နေမင်းဦး ... "

"သေချာလို့ ငါ့မျက်လုံးကို ရွှေချခိုင်းတာပေါ့ ... ဟာ"

"ဟုတ်ကောင်း ... ဘယ်လဲ"





နေမင်းဦးကို ထားခဲ့ပြီး မိုးထက် ကဲန်တင်းထဲမှ ထွက်လာခဲ့သည်။

မေအသည်းကွဲမှာ စိုးရိမ်သည်။

မေ့ကိုတွေ့ပြီး ဖွင့်ပြောဖို့အတွက် ခြေလှမ်းကျဲကျဲလှမ်းကာ လာမိသည်။

မေ့အခန်းရှေ့ အရောက်တွင် စာသင်နေသဖြင့် အပြင်မှ ရပ်စောင့်နေသည်။

အတန်းထဲမှ ကျောင်းသူတစ်ယောက်က မေ့ကို လက်တို့လိုက်သဖြင့် မျက်စောင်းထိုးကာ စာဆက်ရေးသည်။

ဆရာမထွက်သွားသည်နှင့် ကျောင်းသူတချို့ ကျောင်းသားတချို့ အတန်းဆင်းသွားသည်။

မေကတော့ အတန်းထဲမှ မထွက်ဘဲ ထိုင်မြဲထိုင်နေသဖြင့် မိုးထက် အတန်းထဲဝင်ကာ မေ့လက်ကိုဆွဲပြီး ခေါ်ထုတ်လာလိုက်သည်။

"မိုးထက် နင် ဘာလုပ်တာလဲ ... "

" ... "

"ငါ့လက်ကိုလွှတ် ... "

မေ့လက်ကို မိုးထက် လွှတ်ပေးလိုက်ပြီး မေ့ကိုကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာလဲ ... ဟိုကောင့်ကို ပါးရိုက်လိုက်လို့ ကလဲ့စားလာချေတာလား"

"ငါ အခု မင်းဆီလာတာ သူ့ကိစ္စနဲ့မဟုတ်ဘူး ... မင်းကိစ္စနဲ့"

"ဘာလဲ ... နင်နဲ့ငါ့မှာ ရှင်းစရာကိစ္စမှ မရှိတော့ဘဲ ... "

"မင်း အခု ကြိုက်နေတဲ့လူက ဘယ်သူလဲဆိုတာလဲ ငါသိတယ်"

"အဲဒါ ဘာဖြစ်လဲ ... "

"သူ့မှာ ချစ်သူရှိတယ်လေ ... မင်း ဝင်လုစရာလား"

"သူ့ချစ်သူနဲ့ကပြတ်သွားပြီ ... နင် ဘာမှဝင်ပြောမနေနဲ့"

"ပြန်ဆက်နေလို့ မင်းကိုငါ တကူးတကနဲ့ သိက္ခာအကျခံပြီး လာပြောတာပေါ့ ... ကိုယ့်ချစ်သူနောက်ဘဲထားတာ မင်းသိက္ခာကျမှာစိုးလို့ ငါ့သိက္ခာနဲ့ ရင်းပြီးတားနေရတာ ... "

"အပိုတွေ လာပြောမနေနဲ့ ... သူ့မှာ လက်ရှိချစ်သူ ရှိနေလဲ ဘာဖြစ်လဲ မိန်းမရှိတာမှ မဟုတ်တာ ... နောက်ပြီး နင်ဝင်ပြောနေရအောင်လဲ နင်နဲ့ငါနဲ့က ဘာမှမဆိုင်တော့ဘူး ... ငါ့ကိစ္စငါနိုင်တယ်"

"စကားတလုံးနဲ့တစ်လုံးက ရှေ့နောက်မညီရင် အဓိပ္ပါယ်နှစ်မျိုးထွက်တတ်တာ ... သတိထား ... ဘယ်တော့မှ စကားကို





ကုန်အောင်မပြောနဲ့ မေ ... မင်းနောက်တစ်ခါဆိုတဲ့ အခွင့်အရေးကို ရတော့မှာ မဟုတ်ဘူး မေ ... ဒါ ငါ့ရဲ့နောက်ဆုံးသော နှုတ်ထွက်စကားပဲ ... "

မိုးထက်က မေ့ကို ရူးစိုက်စွာကြည့်ပြီး လှည့်ထွက်သွားသည်။

မေတစ်ယောက်ထဲ အတွေးတွေနဲ့ ပတ်ချာလည်ကာကျန်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၄)

**တော်ဝင်ပန်း အမျိုးသမီးဆောင်**

"မမဖြူ ... မေတော့ မှားပြီထင်တယ်"

"ဘာလဲ ... ရေဗက္ကာဝင်းလို ချစ်မိတာမှားပြီလား"

"အကောင်းပြောနေတာ မနောက်နဲ့ ... "

"စတာပါ ကဲပြော ဘာမှားတာလဲ ... "

"သူ့မှာ ရည်းစားဟောင်းရှိတယ်လေ ... "

"အင်း ... အဲဒါ မေပြောလို့ အစောကြီးထဲက သိသားပဲ"

"ခု သူ့ရည်းစားဟောင်းနဲ့ ပြန်ဆက်မလို့တဲ့"

"သူပြောတာလား ... "

"သူပြောရအောင် မေနဲ့မှစကားမပြောဘဲ ဒီနေ့ မိုးထက်က ဘယ်ကဘယ်လို သတင်းကြားလို့လဲ မသိဘူး ... လာပြောလို့"





"သူ့ကို တိုက်ရိုက်မေးကြည့်ပါလား"

"မေးရဲပါဘူး ... "

"ဒါကျတော့ မမေးရဲတော့ဘူး"

"ရည်းစားဟောင်းကလဲ ဘာလို့ အသစ်မရှာဘဲ ပြန်လာချိတ် ရတာလဲ မသိဘူး ... ကိုယ့်ဟာကို အသစ်ရှာပါတော့လား"

"ဩော် ... အဟောင်းကြိုက်မို့လို့ နေမှာပေါ့"

"မမဖြူရော အဟောင်းကြိုက်ပဲလား ပြန်ဆက်ပါလား"

"ဘာလုပ်တော့မှာလဲ မေရယ် ... သူကလဲ တွေးပြီးသား တံတွေးပြန်မြိုချတတ်တဲ့ သူမှ မဟုတ်ဘဲ တော်ကြာ ဖြူ့ကို တောင်း စုတ်ပလုံးစုတ်လို သဘောထားပြီး ကန်ပစ်လိုက်ပါဦးမယ် ... ဒီနေ့ တောင် စကားပြောဖြစ်သေးတယ် သူပြောတဲ့စကားတခွန်းကို ပြန်ပြောလိုက်တော့ ဖြူ့ကို သူက အမှတ်သည်းခြေကြီးတယ်တဲ့"

"ဟ ဟ ... ဒီလိုပဲ ဖြစ်ရမှာပေါ့ မိန်းမပဲဟာ ... "

"မိန်းမပဲ လုပ်မနေနဲ့ ကိုရီးယားကားလာနေပြီ လာသွား ကြည့်မယ် ... "



www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးကွင်း

"ရှိန်း ... "

"ဟင် ... မေ"

"ထင်တဲ့အတိုင်း ဒီမှာရှိသားပဲ ... "

"ပျင်းလို့လာထိုင်နေတာ ... "

"လွမ်းလို့ မဟုတ်ဘူးလား"

"ဘယ်သူ့ကို ကိုယ်ကလွမ်းရမှာလဲ"

"ရည်းစားဟောင်းကိုပေါ့ ... "

"အာ ... သူ့ဟာနဲ့သူတောင် ဘဲရနေပြီလားမသိဘူး"

"အဲဒီဘဲက ရှိန်းမဟုတ်ဘူးလား"

"မဟုတ်ပါဘူး ... ဘာတွေလာပြောနေတာလဲ မေ"

"သတင်းတွေကြားလို့ ... "

"ဘာသတင်းလဲ ... "

"ရှိန်း အဆက်ဟောင်းနဲ့ ပြန်ဆက်မလို့ဆို ဆက်လို့ကတော့ ဝုန်းဒိုင်းကြဲပလိုက်မှာနော် ... "

"အာ ... မလုပ်ပါနဲ့ မမလေးရယ် ... သတင်းမှားတွေပါ ကိုယ့်ဟာကိုယ်တောင် လွတ်လွတ်လပ်လပ်နေရတာ မဝသေးဘူး"





"တကယ်လား အဲဒီသတင်းက တကယ်မဟုတ်ဘူးပေါ့"

"အတည် တကယ်ကို မဟုတ်တာပါ မမလေးရယ် ... "

"အပီး ... "

"အင်း ... ရုပ်က ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့"

"စုပ်မလား ... "

"ဘာစုပ်ရမှာလဲ ... "

"Lollipop လေ ... "

"စုပ်ဖူး ကလေးစားတာတွေ ... "

"မစားနေပေါ့ ... မေးစရာရှိတယ် ဉာဏ်စမ်း ... "

"လာပြန်ပြီ အရင်ဟာတွေတောင် မသိတာ ... "

"ဒီတစ်ခါ လွယ်လွယ်လေး ... "

"မလောင်းတော့ဘူးလား ... "

"ဟင့်အင်း ... "

"ဒါဖြင့် ပြော ... "

"တစ်ခါက ချစ်တယ်နဲ့ မချစ်ဘူးဆိုတဲ့ စုံတွဲရှိကြတယ် ... တစ်နေ့ကျ မချစ်ဘူးက သေသွားတော့ ဘယ်သူကျန်လဲ ... "

" ... "

"ဖြေလေ ... လွယ်လွယ်လေးကို ... "



www.burmeseclassic.com

www.burmeseclassic.com



"မချစ်ဘူးရဲ့ ရည်းစားကျန်ခဲ့တယ် …"

"ဟာကွာ …"

"မှားလို့လား …"

"တော်ပြီ … ခေါ်တော့ဘူး"

"ဟာ … အဲလို မလုပ်ရဘူးလေ … စိတ်မဆိုးနဲ့ ကဗျာတစ်ပုဒ်ရွတ်ပြမယ် …"

" … "

"မင်းမျက်ဝန်းထဲက မျက်ရည်ဟာ ကိုယ်ဖြစ်ခဲ့မယ်ဆိုရင် မင်းပါးပြင်ကို ထိတွေ့ခွင့်ရတဲ့အတွက် ကိုယ်ကျေနပ်တယ် … ကိုယ့်မျက်ဝန်းထဲက မျက်ရည်သာ မင်းဖြစ်ခဲ့မယ်ဆိုရင် ကိုယ် ဒီတစ်သက် မျက်ရည် မကျတော့ဘူး မင်းကိုဆုံးရှုံးရမှာကြောက်လို့ …"

"ဘယ်သူရေးတာလဲ …"

"ဘယ်သူရေးလဲတော့ မသိဘူး …"

"ဟွန့် … ရေးတဲ့သူကလဲ ကြံကြံဖန်ဖန် မျက်ချေးသာဖြစ်ကြည့်ပါလား … မေဆို ကလော်ထုပ်ပလိုက်မှာ … ရှာရှာပေါက်ပေါက် …"

"ပေါက်ပေါက်ရှာရှာပါ …"

"အတူတူပဲ … ရှိန်းက အဲလိုကဗျာတွေ ဖတ်တာဝါသနာပါ





လို့လား …"

"ဝါသနာပါလွန်းလို့တော့ မဟုတ်ပါဘူး … ဒီလိုပဲ ကဗျာတစ်ခုကို သွားသတိရလို့ မေ့ကိုပြောပြတာ … ဘာရယ်မဟုတ်ပါဘူး …"

"မေက ကဗျာတွေ ဘာတွေမဖတ်တတ်ဘူး … ဖတ်ပြီးရင်လည်း နားမလည်ဘူး … တွေးမှ မတွေးတတ်ဘဲ …"

"ကိုယ်ပြောပြမယ် … ဘာပဲလုပ်လုပ်" … ဘာပဲတွေးတွေး ဘာကြောင့်ဆိုတာကို မတွေးပဲ ဘာဖြစ်လို့လဲဆိုတာကို အရင်တွေးရတယ် မမလေးရဲ့ …"

"အဲဒီ့ စကားကြီး ကြားဖူးသလိုပဲ …"

"ကြားဖူးရင် ရူးပြီးဘုရားကပ်လိုက်"

"အာ …"

"လာ … ဒီနေ့ မေအရင်ကိုယ့်ကို လာစကားပြောတဲ့အတွက် မုန့်ဝယ်ကျွေးရမယ်"

"အမယ် သနားလို့ လာခေါ်တာကိုများ …"

"ဟာ … ဟ …"



www.burmeseclassic.com

www.burmeseclassic.com



"မမဖြူ ... "

"အမလေး ... "

"ဟား ... ဟား ... ဟား"

"လန့်လိုက်တာ ကောင်မလေးရယ် ... "

"ဘာတွေ စိတ်ကူးယဉ်နေလို့လဲ အဟီး ... "

"မယဉ်ပါဘူး ... အမယ် အူမြူးနေပုံထောက်ရင် ပျော်နေပုံပဲ ... "

"ပျော်တာပေါ့ ... သူနဲ့ စကားပြန်ပြောပြီလေ ... "

"ဟုတ်လား ... မေ အရင်ခေါ်တာလား"

"သူက အရင်ခေါ်မလား မမဖြူရဲ့ မေပဲ အလျှော့ပေးရတာပေါ့ ... "

"ကော်ာင်းတာပေါ့ ... "

"ဒီနေ့လေ ... မေ့ကို သူက ကဗျာတစ်ပုဒ်ရွတ်ပြတယ်သိလား ...

အဲဒီကဗျာက ဘယ်သူရေးထားမှန်းတော့ မသိဘူးတဲ့ ... သူပြောတဲ့ အဓိပ္ပါယ်ကို မေလဲ မသိဘူး ... မမဖြူရော သိလား"





"မေမှ မပြောရသေးဘဲ ဖြူ ဘယ်လိုလုပ်သိမတုန်း ... "

"ဩော် ... ဟုတ်သား ... ပြောပြမယ် မင်းမျက်ဝန်းထဲက မျက်ရည်က ကိုဖြစ်ခဲ့မယ်ဆိုရင် မင်းပါးပြင်ကို ထိတွေ့ခွင့်ရတဲ့အတွက် ကိုယ်ကျေနပ်တယ်တဲ့ ... ကိုယ့်မျက်ဝန်းထဲက မျက်ရည်က မင်းဖြစ်ခဲ့မယ်ဆိုရင် ... ဘာတဲ့ ... နေပါဦး ... မေ့တောင်မေ့နေပြီ ... "

"ကိုယ် တစ်သက်လုံး မျက်ရည်မကျတော့ဘူး မင်းကိုဆုံးရှုံးရမှာကြောက်လို့ ... "

"ဟင် ... မမဖြူလဲ သိနေတယ် ဟုတ်လား"

" ... "

"ပြောပြ အဲဒီအဓိပ္ပါယ်က ဘာလဲဟင်"

"သူသာ အနစ်နာခံမယ် မေ့ကိုအဆုံးရှုံးမခံဘူးတဲ့"

"တကယ် ... ဟ ဟ ... ပျော်လိုက်တာ"

"အဲလောက်တောင်ပဲ ချစ်လား မေ ... "

"မမဖြူကလဲ ... မသိတာကျနေတာပဲ သူက မေ့အတွက် ၁၀၀%ပါဆို ... ဒါနဲ့ မမဖြူက ဘယ်လိုသိနေတာလဲ"

"ဩော် ... သူငယ်ချင်းတစ်ယောက် ပြောပြလို့သိတာ"

"ဟုတ်လား ... "



www.burmeseclassic.com

www.burmeseclassic.com



စံပယ်ဖြူ လိမ်ပြောလိုက်မှန်း မေ မသိ ...

မေချစ်နေတာ တခြားလူမဟုတ်ဘဲ ရှိန်းဖြစ်နေရတာလဲ။

မစဉ်းစားတတ်တော့ ...

မေ ပျော်နေတာကြည့်ပြီး ပြောမထွက်ခဲ့ပါ ...

ကိုယ်က ပိုင်ဆိုင်ခွင့်ရခဲ့ ပြီးပါပြီ ...

ဒီလောက်နဲ့ပဲ ကျေနပ်ရမှာပေါ့ မေရယ် ...

ပါရမီဖြည့်တယ်ဆိုတာကလည်း ကျေနပ်စရာတစ်မျိုးပါပဲလား ... လို့ ... ။

အခန်း (၁၅)

**အနောက်ကန်တင်း**

မေတစ်ယောက်ထဲ ကျောင်းထဲဝင်လာသည်။

စံပယ်ဖြူ အတန်းမတက်သဖြင့် ကန်တင်းသို့ လျှောက်လာခဲ့သည်။

တစ်ဘက်လမ်းမှ မိုးထက်နှင့်နေမင်းဦး သူတို့ဘေးမှ အရင်တစ်ခါ မေတွေ့ခဲ့ ဖူးသည့် ကောင်မလေး ...

နေမင်းဦး မျက်နှာကပြုံးဖြီးကာနေသည်။

မိုးထက်ကတော့ ခပ်တည်တည်ပင် ...

မေ ကန်တင်းထဲ မဝင်တော့ဘဲ သူတို့ဘေးမှ ခပ်တည်တည် လျှောက်လာသဖြင့် ...

နေမင်းဦးက ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မေ ဘယ်သွားမလို့လဲ"

မိုးထက်က နေမင်းဦးကို ကြည့်ရင်းကြောင်သွားသည်။

မေက နေမင်းဦးကို မဲ့ပြုံးပြုံးရင်း ကြည့်သည်။

သူတို့အထာနဲ့သူတို့ ရန်ဖြစ်နေပြီဟု မိုးထက်သိသည်။

နေမင်းဦးက ...

"မိတ်ဆက်ပေးမလို့ ... နင် ထင်သလို ငါက အဖြစ်မရှိတဲ့ကောင် မဟုတ်ပါဘူး ... ဒါ မိုမိချိုတဲ့ First year chemistry Queen လေ ... မိုမို ဒါ Second year E မေဂျာက Queen မေတဲ့ ... မေ ငါချိတ်ပေးလိုက်လို့ မိုမိုနဲ့ မိုးထက်တို့ ဒီနေ့ပဲချစ်သူဖြစ်သွားကြတာ တွေ့တယ် မဟုတ်လား ... ငါက နင်ထင်သလို ဗလာတော့မဟုတ်ဘူး ... 'ဇ' ရှိတယ်"

မေက တစ်ချက်ပြုံးလိုက်ပြီး မိုးထက်ကိုကြည့်ကာ ...

"အောင်သွယ်တော်ဆိုတာ ကလိမ်ကျတတ်တဲ့ လူတွေလဲ လုပ်လို့ရသားနော် ... သတိပေးတာတော့ မဟုတ်ပါဘူး မိုးထက် ဒါပေမဲ့ ဒီပုတ်ထဲကပဲကလဲ ဒီပုတ်ထဲကဒီပဲ ပဲဆိုတာ မေ့နေမှာစိုးလို့ အဟင်း ... သွားပြီနော်"

မေက ရယ်ရင်း နေမင်းဦးကို မျက်စောင်းထိုးကာ ထွက်သွားသည်။





ခြေလှမ်း သုံးလှမ်းအလှမ်းတွင် နေမင်းဦးက မေ့လက်ကို ဆွဲကာ ...

"ဒီပုတ်ထဲက ဒီပဲဆိုပေမဲ့ ငါက ငါ့သူငယ်ချင်းကောင်းစားဖို့အတွက် စတေးထားတာ ... မင်းလို ကိုယ်တိုင် ကောင်းစားဖို့အတွက်နဲ့ သူငယ်ချင်းကို မစတေးဘူး ... "

"နေမင်းဦး တော်တော့ကွာ ရန်မဖြစ်နဲ့ ... မေ သွားတော့"

"နေမင်းဦး ... နင် ဘာပြောလိုက်တယ် ... ငါက ဘယ်သူ့ကို ဘာလုပ်နေလို့လဲ ပြောပါဦး ... "

"ဟွန့် ... နင်လဲ ဟန်ဆောင်ကောင်းသားပဲ ... ဒီမှာ နင်သိအောင် တစ်ခါထဲပြောလိုက်မယ် ... နင်နဲ့အတူ အဆောင်မှာနေတဲ့ အစ်မက ... "

"နေမင်းဦး တော်ပါတော့ဆိုကွာ ... လာ မပြောနဲ့တော့"

"တောက် ... "

မိုးထက် ဆွဲခေါ်သွားသဖြင့် နေမင်းဦးက တောက်ခေါက်ကာ လှည့်ထွက်သွားသည်။

မေကတော့ နေမင်းဦးပြောတဲ့စကား ကို နားမလည်စွာဖြင့် ကျန်နေခဲ့သည်။

မမဖြူကိုပြောတာလား သူနဲ့ ဘာဆိုင်လို့လဲ ... ငါက



www.burmeseclassic.com

www.burmeseclassic.com



မမဖြူကို ဘာလုပ်မိလို့လဲ ...

"ဟိတ် ... နေပူစာလှုံနေတာလား ... "

"ရှိန်း ... "

"အဆက်ဟောင်းထင်တယ် ... "

"ရှင် ... "

"ခုနကလေ ... "

"ဟင်း ... ရန်ဖြစ်နေတာ တွေ့ရက်သားနဲ့ ဘာလို့လာမကျူညီရတာလဲ"

"မေတို့ ပြဿနာထဲ ကိုယ်မပါချင်လို့ပေါ့ ... "

"ခေါင်းရှောင်ကြီး ... "

"ဟာ ... ခွေးမလေး"

"ရှိန်းနော် ... "

"မကိုက်ပါနဲ့ မကိုက်ပါနဲ့ ... ချက်မှာ ဆေးထိုးခံရမှာကြောက်လို့ပါ ... "

"ဟာ ... တကယ်ကိုက်ပလိုက်ဦးမယ်"

"လာ ... ထီးအောက်ထဲဝင် နေကပူရတဲ့အထဲ အသားကဖြူတယ်ဆိုတော့ ... နေပူထဲရပ်နေသေးတယ်"

"ရှိန်းထက်တော့ ဖြူတယ်နော် ... "





"ဖြူမှပဲလေ ... နို့မို့ဆို နီဂရိုးစုံတွဲရောက်လာနေပြီလို့ အပြောခံနေရဦးမယ် ... "

"အဟိ ... နောက်ဆို နှစ်ယောက်ထဲတွဲဖို့ အစီအစဉ်ရှိတယ်ပေါ့နော် ... "

"အား ... ဗိုက်ဆာတယ်ကွာ ... "

"ဟွန်း ... ဆာ ဆာနိုင်လွန်းတယ် ... စုဇကာပုဏ္ဏားတောင် သူ့လောက်မဆာဘူး ... "

"ဝယ်ကျွေးမှာလား ... "

"အလကား စားလို့ရတဲ့ဟာရှိတယ် ... စားမလား ကျွေးမယ်လေ ... "

"ဘာလဲဟင် ... "

"လက်သီးလေ ... "

"ဟာ ... ဟ ... နေပါတော့ ... ချက်ချင်းလက်ငင်းကို ဗိုက်ပြည့်သွားပြီ ... "



www.burmeseclassic.com

www.burmeseclassic.com



ဘူတာ

"မိုးထက် မင်းဘာလို့ ဝင်ဆွဲရတာလဲ … "

"မေ့ကို မသိစေချင်ဘူး နေမင်းဦး … "

"ဘာအတွက်လဲ ငါ့ကို အကြောင်းပြချက်ပြောစမ်းပါ"

" … "

"ဘာ … အတွက်လဲ"

"မေ မျက်ရည်ကျမှာ ငါမမြင်ချင်ဘူး … "

"မင်း … ရူးနေတာပဲ မိုးထက် … "

"ပြောချင်တာ ပြောတော့ကွာ … "

"မင်း အဲဒီလောက်ကြွေနေလဲ အစထဲက သူ့ကိုရွေးလိုက်ပါလား … ဘာလို့ စိတ်အညစ်ခံပြီး ငါနဲ့လာတွဲနေလဲ … "

"အဲလိုတော့ မပြောပါနဲ့ကွာ … "

"ပြောရမယ် မိုးထက် … ငါ မင်းကို ဒီလိုပုံစံမမြင်ချင်လို့ မိုမိုနဲ့ချိတ်ပေးတာ … "

"ငါ နားလည်ပါတယ်"

"အေး … မင်းနားလည်တာက ငါ့တင်မဟုတ်ဘူး သူ့ကိုပါ နားလည်နေလို့ ခက်နေတာ … "





"နေမင်းဦး … အားလုံးက သူ့ဟာနဲ့သူပြီးနေပြီပဲ ဘာလို့ပြန်ပြီး အစဆွဲထုတ်နေတော့မှာလဲ … "

"အေးလေ … မင်းကတော့ သူ့ကို ချစ်နေတဲ့လူပဲပြောအားရှိမှာပေါ့ … အစဆွဲထုတ်ခဲ့တာ ဘယ်သူလဲ မင်းသိလား … "

"တော်တော့ နေမင်းဦးရာ … "

နေမင်းဦးက မိုးထက်ကို ကြည့်ပြီး စိတ်မကောင်းစွာထွက်လာခဲ့သည်။

မိုးက ရုတ်တရက် ရွာချလိုက်သဖြင့် ကျောင်းသားများ လူစုကွဲကာ ရှင်းသွားသည်။

နေမင်းဦး အဆောင်(၁)ထဲသို့ ပြေးဝင်ကာ မိုးခိုလိုက်သည်။

ဖိနပ်သံတဒေါက်ဒေါက်က အသံပိုကျယ်လာသဖြင့် လှည့်ကြည့်လိုက်တော့ …

မေ …

မေက နေမင်းဦးကိုကြည့်ကာ …

"ခုနက နင့်စကား မဆုံးသေးမှန်း ငါသိတယ် … "

"ဘာမှ မဟုတ်ဘူး … "

"ပြောစမ်းပါ … "



www.burmeseclassic.com

www.burmeseclassic.com



“ငါ မင်းနဲ့စကားမပြောချင်ဘူး ...”

“ငါကရော နင်နဲ့ပြောချင်လွန်းလို့ ဒီလာတယ်ထင်နေလား မမဖြူနဲ့ နင်နဲ့ ဘယ်လိုပတ်သက်လဲ ...”

“ဘယ်က မမဖြူလဲ မသိဘူး ...”

“ငါနဲ့ အဆောင်မှာ တူတူနေတာ မမဖြူပေါ့ ...”

“ဩော် ...”

“ပြောလေ ... ဘယ်လိုပတ်သက်လဲ ...”

“ရည်းစားဟောင်းတွေ ...”

“ဘာ ...”

“ငါနဲ့တော့ မဟုတ်ဘူး ... သင်္ချာမေဂျာက နင်ကြိတ်ခိုက်နေတဲ့ ရှိန်းနဲ့ ...”

“ဘာ ... နင် ဘာပြောတာလဲ”

“ငါပြောတာ မင်းမရှင်းဘူးလား ... မင်း မမဖြူဆိုတာ မင်း ကြိုက်နေတဲ့ ရှိန်းရဲ့ရည်းစားဟောင်း ...”

မေ ...

နေမင်းဦးစကားကို ကြားကြားချင်း မယုံနိုင်ဖြစ်သွားသည်။ အဆောင်ထဲမှ ပြေးထွက်ကာ ကျောင်းပြင်သို့ မိုးရွာထဲ ပြေး





လာခဲ့သည်။

“ဒုန်း ...”

အခန်းတံခါးကို ဆောင့်ဖွင့်လိုက်သဖြင့် ပွင့်သွားသည်။

စံပယ်ဖြူလန့်ကာ ခုတင်ပေါ် ငုတ်တုတ်ထိုင်လိုက်ပြီး ...

“လန့်လိုက်တာ မေရယ် ... မိုးရေတွေ ရွှဲလို့ပါလား ... ထီး မပါလို့လား ... လွယ်အိတ်ကော အကျီအရင်သွားလဲ သွား ...”

“ရှိန်းနဲ့ ... ချစ်သူတွေဆို ...”

“မေ ...”

“ရှိန်းနဲ့ ချစ်သူတွေဆို ...”

မေအော်လိုက်သဖြင့် စံပယ်ဖြူလန့်သွားသည်။

မေက စံပယ်ဖြူ့ရှေ့ ဒူးထောက်ရက်သားဖြစ်သွားသည်။

“မမဖြူရော သိနေလား မေ ... မမဖြူရဲ့ချစ်သူကို ကြိုက်နေ န်းသိနေလား ...”

“ဖြူ ... မသိဘူး မေ”

“ဟင့်အင်း ... လိမ်တယ် ... မမဖြူသိတယ် ... သိတယ် ဟုတ်လား”

“ဖြူ ... မနေ့ကမှ သိတာပါ မေရယ်”



www.burmeseclassic.com

www.burmeseclassic.com



"သိသိချင်း ဘာလို့မပြောတာလဲ"

မေက တစ်ခေါင်းလုံးရွှဲနေသည့် ဆံပင်မှ ရေစီးနှင့်အတူ မျက်ရည်များကို သုတ်ပစ်လိုက်ပြီး ...

"မေ တောင်းပန်ပါတယ် မမဖြူ ... မမဖြူအရမ်းချစ်နေမိတဲ့ ရှိန်းကိုမှ မေက အတင်းဝင်လုသလို ဖြစ်သွားတယ် ... တောင်းပန်ပါတယ်နော် ... မမဖြူ"

"ဘယ်တတ်နိုင်မလဲ မေရယ် ... "

"မမဖြူ ... ရှိန်းနဲ့ ပြန်ဆက်လိုက်ပါနော်"

"ဟင့်အင်း ... ဖြူက တခါပိုင်ဆိုင်ဖူးသွားပြီပဲ ... မေ ပိုင်ဆိုင်ချင်တယ်ဆို ... ဖြူ့အတွက် တစ်ခါဆိုရင်ပဲ လုံလောက်ပါပြီ မေရယ် ... "

"ဟင့်အင်း ... ဟင့်အင်း ... မေ ရှိန်းကို မျက်နှာမပြရဲဘူး"

"မေနဲ့ ဖြူနဲ့ အဆောင်တစ်ခုထဲ တူတူနေတာ သူသိတယ် မေ ... သူ သိလို့လဲ မေ့ကို ကဗျာလေးရွတ်ပြတာပေါ့ ... အဲဒီကဗျာလေး မေ့ကို ပြောပြရင် မေက တစ်ဆင့်ဖြူ့ကို ပြန်ပြောပြမယ်ဆိုတာ သူသိတယ် ... တကယ်တော့ အဲဒီကဗျာကို ဖြူပြောပြခဲ့တာ ... ခုတော့ မေစိတ်ချပါ ... ရှိန်းက အမိပ္ပါယ်နဲ့ ပြောခဲ့တာ





သူသိမ်းထားမယ်ဆိုတဲ့ ဒီကဗျာကို ဖြူ့ကို မေနဲ့တဆင့် အပြီးပြန်ပေးလိုက်တာပဲ ... ဇာတ်လမ်းက ပြတ်ပါပြီ ... မငိုနဲ့တော့နော် မေ လာ အဝတ်အစားလဲ ... "

မေတွေးထားတယ်ဆိုတာ အဝတ်လဲဝတ်သလို လဲချင်တဲ့အချိန်မှာ လဲလို့မရတဲ့အရာဆိုပေမယ့်လည်း ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၆)

ဆောင်

"ရှိန်း စကားနည်းနည်းပြောချင်လို့ ... "

"ပြောလေ ... "

"ဘောလုံးကွင်းသွားရအောင်လား ... "

စံပယ်ဖြူက ရှေ့မှထွက်သွားသဖြင့် ရှိန်း အနောက်မှလိုက်လာလိုက်သည်။

"ဘာပြောမလို့လဲ ဖြူ ... "

"မေ့ အကြောင်းပြောချင်လို့ ... "

"ဖြူ ... သိသွားပြီလား"

"သူလဲ သိသွားပြီ ရှိန်း ... "

"ဟုတ်လား ... အဲဒါကြောင့် သူ့ကိုမတွေ့တာ တစ်ပတ်





လောက်ရှိပြီကိုး ... "

"မေ ဖျားနေတာနဲ့ အခုမှ နေပြန်ကောင်းခါစမို့ ဖြူက မတက်နိုင်းတာ ... "

"ဘာပြောမလို့လဲ ... "

"မေ့ကို လက်ခံလိုက်ပါ ... "

"ဘာလို့လဲ ... "

"မေက ရှိန်းကို တော်တော်ချစ်နေရှာတာ ... "

"ကိုယ့်မှာ နှလုံးသား မရှိတော့ဘူး ... "

"ဒါဆို ... သူ့နှလုံးသားကို လက်ခံလိုက်ပေါ့"

"အဲလို လုပ်မှ ဖြစ်မှာလား"

"သေချာ စဉ်းစားကြည့်ရင် ရှိန်းက တစ်ကိုယ်ကောင်းဆန်မနေဘူးလား ... "

"ဘာအတွက်နဲ့လဲ ... "

"ဖြူ့ကို ဖြတ်သွားပြီး မသိချင်ယောင်ဆောင်နေတယ် ... အခုလဲ မေ့အပေါ်မှာ မသိချင်ယောင်ဆောင်နေတာ အဲဒါ တကိုယ်ကောင်းမဆန်ဘူးလား ရှိန်း ... "

"ဖြူ ... မင်း ကိုယ့်အကြောင်းကို နားလည်ဆုံးပါ ကိုယ်လဲ မေ့ကို ဟင်း ... စကားတွေ ဒီမှာတင်ပဲ ရပ်လိုက်ကြရင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမယ် ထင်တယ် ... "

"ရှိန်းကို သတ္တိမရှိတဲ့လူလို့ ဖြူတစ်ခါမှ မမှဦးစားခဲ့မိဘူး ... ချစ်နေရက်နဲ့များ ဖွင့်မပြောတာ ... ဘာလဲ ခုခေတ်ယောကျ်ား မာယာလား ... အံ့ပုန်းအချစ်လို့ ပြောရအောင်လဲ မေက မပြောရင် ထားတော့ ခု မေဖွင့်ပြောတာတောင် မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာကို ငဲ့ပြီး မစဉ်းစားပေးဘူး ... "

"ဖြူ မင်းအခု ကိုယ်နဲ့မေ့ကို အောင်သွယ်လုပ်နေတာလား မင်းလို မိန်းမမျိုးတော့ရှားတယ် တကယ်ပဲ ... "

"ရှိန်း မချစ်ဘူးဆိုလဲ မချစ်ဘူးလို့ ပြောလိုက်ပေါ့ ဘာလို့ ကြိုးရှည်ရှည်နဲ့ လှန်ထားတာလဲ ... "

"ဖြူ ... ကိုယ့်ရင်ထဲမှာ မေနဲ့ပတ်သက်ပြီး ခံစားချက်တွေကို ဖြူ ... မင်း မသိဘူးနော် ... "

"ဒါဖြင့်လဲ ကိုယ်ချင်းစာပေးလိုက်ပေါ့ ... မေ့ကို သနားတာ အမှန်ပဲ ... "

"ကိုယ်လဲ သနားမိပါတယ် ... ဒါပေမဲ့"

"ဒီတစ်နှစ် Semester ပြီးရင် ဖြူလဲ အိမ်ကပေးစားတဲ့လူနဲ့ ယူရတော့မှာ ... ဒါကြောင့်မို့ ရှိန်းကို မေကလွဲရင် ဘယ်သူ့ကိုမှ မရစေချင်ဘူး ... မေခံစားနေရတာတွေကိုလဲ မတွေ့ချင်ဘူး ...





ရှိန်းကို မေ ဘယ်လောက်ချစ်သလဲဆိုတာ ဖြူအသိဆုံးပါ ရှိန်း ... နေမကောင်းတာကိုတောင် ရှိန်းနဲ့တွေ့ရင် မပြောဖို့ မှာထားတာ"

"ခု ... မေ ဘယ်မှာလဲ"

***

"မေ ... အိပ်နေတာလား"

"မမဖြူ ... ပြန်လာပြီလား"

"အင်း ... ရှိန်းအောက်မှာ ရောက်နေတယ် မေ ... "

"ဟင့်အင်း ... မေ မတွေ့ချင်ဘူး ... "

"ဘာဖြစ်လို့လဲ ညီမလေးရယ် ... ဖြူ့ကြောင့်လား"

"မဟုတ်ပါဘူး မမဖြူရယ် ... ဒီတိုင်းပဲ မတွေ့ချင်လို့"

"အဲလိုတော့ မလုပ်နဲ့လေ မေရယ် ... ထွက်တွေ့လိုက်ပါ"

"မမဖြူနဲ့ လမ်းမှာတွေ့တာလား ... "

"ဖြူ ခေါ်လာတာ ... "

"မမဖြူရယ် ... "

မေက စံပယ်ဖြူကို ဖက်ကာ မျက်ရည်ကျမိသည်။

စံပယ်ဖြူက သုတ်ပေးလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မေ့ကို ဝမ်းသာစရာပြောရဦးမယ် ... ကျန်ခဲ့တဲ့လက ဖြ အိမ်ပြန်တော့ ဒီနှစ် Semester ပြီးရင် အိမ်က စေ့စပ်တဲ့လူနဲ့ ယူ တော့မှာလေ ... အဲဒီတော့ ရှိန်းကို မေ့လက်ထဲမှာ စိတ်ချတယ် အပ်လိုက်ပြီနော် ... မေ"

"မမဖြူ ... "

"ပြောလေ ... "

"မမဖြူကို မေ အရမ်းချစ်တယ်"

"ဖြူလဲ ချစ်တာပေါ့ ... "

စံပယ်ဖြူက မေ့လက်ကိုဆွဲကာ အောက်ထပ်သို့ ဆင်းလာ သည်။

"မေက ရှက်နေလို့ မနည်းခေါ်လာရတယ် ... ရှိန်းလက်ထဲ မေ့ကို အပ်လိုက်ပြီနော် ... စိတ်ချမယ် ... ဖြူ ကော်ဖီသွားဖျော် လိုက်ဦးမယ် ... "

စံပယ်ဖြူ ရှောင်ထွက်သွားပေးမှန်း မေသိသည်။ ရှိန်းက မေ့နဖူးကို စမ်းကာ ...

"နေလဲ ကောင်းရဲ့သားနဲ့ ဘာလို့ ကျောင်းလာမတက်တာ လဲ အပျင်းမလေး ... "

"လူတစ်ယောက်ကို အပြင်ပန်းပဲကြည့်ပြီး ခွဲခြားလို့ရလား"





"မေက ဘာဖြစ်နေလို့လဲ"

"ရင်ထဲ မကောင်းဘူး ... ရင်ထဲမှာ တော်တော်ကို မကောင်းတာ ... "

"ဖြည်းဖြည်း ပြောပါမေရယ် ... ကိုယ် မျက်မှန်လဲ ကွဲသွား ပါဦးမယ် ... ကဲ ပြော ရင်ထဲမကောင်းရအောင် ရင်ပြည့်စာတွေ စားမိလို့လား ... "

"ဟွန်း ... အရည်မရ အဖက်မရှစကားတွေ လာပြောနေ တယ်"

"မပြောရဘူးလား ... "

"ပြောပါလား အကျိုးရှိမဲ့ စကား ... "

"ဘာစကားလဲ ... "

"တစ်ခုခု အဖတ်တင်မဲ့ စကားမျိုးပေါ့ ... "

"တစ်ခုခု အဖတ်တင်တဲ့ စကား ... ဘာစကားလဲ ကိုယ် နားမလည်ဘူး ... "

"ဝိန်းပဲ ... ဥပမာ ရည်းစားစကားလို ဟာမျိုးပေါ့"

"ဩော် ... ဟုတ်သား အဖတ်တင်တာပေါ့နော် ဟဲ ဟဲ"

"မျက်နှာလာမပြောင်နဲ့ ... စိတ်တိုနေတာ"

"ဘယ်သူ့ကိုလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုပေါ့ ..."

"သူဆိုတာ ..."

"မျက်မှန်နဲ့ လူကြီးပေါ့ ..."

"ကဲပါ ... အခု နေကောင်းတယ် မဟုတ်လား ... ကိုယ်နဲ့ လိုက်ခဲ့ ..."

"ဘယ်ကိုလဲ ..."

"ဘူတာကိုလေ ..."

"လမ်းလျှောက်ရမှာ ပျင်းတယ်"

"ချီသွားရမလား ကုန်းပိုးသွားရမလား ..."

"တကယ်လုပ်မှာ ကျနေတာပဲ"

"စတာပါ ... ဆိုင်ကယ်ပါတယ် လာ ..."

"ပြောလိုက်ဦးမယ်လေ ..."

"မပြောနဲ့တော့ ..."

ရှိန်းက မေ့လက်ကိုဆွဲကာ ဆိုင်ကယ်ပေါ်တက်ခိုင်းလိုက်သည်။

"သေချာဖက်ထားနော် ..."

"အင်း ... စဉ်းစားဦးမှ ဘယ်ကို ဖက်ရမှာလဲ ရှိန်း ..."

"မျက်စိကို ... မျက်စိကို ..."





"မျက်စိကို ဖက်မှတော့ ရှိန်း ဘယ်မြင်ရတော့မလဲ"

"ရွဲ့ပြောနေတာလေ ... ဖက်ပါတယ်ဆိုမှ ခါးကိုပြောတာပေါ့ မျက်စိကို ဖက်ခိုင်းမလား ... နှစ်ယောက်စလုံး မာလကီးယားသွားမှာပေါ့ ..."

"အဟီး ..."

ရှိန်းက ဆိုင်ကယ်ကို ခပ်ပြင်းပြင်းဖြင့် မောင်းသဖြင့် မေတစ်ယောက် ကြောက်အားလန့်အားနှင့် ခါးကိုဖက်ထားတော့သည်။

ဘူတာတွင် ကျောင်းဆင်းချိန်ကျော်သွားသည်မို့ လူရှင်းသည်။

ရှိန်းက ခုံတွင် ထိုင်လိုက်ပြီး ...

"ထိုင်လေ ... ကိုက်မစားပါဘူး"

"ကိုက်စားချင်လဲ ကိုက်စားပေါ့ အရိုးပါစုတ်လို့ရတယ်နော်"

"ဟုတ်မှာပါ မေ့ကိုကြည့်ရတာလဲ ငေါင်းစင်းလေး ... ကိုယ်တို့ အိမ်ရှေ့ ခြံစည်းရိုးလုပ်ထားတဲ့ ဝါးခြမ်းပြားလေးကျနေတာပဲ"

"ဟာ ... သူကျတော့ ဘာထူးလဲ သူများကျတော့ပြောနေတယ် ..."

"ကိုယ်က ဘာဖြစ်နေလို့လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဆင်းကိုးစီး စားမကုန်တဲ့ ခန္ဓာကိုယ်နဲ့ သတ္တိကဖြင့် တစက်လေးမှတောင် မရှိဘူး ..."

"ဘာလို့ သတ္တိမရှိရမှာလဲ ပြရမလား ပြလိုက်ရမလား"

"ဘာ ပြရမလားလဲ ရှိန်းနော် ..."

"သတ္တိပြရမလားလို့ ပြောတာ ... သူ ကြည့်ချင်တာပဲ လျှောက်တွေးနေတယ် ..."

"ဟာ ... သွား ... ခေါ်တော့ဘူး"

"ဘယ်ကိုသွားရမှာလဲ"

"သွားချင်တဲ့နေရာကိုသွား ..."

"အတင်းမောင်းထုတ်နေပါရောလား ... ဒီက ချစ်မလို့ဟာကို ..."

"ဘယ်သူ့ကို ချစ်မှာလဲ ..."

"ဒီမှာ ထိုင်နေတာ ဘယ်နှစ်ယောက်ရှိလို့လဲ"

"မေပါလို့ပြောရင် ဘာဖြစ်သွားမှာမို့လို့လဲ"

"သိရဲ့သားနဲ့ မေးနေတာကိုး ..."

"ကဲ ... ဟိုတစ်ခါ မေးထားတဲ့ အဖြေတွေရပြီလား"

"အား ... ဗိုက်ဆာတယ်"

"လာပြန်ပြီလား ..."





"အား ... ဆွဲဆိတ်တယ်ကြည့်စမ်း ... ဒီကောင်မလေးတော့ အပြစ်ပေးမှ ဖြစ်တော့မယ် လာ ... မျက်နှာတစ်ပြင်လုံး အနံ့နေရာလပ် မကျန် ဝုန်းဒိုင်းကြဲပလိုက်မယ် ..."

"နိုး ... နိုး ... ဟိုးထားဆရာ ပထမဦးဆုံး ပဟေဠိအဖြေက စပြော ..."

" ... "

"ဖြေလေ ... ဟား ဟား ... မသိဘူး မဟုတ်လား ... ဒါဆို ..."

"သိသားပဲ ... သိတာကြာလှပြီ ... မဖြေချင်လို့နေတာ"

"ဒါဆို ဖြေလေ မှန်မှန် ဒီက ဆရာမကြီးကိုယ်တိုင် ဆန်းစစ်မှာ ..."

"မဖြေလို့ မရဘူးလား မေရယ် ..."

"ဟာ ဟ ... သိတယ်ဆိုရင် ဖြေရဲရမှာပေါ့ ..."

မေက သူမေးခဲ့ဖူးသည့် ရည်ရွယ်ချက်ကိုမေ့ပြီး ရှိန်းဖြေနိုင်မဖြေနိုင်သိချင်စိတ်သာ ကြီးစိုးနေသည်။

"ဟုတ်ပြီနော် ... မေက ဇွတ်ဖြေခိုင်းတာနော်"

"ဟုတ်ပါတယ် ... မြန်မြန်ဖြေကွာ ဒီမှာသိချင်လှပြီ"

"ဒါဆို ဖြေပြီ ... နံပါတ် (၁)အဖြေက 'အောင်ထူး'တဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေးလှည့်ကို ပြောင်းပြန်လှည့်တာပဲလေ ... ပဲ့လေးတော့ ဦးထောင်တယ် ... ဦးထောင်ရဲ့ပြောင်းပြန်က အောင်ထူးပေါ့ ... ဟုတ်တယ်ဟုတ် ... "

မေ မျက်နှာ အနည်းငယ်ပျက်သွားပြီး စူအောင့်အောင့်အသံထွက်လာသည်။

"ဟုတ်တယ် ... "

"နံပါတ် (၂) အဖြေက "အရပ်ပုလို့" နံပါတ် (၃)က အဖြေက သူဌေးကြီးလုပ်ရပ်မှန်တာပေါ့ ... နှစ်ခုလုံး Child Play လွယ်လွယ်လွယ်လေးတွေပဲဟာ ... မှန်ပါတယ်နော် ... "

မေ၏ မျက်နှာပို၍ ပို၍ ပျက်သွားကာ အသံမထွက်လာနိုင်တော့ ခေါင်းသာညိတ်ပြရှာသည်။

ရှိန်းက မေ့မျက်နှာကို စေ့စေ့ကြည့်ရင်း လက်ဝါးနှစ်ဘက်ကို ဟန်ပါပါပွတ်ကာ ...

"ကဲ ... အဖြေတွေအားလုံး မှန်အောင် ဖြေနိုင်တယ်ဆိုတော့ ... ဆိုတော့ကာ ... အဲ ... မမလေးရဲ့ ဆိုခဲ့ဖူးတဲ့ ကတိစကားအတိုင်း ... "

တစ်ခွန်းချင်းပြောနေသည့် ရှိန်း၏ မျက်နှာကို မေက မျက်ဝန်းရွှဲကြီးများနှင့် ကြည့်နေသည်။



ထိုမျက်ဝန်းတွင် တဖြည်းဖြည်း မျက်ရည်များ ရစ်ဝဲလာသည်မို့ ...

ရှိန်းက စကားကိုဆုံးအောင် ဆက်မပြော ...။

မေ့ကိုယ်လေးကို ဆတ်ခနဲ သူ့ရင်ခွင်ထဲဆွဲသွင်းကာ တင်းကြပ်စွာ ဖက်ထားလိုက်သည်။

မေက ရှိန်းရင်ခွင်တွင် မျက်နှာအပ်ရင်း ရှိုက်သံဗလုံးဗထွေးနှင့် ...

"သူ့ အစောကြီးကတည်းက သိနေရဲ့သားနဲ့ ဘာလို့မဖြေခဲ့တာလဲ ... "

"ဩော် ... ဒီကလေးမ မသိမသာနဲ့ပြန်ပြီ ကိုယ်အစောကြီးကတည်းက အဖြေမှန်ကို ပေးခဲ့ရင် ... "

မေက ရှိန်းရင်ခွင်ထဲမှပင် မျက်နှာကိုမော့ကြည့်ရင်း ...

"ဒါဆိုရင် ... သူ အစောကြီးကတည်းက မေ့ကိုချစ်နေခဲ့တာပေါ့ ... "

ရှိန်းက ပြုံးလျက် ခေါင်းညိတ်ပြရင်း မေ နဖူးကိုငုံ့နမ်းသည်။

မေ မျက်နှာလေး လုံးဝ ပြုံးသွားပြီး ရှိန်း၏ပါးတစ်ဘက်ကို ခိုးနမ်းလိုက်သည်။

"ခုဆို ... ဝုန်းဒိုင်းကြလို့ရပြီပေါ့"

ဗျိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မေက ရှက်ပြုံးလေးနှင့်ခေါင်းကို အကြိမ်ကြိမ်ညိတ်ပြသည်။

သူတို့ မျက်နှာနှစ်ခု ပူးကပ်သွားသည်မှာ တော်တော်နှင့် မခွာတော့ ... ။

ရှိန်းထံမှ တီးတိုးသံသဲ့သဲ့သာ ထွက်ပေါ်လာသည်။

"ချစ်လိုက်ရတာ မေရယ် ... "

ပရိသတ်အတွက်

သျှီး

www.burmeseclassic.com